The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (4-2-2015) (၈၁၀၆)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုင် သရီပါလ ဆီရိစီနာထံသို့လည်းကောင်း၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရာနေးလ် ဝစ်ခ်ရီမီဆင်းဟီထံသို့လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများသည် ဂေဟစနစ်မပျက်ယွင်းစေဘဲ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးချသည့် လုပ်ငန်းများဖြစ်ရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၃

စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ယခုကဲ့သို့ စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် စကားပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ပြည်တွင်းပြည်ပမှ အချိန်ပေးပြီး စိတ်အားထက်သန်စွာဖြင့် တက်ရောက်ဆွေးနွေးကြမည့် သိပ္ပံပညာရှင်များ၊ အတွေ့အကြုံဗဟုသုတကြွယ်ဝသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအားလုံးကို မြန်မာနိုင်ငံအစိုးရအနေဖြင့် ကျေးဇူးတင်ပါကြောင်း။

ယခုနှစ် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်တွင် အဓိကထားဆွေးနွေးမည့် အကြောင်းအရာများမှာ သဘာဝသယံဇာတများနှင့် လူမှုစီးပွားအခြေအနေများ၊ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် (Expanding Cooperation and Deepening Integration for Sustainable Natural Resources, Social and Economic Development) ဖြစ်ပါကြောင်း။

အတူတကွစုပေါင်းနေထိုင်ခြင်းဖြင့် စုပေါင်းလုပ်ကိုင်ခြင်း အလေ့အကျင့်ရှိမှုသည် အောင်မြင်မှုအတွက် ကြီးမားသည့် အင်အားတစ်ခုဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် မတူညီသော အပင်မျိုးစုံ စုပေါင်းပေါက်ရောက်နေသည့် သစ်တောတစ်ခုသည် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်၊ သစ်ပင်ရောဂါများ၊ အင်းဆက်များ၏ဖျက်ဆီးမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ပြီး အဆိုပါသစ်တောများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်ကိုလည်း အထောက်အပံ့ဖြစ်စေပါကြောင်း၊ ထိုနည်းတူစွာပင် စုပေါင်းလုပ်ကိုင်မှုအလေ့အကျင့်ရှိသည့် လူ့အဖွဲ့အစည်းတစ်ခုဖြစ်မှသာ ယနေ့ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ခေတ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများ၊ သဘာဝနှင့် လူ့ပယောဂကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များသည် ယခင်ကထက် ကြိမ်ဖန်များစွာနှင့် ပြင်းထန်စွာကျရောက်လျက်ရှိခြင်းကြောင့် စုပေါင်းရင်ဆိုင်ဖြေရှင်းကြရမည်ဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်းတစ်ခုတွင် မတူညီသည့် ယုံကြည်မှု၊ လူမျိုးစု၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍသည် အလွန်အရေးပါ။

မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းအရင်းအမြစ်ကြွယ်ဝပြီး နှစ်စဉ်ငါးတန်ချိန် တစ်သန်းကျော် ထုတ်လုပ်နိုင်

အရှေ့တောင်အာရှအတွင်းမှ လူဦးရေသန်း ၅၀၀ အတွက် ဝယ်လိုအားရှိနေ

ရန်ကုန် ဖေဖော်ဝါရီ ၃

နယ်သာလန်နိုင်ငံမှ ငါးလုပ်ငန်းပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများမစ်ရှင်အဖွဲ့သည် ရန်ကုန်မြို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး (MFF) ဘုရင့်နောင် (ကြို့ကုန်း) သို့ လာရောက်တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က နယ်သာလန်အစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဥရောပဈေးကွက်ချဲ့ထွင်ခြင်းအပါအဝင် မတူညီသည့် ဈေးကွက်ကွင်းဆက်များကို ကိုယ်စားပြုသည့် ကုမ္ပဏီများပါဝင်သည့်အတွက် နှစ်နိုင်ငံအကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုခု ရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုမစ်ရှင်တွင် Training အစီအစဉ်ပါဝင်သည့်အတွက်လည်း စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်နိုင်မည်ဖြစ်ပြီး ၂၀၁၂ ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေများ ရေးဆွဲပြီးနောက်ပိုင်း အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၁၅ ထူထောင်ရေးတွင် အပြန်အလှန် အကျိုးရှိစေမည်ဖြစ်ကာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

အဆိုပါ မစ်ရှင်အဖွဲ့၏ Duane Morris မှ ပတ်တနာ Oliver Massmann က ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

ကြေးမုံ စာတည်းရှေ့ထောင့် ၄-၂-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

ဆင်းရဲခြင်းလွတ်ကင်းအောင်

ကမ္ဘာတစ်ဝန်းတွင် နိုင်ငံဖွံ့ဖြိုးမှုအလိုက် ဆင်းရဲချမ်းသာကွာဟချက် အနည်းအများရှိသည်။ မဖွံ့ဖြိုးသေးသောနိုင်ငံတွင် ဆင်းရဲမှုနှုန်းမြင့်မားပြီး ဖွံ့ဖြိုးပြီးနိုင်ငံတွင် ဆင်းရဲမှုနှုန်းနည်းပါးသည်။ မဖွံ့ဖြိုးခြင်းအကြောင်းများရှိ၍ ဆင်းရဲခြင်းအကျိုးများဖြစ်လာသည်။

ဆင်းရဲရခြင်းအကြောင်းများထဲတွင် အလုပ်လက်မဲ့များခြင်း၊ အခြေခံစားကုန်ရှားပါးခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်း၊ ငွေကြေးဖောင်းပွခြင်း စသည့်အကြောင်းများမှာ ဆင်းရဲစေသော အကျိုးတရားများဖြစ်စေသည်။ ဆင်းရဲခြင်းသည် လူမှုဘဝကို ထိခိုက်မှုဖြစ်စေသည်။ ဆင်းရဲမှုနောက်ဆက်တွဲအကျိုးဆက်အဖြစ် နိုင်ငံကူးပြောင်းခြင်း၊ ဒုက္ခသည်များခြင်း၊ မသမာမှုနှင့် ဒုစရိုက်မှုကို ဖြစ်စေခြင်း၊ စီးပွားရေးတုံ့ဆိုင်းခြင်း၊ တန်းတူရည်တူအခွင့်အရေးမရခြင်း၊ ပညာရေး၊ ကျန်းမာရေးနိမ့်ကျခြင်း၊ အာဟာရမပြည့်ဝခြင်း၊ ဝင်ငွေ မလုံလောက်ခြင်း၊ လူ့စွမ်းရည်နည်းပါးခြင်း၊ စစ်မက်ဖြစ်ပွားခြင်းနှင့် သဘာဝဘေးကျရောက်ခြင်း စသည်တို့ပါဝင်သည်။

ယင်းအချက်များမှာ တစ်ကမ္ဘာလုံးနှင့် လွှမ်းခြုံထားခြင်းဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားမှုရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ဆင်းရဲစေခြင်းအကြောင်းတရားအချို့ ရှိခဲ့သည်မှန်သော်လည်း လက်ရှိကာလ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲဖော်ဆောင်နိုင်မှုများကြောင့် ဆင်းရဲမှုနှုန်းကျဆင်းလာပါသည်။ စစ်တမ်းများအရ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းမှာ မူလက ၃၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံလူဦးရေ၏ နှစ်သန်းခန့်သောပြည်သူတို့မှာ ဆင်းရဲခြင်းအကြောင်းတစ်ခု သို့မဟုတ် တစ်ခုမကကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုသည် နိုင်ငံအတွက် အလွန်အရေးကြီးသဖြင့် နိုင်ငံတော်အစိုးရက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များချမှတ်၍ အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ဆင်းရဲခြင်းကို ကုလသမဂ္ဂကလည်း ထောင်စုနှစ်ပန်းတိုင်တွင် ထည့်သွင်း၍ ဆောင်ရွက်နေသည်။ တစ်ကမ္ဘာလုံးလွှမ်းခြုံ၍ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်းထက်ဝက်လျှော့ချမည်ဟု မျှော်မှန်းဆောင်ရွက်ခဲ့ရာ ယခုသတ်မှတ်ကာလပြည့် ပြီးဖြစ်၍ မျှော်မှန်းချက်အတိုင်း ရောက်ရှိမှုအခြေအနေကို ပြန်လည်ဆန်းစစ်ကြပေလိမ့်မည်။

မြန်မာနိုင်ငံတွင် ထင်ရှားသည့်အပြောင်းအလဲများကြောင့် ဆင်းရဲမှုမှာ သိသာစွာလျော့ကျခဲ့ပါသည်။ မူလ ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ပြီး မကြာမီကာလတွင် မျှော်မှန်းထားသည့် ၁၆ ရာခိုင်နှုန်းသို့ ရောက်ရှိအောင် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်က နည်းပညာ၊ အရင်းအနှီး၊ အလုပ်အကိုင်အခွင့်အလမ်းများအား ဒေသအလိုက် ဖြန့်ကြက်ကူညီပံ့ပိုးပေးလျက်ရှိရာ ဒေသခံများအတွက် ထိရောက်သည့် အထောက်အပံ့ကောင်းများ ဖြစ်လာနိုင်သည်။

သို့ရာတွင် ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အပံ့ကောင်း များမည်သို့ပင်ဆောင်ရွက်ပေးစေကာမူ တိုးတက်ရာတိုးတက်ကြောင်း၊ ကြီးပွားရာကြီးပွားကြောင်းအတွက် ကာယကံရှင်များကိုယ်တိုင် ကြိုးပမ်း အားထုတ်မှုအပေါ်တွင် မူတည်သည်ဟု ထင်မြင်ယူဆပါသည်။ မြန်မာ စကားပုံတွင် "ဥစ္စာရင်လို ဥစ္စာရင်ခဲ"ဟု ဆိုထားပါသည်။ ဥစ္စာရှင်ဖြစ်လိုသော် ဥစ္စာရှင်ဖြစ်အောင် ကိုယ်တိုင်အားခဲ၍ ကြိုးပမ်းရသကဲ့သို့ မိမိ၏ လိုအင် ဆန္ဒကို အကောင်အထည်ပေါ်အောင် သူတစ်ပါးကိုချည်း အားကိုးမနေဘဲ ကြွက်သေတစ်ခု အရင်းပြုသော ဥပမာကဲ့သို့ မိမိအကျိုးအတွက် ရသည့်အရင်းအနှီးဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးသူများအဖို့ မိမိတို့ကြီးပွားတိုးတက်ရေးအတွက် ခြိုးခြံချွေတာရေးကို အလေးထားခြင်း၊ အသောက်အစား၊ အပျော်အပါး၊ လောင်းကစားများနှင့် စာရိတ္တပိုင်းဆိုင်ရာကိစ္စရပ်များကို အထူးအလေးထားရှောင်ကြဉ်ခြင်းပြုသင့်ပေသည်။ ဆင်းရဲနွမ်းပါးသူများအနေဖြင့် ငွေကြေးရလိုမှုနှင့် မိမိတို့အားထုတ်ရမည့်အလုပ်များကို အလေးမထားဘဲ ငွေရလွယ်သည်ထင်သည့် ဖြတ်လမ်းလိုက်အလုပ်များကိုလည်း မလုပ်မိဖို့လိုသည်။ ထိုအလုပ်များကို လုပ်မိသဖြင့် ဒုက္ခဆင်းရဲတွင်းထဲတွင် နေမြဲနေရသည့် အဖြစ်များကိုလည်း တွေ့ဖူးကြုံဖူးပေလိမ့်မည်။

သို့ဖြစ်ရာ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် ပံ့ပိုးကူညီပေးမှုများကို ရယူရာတွင် မိမိတို့ဘဝကြီးပွားရာ ကြီးပွားကြောင်း မှန်ကန်သောကြိုးပမ်းအားထုတ်မှုများဖြင့် တစိုက်မတ်မတ်ဆောင်ရွက်ကြမည်ဆိုပါက ဆင်းရဲခြင်းမှ အမှန်လွတ်ကင်းမည်မှာ သေချာပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သီရိလင်္ကာလွတ်လပ်ရေးနေ့ သဝဏ်လွှာပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မန်ဂါလာ ဆာမာရာဝီရထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr.Won Bae Dahn ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရုံးအမှတ် (၃၀)ရှိ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ အဆင့်မြင့်နည်းပညာများ အသုံးပြု၍ သံမဏိစက်ရုံများနှင့် ဘိလပ်မြေစက်ရုံများအား တည်ဆောက်ခြင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ပရိဘောဂပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ Solar Power Plant, Biomass, Shipping Yard တည်ဆောက်ရေးလုပ်ငန်းများ စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ညောင်တုန်း ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းသည် အားလုံးပါဝင်နိုင်သည့် လူထုပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်မှုကို ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ရာ ညောင်တုန်းမြို့နယ်အတွင်းရှိ ဆားမလောက်၊ ဇီးဖြူကျွန်း၊ သဇင်ရေကျော်၊ ပါလှဲ့၊ ဂုံမင်းဆိပ်၊ အလယ်ချောင်း၊ ဘုရားကုန်း၊ ကြိမ်ပင်ဆယ်၊ ကြိမ်ချောင်းနှင့် စကြော့တောင်ကျေးရွာအုပ်စုများရှိ မိဘပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူများ၏ တင်ပြဆွေးနွေးချက်များကို ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၀၇၆)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်	ရွှေဈေး	၆၉၈၂၀၀	-	၆၉၉၂၀၀
မန္တလေး	ရွှေဈေး	၆၉၈၂၀၀	-	၆၉၉၂၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၄၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၅၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၄. ၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၁၆၀. ၈
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၃. ၅၉
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၄၅၀
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၈၂. ၀၅
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၅၈၁
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၇၂. ၅၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၂၉၀
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၇၉၉. ၁၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၅၇. ၉၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

"ကျေးဇူးတင်လွှာ"

မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးရိုးမူမှ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် ၂၀၁၅ ခုနှစ်၊ (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှခြင်းလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ခြင်းလုံးအသင်း အောင်နိုင်ရေးအတွက် ငွေကျပ်သိန်း(၃၀)လှူဒါန်းခြင်းသည် မြန်မာတို့၏ ရိုးရာအားကစားအား ရေရှည်တည်တံ့အောင်မြင်စေရန် အားပေးချီးမြှင့်ခြင်းကို အထူးပင် ကျေးဇူးတင် ဂုဏ်ယူမှတ်တမ်းတင်အပ်ပါသည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

☆ စီးပွားရေးမှ

ခလေ့စရိုက်၊ အသိပညာ၊ အတတ်ပညာနှင့် စိတ်ဝင်စားမှုအမျိုးမျိုး၊ လူတန်းစားအမျိုးမျိုးရှိကြမည်ဖြစ်ပါကြောင်း၊ ထိုပုဂ္ဂိုလ်များအနေဖြင့် စုပေါင်းလုပ်ဆောင်တတ်သည့် စိတ်ဓာတ်နှင့် လုပ်ဆောင်နိုင်သည့် စွမ်းရည်များရှိလျှင် အနာဂတ်တွင် ဖြစ်ပေါ်လာမည့်စိန်ခေါ်မှုများကို မုချမသွေကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။

ဤသို့ ကျော်လွှားဆောင်ရွက်ခြင်းဖြင့် မိမိတို့လူ့အဖွဲ့အစည်းသည်လည်း ရေရှည်တည်တံ့နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် ၎င်းသယံဇာတများအပေါ် အခြေခံပြီး လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျယ်ပြန့်သော စိတ်စေတနာနှင့် နက်ရှိုင်းစွာ အတူတကွ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိရန် အလွန်လိုအပ်လှပါကြောင်း။

အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် တိုက်တွန်းပြောဆိုမှုများသာမက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များပါ လွှမ်းခြုံပါဝင်နေခြင်းကြောင့် ဆက်နွှယ်ရာအဖွဲ့အစည်းများအကြား မပျက်မကွက် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရအဖွဲ့အစည်းများသာမက ပြည်တွင်းရှိ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး GEGG (မြန်မာ)အဖြစ် ဖွဲ့စည်းကာ အကျိုးအမြတ်မယူသည့် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

GEGG (မြန်မာ)အဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်တွင် ကျင်းပခဲ့သည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံအစိမ်းရောင်စီးပွားရေးဌာန (ASEAN Institute for Green Economy - AIGE) တစ်ခုကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပါကြောင်း၊ ယင်းဌာနအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ဒေသတွင်းအစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို အာဆီယံဆောင်ပုဒ်ဖြစ်သော "ငြိမ်းချမ်းပြီး သာယာဝပြောသော လူ့အဖွဲ့အစည်းဖြစ်စေဖို့ စည်းလုံးညီညွတ်စွာ လျှောက်လှမ်းရမည်" ဟူသည့် ဦးတည်ချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

AIGE အနေဖြင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက် ဒေသတွင်းပတ်ဝန်းကျင်ဆိုင်ရာ၊ ရာသီဥတုနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဖြေရှင်းရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များတည်ဆောက်ခြင်း၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာ နည်းပညာရပ်များကို ပံ့ပိုးကူညီခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဤနေရာတွင် မိမိအနေဖြင့် ကျေးဇူးတင်စကားပြောလိုပါကြောင်း၊ ၎င်းမှာ မြန်မာနိုင်ငံသို့ နိုင်ငံတော်ဧည့်သည်တော်အဖြစ် ကြွရောက်လည်ပတ်ခဲ့သော နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့က ရန်ကုန်မြို့ရှိ အစိမ်းရောင်စံပြဗဟိုဌာနကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

GEGG ဖိုရမ်များကို နှစ်စဉ်ကျင်းပခြင်းအားဖြင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် အခြေအနေများ၊ အလေ့အကျင့်များ ဖန်တီးပေးရန် များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေရန်အတွက် ရေရှည ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒချမှတ်ရေး၊ မဟာဗျူဟာရေးဆွဲရေး၊ သိပ္ပံ၊ နည်းပညာနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ လူသားများ အသက်ရှင်နေရေးအတွက် အဓိကအရေးပါလှသော သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေးနှင့်စပ်လျဉ်း၍ အနည်းငယ်ပြောကြားလိုပါကြောင်း၊ အားလုံးသိရှိထားသည့်အတိုင်း မိမိတို့ထုတ်ယူသုံးစွဲနေသည့် သဘာဝသယံဇာတများသည် အကန့်အသတ်ရှိပြီး စနစ်တကျစီမံခန့်ခွဲခြင်း မပြုဘဲ ရေတိုအကျိုးစီးပွားအတွက် အလွန်အကျွံအသုံးပြုလိုက်မည်ဆိုပါက ကုန်ဆုံးပျောက်ကွယ်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၏ ဘုံရည်မှန်းချက်မှာ ရေရှည်ဖွံ့ဖြိုးရေး ရရှိရန်အတွက်ပင်ဖြစ်ပါကြောင်း၊ မိမိတို့နေထိုင်သည့် ကမ္ဘာကြီးရေရှည်တည်တံ့ရေးအတွက် ကမ္ဘာမြေထိပ်သီးညီလာခံကို ဘရာဇီးနိုင်ငံတွင် ၁၉၉၂ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များက နှစ်ကြိမ်ကျင်းပခဲ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကြေညာချက်များ ထုတ်ပြန်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သည့် Rio+20 ညီလာခံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အစိမ်းရောင် စီးပွားရေးကို မဖြစ်မနေဖော်ဆောင်ရန် အဓိကထားဆွေးနွေးခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် Rio+20 ကြေညာချက်များနှင့်အညီ ကာဗွန်ထုတ်လွှတ်မှုနည်းပါးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် လမ်းညွှန်မှုများ ချမှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အထူးသဖြင့် စွမ်းအင်ထိရောက်စွာ အသုံးပြုရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးရေး၊ စဉ်ဆက်မပြတ်စိုက်ပျိုးမွေးမြူရေး၊ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေသယံဇာတနှင့် ဂေဟစနစ်ထိန်းသိမ်းရေး၊ မြေအသုံးချမှုစနစ်တကျဖြစ်စေရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုလျော့နည်းသက်သာစေရေး၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်မြို့ကြီးများဖြစ်ပေါ်လာရေး၊ ဘေးအန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး၊ သမုဒ္ဒရာ၊ ပင်လယ်နှင့် ကမ်းရိုးတန်းဒေသများထိန်းသိမ်းရေး၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ကိုထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်လိုအပ်သည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များကို ချမှတ်ဖော်ဆောင်လျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် အမျိုးသားစွမ်းအင်မူဝါဒဖြင့် အမျိုးသားအဆင့်ရေမူဝါဒထုတ်ပြန်ကြေညာခြင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒရေးဆွဲခြင်း၊ အမျိုးသားရေအရင်းအမြစ်ဥပဒေ(မူကြမ်း)ရေးဆွဲခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ၊ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစီမံချက်နှင့် မြန်မာနိုင်ငံသဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့မြန်မာနိုင်ငံကို (Extractive Industries Transparency Initiative-EITI) အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း လက်ခံသတ်မှတ်ပြီး သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုအခါ ရာသီဥတုပြောင်းလဲခြင်း၊ လူဦးရေတိုးပွားခြင်းနှင့် သဘာဝသယံဇာတများ ယုတ်လျော့လာခြင်းတို့ကြောင့် မိမိတို့၏ဘုံရည်မှန်းချက်ဖြစ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်မှာ မိမိတို့အားလုံးအတွက် ကြီးမားသည့် စိန်ခေါ်မှုကြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ခုနှစ်တွင် သန်းပေါင်း (၉၀၀၀)အထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားရှိပြီး တိုးတက်လာသည့် လူဦးရေအတွက် သဘာဝသယံဇာတများကို ပိုမိုအသုံးပြုကြရမည်ဖြစ်ပါကြောင်း။

အတိတ်ကာလကလည်း "ဖွံ့ဖြိုးမှုသာ အဓိက၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒုတိယ"ဟူသည့် အတွေးအခေါ်များအဖြစ် စီးပွားရေးကောင်းမွန်စေရန်အတွက်သာ စဉ်းစားတွေးခေါ်လုပ်ဆောင်ခဲ့ကြခြင်းကြောင့် မိမိတို့အနေဖြင့် ကမ္ဘာမြေပူနွေးလာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်းကို ရင်ဆိုင်နေရပါကြောင်း။

မှတ်သားမိသလောက် ပြောပြရမည်ဆိုလျှင် "ထောင်စုနှစ် ဖွံ့ဖြိုး တိုးတက်ရေးရည်မှန်းချက်အစီရင်ခံစာ (၂၀၁၄)"အရ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ၁၉၉၀ ခုနှစ်ကထက် ၂၀၁၁ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း ပိုများခဲ့သည်ဟု သိရှိရပါကြောင်း၊ သစ်တောများ ဧကသန်းနှင့်ချီပြီး နှစ်စဉ် ပြုန်းတီးနေသကဲ့သို့ မျိုးရင်းမျိုးစိတ်များလည်း မျိုးသုဉ်းသွားသည်အထိ ပျောက် ကွယ်လျက်ရှိပါကြောင်း၊ ရေသယံဇာတအရင်းအမြစ်များသည်လည်း ပိုမိုရှားပါး လာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် သဘာဝသယံဇာတအခြေပြု ဖွံ့ဖြိုးတိုးတက်မှုပုံစံသည် ယနေ့ခေတ်နှင့် အံမဝင်တော့သည့်အတွက် ပြန်လည်ဆန်းစစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ဆောင်ရွက်နေသော စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများသည် ဂေဟစနစ် မပျက်ယွင်းစေဘဲ သဘာဝသယံဇာတများကို အကျိုးရှိထိရောက်စွာအသုံးချသည့် လုပ်ငန်းများဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အစိမ်းရောင်စီးပွားရေး လမ်းကြောင်းပေါ်ကို မိမိတို့အားလုံး မလွဲမသွေပူးပေါင်းပြီး လျှောက်လှမ်းရတော့မည်ဖြစ်ပါကြောင်း။

အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍသည် အလွန်အရေးပါလှပါကြောင်း၊ ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတားဖြစ်စေသည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် တီထွင်ဖန်တီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပုံစံအမျိုးမျိုးဖြင့် နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အားပေးကူညီထောက်ပံ့မှုများ လိုအပ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ငွေကြေးအကူအညီထက် နည်းပညာများ ရရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေအချိုးအစားကို ပြန်ကြည့်မည်ဆိုလျှင် Demographic Window ဟု ခေါ်သည့် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော လူဦးရေအချိုးအစားက ပိုမိုများပြားနေသည့် အချိန်အခါ ကာလကောင်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့တွင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပြီး အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆန်းသစ်သည့်နည်းလမ်းများဖြင့် မူဘောင်များကို အသုံးပြုပြီး ဒေသအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခု စတုတ္ထအကြိမ်ကျင်းပသည့် GEGG ဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်အောင် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးကြသော GEGG (မြန်မာ)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ UNDP၊ Smithsonian Institution၊ နော်ဝေ၊ ဆွီဒင်နှင့် ဂျပန်နိုင်ငံ အစိုးရအဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် လက်ရှိနှင့် အနာဂတ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အရေးကြီးကြောင်းကို မိမိတို့အနေဖြင့် ကောင်းစွာနားလည်သဘောပေါက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအထောက်အကူပြုသည့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် GEGG ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးနှင့် UNDP ဌာနေကိုယ်စားလှယ်တို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

ယနေ့ ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံအကြား ရေအားလျှပ်စစ်နှင့်ဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်၏ စွမ်းအင်ဆိုင်ရာအကြံပေး ဒေါက်တာတောဖစ်အီ အီလာဟီချော်ဒရီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်၍ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ နှစ်နိုင်ငံအကြား ရေအားလျှပ်စစ်နှင့် ဓာတ်ငွေ့ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့်နည်းလမ်းများ ရှာဖွေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ထိုင်းဘုရင်ကို အင်တာနက်မှ စော်ကားပြောဆိုသူ ခြောက်ဦး အဖမ်းခံရ

ဗန်ကောက် ဖေဖော်ဝါရီ ၃

အင်တာနက်မှတစ်ဆင့် ထိုင်းဘုရင်ကို အသရေဖျက် စော်ကားပြောဆိုသူ ခြောက်ဦးကို ဖမ်းဆီးခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။

ထိုင်းရဲတပ်ဖွဲ့က အဆိုပါလူခြောက်ဦးသည် လူမှုရေးကွန်ရက်စာမျက်နှာများပေါ်တွင် ထိုင်းဘုရင်ကို ဆန့်ကျင်သည့် ဝါဒဖြန့်မှုများပြုလုပ်နေသည့် Banpodj Network အဖွဲ့များဖြစ်သည်ဟု ဆိုသည်။ အဆိုပါ ကွန်ရက်သည် ဘုရင်မင်းမြတ်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဆိုးဆိုးရွားရွားခြိမ်းခြောက်နေသည့် ကွန်ရက်တစ်ခုဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်တွင် ထိုင်းရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

လွန်ခဲ့သည့် မေလအတွင်းက အာဏာသိမ်းခဲ့သည့် ထိုင်းတပ်မတော်အစိုးရသည် ဘုရင်၏ဂုဏ်သိက္ခာကိုထိန်းသိမ်းကာကွယ်ရန်အတွက် ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ ထိုင်းအစိုးရသည် ဘုရင်ကို သစ္စာဖောက်သည်ဟု သံသယရှိသူများကို အသည်းအသန် လိုက်လံဖမ်းဆီးခဲ့သည်။ ထိုင်းနိုင်ငံတွင် ဘုရင်ကို စော်ကားမော်ကားပြုသူသည် ထောင်ဒဏ် ၃ နှစ် မှ ၁၅ နှစ်အထိ ကျခံရနိုင်သည်။

ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်သည် ၁၉၂၇ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် မွေးဖွားခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် သက်တော်(၈၇)နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့သက်တော်အရှည်ဆုံးဘုရင်တစ်ပါးဖြစ်သကဲ့သို့ ထိုင်းနိုင်ငံသမိုင်းတွင်လည်း ထီးနန်းစိုးစံမှုအရှည်ကြာဆုံး ဘုရင်ဖြစ်သည်။ **အေပီ။**

ဩစတြေးလျက အဲအေးရှားအင်ဒိုနီးရှားလေယာဉ်များ နိုင်ငံတွင်းပြေးဆွဲမှုကို ရပ်ဆိုင်းထား

ဆစ်ဒနီ ဖေဖော်ဝါရီ ၃

ဩစတြေးလျပို့ဆောင်ရေးလုပ်သားများသမဂ္ဂအနေဖြင့် ဗဟိုအစိုးရအား ဩစတြေးလျရှိ အဲအေးရှား အင်ဒိုနီးရှား လေယာဉ်ခရီးစဉ်များကို ရပ်ဆိုင်းထားရန် တိုက်တွန်းလိုက်သည်။

ပို့ဆောင်ရေးလုပ်သားများ သမဂ္ဂအနေဖြင့် အဲအေးရှား၏ လေ့ကျင့်မှုများနှင့် လေယာဉ်ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာမှတ်တမ်းများကို အရေးပေါ် စစ်ဆေးရန် တောင်းဆိုလိုက်သည်။

ဤကဲ့သို့ တောင်းဆိုမှုသည် လွန်ခဲ့သောရက်သတ္တ ငါးပတ်အကြာက အင်ဒိုနီးရှားမှ စင်ကာပူသို့ ပျံသန်းလာသော အဲအေးရှား၏ လေယာဉ်အမှတ် QZ8501 သည် ဂျာဗားပင်လယ်တွင်းသို့ ပျက်ကျပြီး ခရီးသည် ၁၆၂ ဦး သေဆုံးပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ပို့ဆောင်ရေးလုပ်သားများသမဂ္ဂမှ အတွင်းရေးမှူး တိုနီရှယ်လ်တန်က ပျက်ကျမှုပဏာမ စစ်ဆေးရေးမှတ်တမ်းနောက်ကျမှု၊ လေယာဉ်မောင်းနှင်ခြင်းဆိုင်ရာ လေ့ကျင့်မှုအတတ်ပညာ ချို့တဲ့ခြင်းနှင့် စည်းကမ်းဖောက်ဖျက်ခြင်းတို့အပေါ် ဝေဖန်ခဲ့သည်။

"အဲအေးရှား အင်ဒိုနီးရှားကြောင့် ဩစတြေးလျပြည်သူတွေ အသက်ဘေးနဲ့ ကြုံရနိုင်ပါတယ်"ဟု ၎င်းက ပြောကြားသည်။ **(AAP)**

၂၀၁၄ ခုနှစ်သည် စံချိန်တင်အပူပြင်းဆုံးနှစ်တစ်နှစ်ဟု ကုလသမဂ္ဂဖော်ပြ

ဂျီနီဗာ ဖေဖော်ဝါရီ ၃

၂၀၁၄ ခုနှစ်သည် စံချိန်တင်ရလောက်အောင် အပူပြင်းဆုံး နှစ်တစ်နှစ်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကို ထင်ဟပ်သည့်ပြယုဂ်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်ဖြစ်သော ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (ဒဗလျူအမ်အို)က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ပျမ်းမျှလေထုလွှာအပူချိန်မှာ သုည ဒသမ ၅၇ ဒီဂရီ ဆဲလ်စီးယပ်စ် (၁ ဒသမ ၀၃ ဒီဂရီ ဖာရင်ဟိုက်)ဖြစ်ရာ ၁၉၆၁-၁၉၉၀ ပြည့်နှစ် ရည်ညွှန်းကာလ စံနှုန်း သတ်မှတ်ချက်အပူချိန် ၁၄ ဒီဂရီ စင်တီဂရိတ် (၅၇ ဒသမ ၂ ဒီဂရီ ဖာရင်ဟိုက်) ထက် ပိုမိုလာကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

၂၀၁၄ ခုနှစ် အပူချိန်သည် ယခုရာစုနှစ်သစ်တွင် အပူပြင်းဆုံး နှစ်တစ်နှစ်ဖြစ်ကြောင်း ဒဗလျူအမ်အို အတွင်းရေးမှူးချုပ် မိုက်ကယ်ဂျားရော့က ပြောကြားသည်။

၂၀၁၄ ခုနှစ်သည် စံချိန်တင်ရလောက်အောင် အပူပြင်းဆုံးနှစ်ဖြစ်သည့်အပြင် နိုင်ငံအများအပြား၌ ရေလွှမ်းမိုးမှုများနှင့် နိုင်ငံအချို့၌ မိုးခေါင်မှုများ ဖြစ်ပေါ်ခဲ့ရသော နှစ်လည်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပီတီအိုင်။

၂၀၁၅ မဲခေါင်မြစ်ဝှမ်းဒေသဖိုရမ် ဟိုချီမင်းမြို့တွင် ကျင်းပ

ဟိုချီမင်း ဖေဖော်ဝါရီ ၃

၂၀၁၅ ခုနှစ် မဲခေါင်မြစ်ဝှမ်းဒေသဖိုရမ်ကို ဗီယက်နမ်နိုင်ငံ မြို့တော်ဟိုချီမင်းတွင် ဖေဖော်ဝါရီ ၃ ရက်က စတင်ကျင်းပခဲ့ပြီး ကျွမ်းကျင်ပညာရှင်များနှင့် သိပ္ပံပညာရှင်များက မဲခေါင်မြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အခြေအနေများကို ဆွေးနွေးကြမည်ဖြစ်သည်။

မဲခေါင်မြစ်ဝှမ်းဒေသအနေဖြင့် အစာရေစာဖူလုံရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသော်လည်း ယခုအခါ ဆားငန်ရေဝင်ရောက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ခံရခြင်းတို့ကြောင့် ရေအရင်းအမြစ်နှင့် ပတ်သက်၍ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရကြောင်း ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ဟောင်ထန်ဟိုင်က ပြောကြားခဲ့သည်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွင် အလွန်အမင်းရာသီဥတုပြောင်းလဲမှုဒဏ်ကို တုံ့ပြန်နိုင်ရန် အတွက် ဗီယက်နမ်နိုင်ငံတွင် အလေးပေးဖော်ဆောင်လျက်ရှိပြီး မဲခေါင်မြစ်ဝှမ်းဒေသကိုလည်း အထူးအလေး ထားဆောင်ရွက်ရန် ဟိုင်က ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ဘဏ်နှင့် ဖွံ့ဖြိုးတိုးတက်သော မိတ်ဖက်နိုင်ငံများမှ ဗီယက်နမ်နိုင်ငံအပေါ် ပေးသောအကူအညီ နည်းပညာရပ်များနှင့် ငွေကြေးအထောက်အပံ့များမှ ဒေသတွင်း ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာတွင် ထိရောက်စွာ လျှော့ချရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှ ဒါရိုက်တာတစ်ဦးက ပြောကြားသည်။

ဖိုရမ်ပြုလုပ်သည့် နှစ်ရက်တာကာလတွင် ရေရှည်ဆောင်ရွက်ရမည့် ရာသီဥတုဆိုင်ရာသဘာဝဘေးအန္တရာယ်ကြိုတင်ခန့်မှန်းမှုနှင့် အချက်ပေးစနစ်မြှင့်တင်ရန်၊ ဒေသတွင်း ရေပေါ်ရေအောက် သုတေသနလုပ်ငန်းများ လုပ်ဆောင်ရာတွင် အရှိန်မြှင့်လုပ်ရန်နှင့် ဒေသတွင်းရှိ အခြားသောအပိုင်းများတွင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ပြန်လည်သုံးသပ်ခြင်းတို့ လုပ်ဆောင်မည်ဖြစ်သည်။

ဆင်ဟွာ။

မြောက်ကိုရီးယား အဏုမြူလက်နက်အရေး တောင်ကိုရီးယားနှင့် တရုတ်ဆွေးနွေးမည်

ဆိုးလ် ဖေဖော်ဝါရီ ၃

မြောက်ကိုရီးယားနိုင်ငံ၏ အဏုမြူလက်နက် အစီအစဉ်နှင့် ပတ်သက်၍ ထိန်းချုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို သုံးသပ်နိုင်ရန် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့သည် ယခုရက်သတ္တပတ်အတွင်း ဆွေးနွေးပွဲသစ်ကျင်းပမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာလရှည် ရပ်ဆိုင်းနေခဲ့ရသည့် ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲ ပြန်လည်ရှင်သန်လာရေးအတွက် အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့က ကြိုးပမ်းလျက်ရှိသည်ဆိုသော သတင်းများပေါ်ထွက်ခဲ့ပြီးနောက် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့က ဆွေးနွေးပွဲသစ်ကျင်းပရန် စီစဉ်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အဏုမြူစမ်းသပ်မှုများ ထပ်မံမပြုလုပ်ရေးနှင့် ခြောက်ပွင့်ဆိုင် ဆွေးနွေးပွဲကို ပြန်လည်အသက်သွင်းရေး အကြောင်းရပ်များနှင့် ပတ်သက်၍ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ ဆွေးနွေးကြမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် နိုဝမ်းအီက ပြောကြားသည်။

ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် နောက်ဆုံးအကြိမ် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်သော နိုင်ငံများမှာ ကိုရီးယားနှစ်နိုင်ငံ၊ တရုတ်၊ ရုရှား၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြသည်။ **ပီတီအိုင်။**

ဂျပန်မြောက်ပိုင်းဒေသအချို့ ခြောက်ပေအမြင့်ရှိ ဆီးနှင်းထုဖြစ်ပေါ်

တိုကျို ဖေဖော်ဝါရီ ၃

ဂျပန်နိုင်ငံမြောက်ပိုင်း ဒေသအချို့၌ အင်အားပြင်းဆောင်းဥတု မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆီးနှင်းထု ခြောက်ပေ (၁ ဒသမ ၈ မီတာ)အထိ ဖြစ်ပေါ်ခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်း အရှေ့ဘက်စွန်းရှိ ရော်သူမြို့၌ နေအိမ်များမှာ ဆီးနှင်းခဲများဖုံးလွှမ်းခံထားရပြီး နှင်းထုရှင်းလင်းရေးလုပ်ငန်း၌ ပါဝင်ကူညီရန် တပ်ဖွဲ့ဝင် ၅၀ ခန့်ကို စေလွှတ်ပေးခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ ပြီးခဲ့သည့် ရက်သတ္တပတ်ခန့်က အင်အားပြင်းထန်သော ဆီးနှင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာတွင် ဟော့ကိုင်းဒိုးကျွန်းရှိ ရော်သူမြို့မှာ အဆိုးရွားဆုံး ထိခိုက်ခံခဲ့ရသည်။

ဒေသအတွင်း၌ လေပြင်းများ တိုက်ခတ်နိုင်ပြီး ဆီးနှင်းခဲများ ကျဆင်းမှု ထပ်မံဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသအေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။

ဆီးနှင်းခဲများ သိပ်သည်းစွာ ကျရောက်မှုကြောင့် ရထားခရီးစဉ် ၁၀၀ ခန့်ကို ဖျက်သိမ်းခဲ့ရသည်။

ပီတီအိုင်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်း လွှတ်တော်အဆုံးအဖြတ်ယူအတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၃

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ် (၁၃)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်း**အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းအား လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်းပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး တင်သွင်းသည့် **"ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၁၅/၂၀၁၄) ဖြင့်ပြင်ဆင်ပြီး ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက် ပြည်တွင်းအခွန်များဦးစီးဌာနက စီမံခန့်ခွဲ အခွန်ကောက်ခံခြင်းများကို ရပ်ဆိုင်းစေ၍ လိုအပ်မှုရှိသည်များကို ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေကြမ်းထပ်မံတင်သွင်းရန်၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က စားသောက်ဆိုင်များက ထုတ်ပေးသော ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်စေခြင်းကို ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အရက်၊ စီးကရက် အစရှိသည့် အထူးကုန်စည်များအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းကိုလည်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၃၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၁-က တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်သည့် အရက်အမျိုးမျိုးနှင့် ပတ်သက်ပြီး လက်လီရောင်းဈေးကို အခြေပြု၍ စက်ရုံရောင်းဈေး ချိန်ဆတွက်ချက်စေခြင်းကိုလည်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၁-ခ တို့ပါ လုပ်ပိုင်ခွင့်နှင့်အညီ ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

တံဆိပ်ခေါင်းခွန်နှင့် ပတ်သက်ပြီး ၁၉၉၇ ခုနှစ် ဇူလိုင် ၂၇ ရက်စွဲပါ ဘဏ္ဍာရေးနှစ် အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၄၅/၁၉၉၇ ဖြင့် ဘဏ္ဍာတော်မင်းကြီး၏ လုပ်ပိုင်ခွင့်များကို ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သို့ အပ်နှင်းထားသည်နှင့်အညီ လိုက်နာဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဥပဒေအသီးသီးပါ ကော်လိတ်တော် အရာရှိများ၏ လုပ်ပိုင်ခွင့်များနှင့်အညီ အိမ်၊ မြေအစရှိသည့် အခြေပစ္စည်းများကို လုပ်ငန်းဆက်စပ်ဌာနများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့က သတ်မှတ်ပေးထားသည့် စံနှုန်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၇ ပါ ပြဋ္ဌာန်းချက်အရ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဝင်ငွေနှစ်အတွင်း စည်းကြပ်မှုပြုလုပ်နိုင်ရေးအတွက် ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၉နှင့်အညီ ဝင်ငွေနှစ်အား စည်းကြပ်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားရန် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီများအပေါ် အခွန်စည်းကြပ်ရာတွင် တင်ပြတောင်းခံသည့် လျှော့ပေါင်းငွေအားလုံးကို ခွင့်မပြုဘဲ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-ကပါ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုနုတ်ပယ်တွက်ချက်ပေးမည်ဖြစ်ပါကြောင်း၊ ပို့ကုန်သွင်းကုန်များအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ထမ်းဆောင်စေခြင်းကို အခွန်ထမ်းပြည်သူများ၏ ဆန္ဒနှင့်အညီ ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၆-ခ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် အခွန်ကောက်ခံမှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နိုင်ငံတကာအခွန်စနစ်များ၏ ကောင်းမွန်သောစံများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြိုးပမ်းဆောင်ရွက်မှုများအားလုံးကို ဥပဒေနှင့်အညီဖြစ်စေရန် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ ပြင်ဆင်ပြဋ္ဌာန်းမှုကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းဝင်ငွေခွန် ဥပဒေဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရှင်းလင်းဆွေးနွေးတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လ နိုင်ငံတော်၏အရအသုံးစာရင်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ၊ အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာ (၁/၂၀၁၅)**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့က ဆွေးနွေးကြသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့က လုပ်ငန်းတင်ဒါများခေါ်ယူရာတွင် ကြန့်ကြာမှုရှိသည်ကိုတွေ့ရှိရပါကြောင်း၊ အဆိုပါ ကြန့်ကြာသည့် ကာလများတွင် စီမံကိန်းအတွက် ခွင့်ပြုထားသော နိုင်ငံပိုင်ငွေကြေးများအား ဘဏ်များတွင် အပ်နှံ၍ မသမာမှုများဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးသည့်တိုင် ဘဏ္ဍာငွေထုတ်ယူသုံးစွဲနေခြင်းများ တွေ့ရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။

ဇေယျာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေက ပြည်သူ့ဘဏ္ဍာငွေများ သုံးစွဲရာတွင် ပြည်သူများအတွက် ထိရောက်ရန်၊ အကျိုးရှိရန်လိုအပ်ပါကြောင်း၊ ငွေကြေးများကို ငွေစုစာအုပ်များတွင် ထည့်၍ သုံးစွဲခြင်း၊ လက်ဝယ်ကိုင်ဆောင်ထားခြင်း၊ ဘဏ္ဍာရေးနှစ်ကုန်ပြီးမှ သုံးစွဲခြင်းများရှိသည်ကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာအရ သိရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းလေ့လာသုံးသပ်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးက ယင်းအစီရင်ခံစာ (၁/၂၀၁၅) ကို ပြည်ထောင်စုလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာ (၂/၂၀၁၅)** ကို ပြည်ထောင်စုလွှတ်တော်က လက်ခံရန် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးမိုးဇော်ဟိန်းက အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာဟိဒဲအိုဝါတာနာဘေးနှင့် အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌမစ္စတာယိုရှိတိုဆန်းဂိုးကုတို့အား ယနေ့ညနေ ၄ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

7Stars
Education Centre
09.421052736, 09.49282366, 09.799660155

REC
BE/ME
(All Majors)

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ဥမကွဲ သိုက်မပျက်

တိုင်းသူပြည်သား လူအများဟာ ဥမကွဲ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့ ည ၇ နာရီ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းမှ ကောက်နုတ်ချက်)

ပြည်ထောင်စုကြီးကို ချစ်ခင်မြတ်နိုး တန်ဖိုးထား

ရွှေလင်းပြည့်စုံ

အလှတရားများပြည့်စုံကြွယ်ဝသော လူ့လောကဝယ် နွေ၏အလှသည် မင်းလွင်၊ မိုး၏အလှသည် သက်တံ၊ ဆောင်း၏အလှသည် နှင်းမှုန်၊ လူ၏အလှသည် မေတ္တာ၊ ပြည်ထောင်စု၏အလှသည် စည်းလုံးညီညွတ်ခြင်းဟု ဆိုချင်ပါသည်။

မေတ္တာတရားများလွှမ်းခြုံသော အမိပြည်ထောင်စုနိုင်ငံဝယ် ထိုစည်းလုံးညီညွတ်မှုအစွမ်းဖြင့် တစ်သွေးတည်း တစ်သားတည်းဖြစ်တည်နေသော တိုင်းရင်းသားအနွယ်တို့နှင့် တည်ဆောက်ထားသည်မှာ အမှန်ဖြစ်ပါသည်။ ထိုအခါ အမိနိုင်ငံတော်သည် အစဉ်လန်းဆန်းကြည်လင်နေပြီး အစဉ်သစ်လွင်တောက်ပနေပါသည်။ အစဉ်တက်ကြွနေပြီး အစဉ်နိုးကြားနေပါသည်။

လူသားတစ်ဦးတွင် ကိုယ်လက်အင်္ဂါ တစ်စုံတစ်ရာပျက်ယွင်းနေပါက အများမြင်ကွင်းဝယ် အကျည်းတန်အရုပ်ဆိုးစေပါသည်။ ထို့နည်းတူ ပြည်ထောင်စုအလှမျက်နှာစာတွင် တိုင်းရင်းသားတစ်နွယ်တစ်စင်သည် ချို့တဲ့ယိုယွင်းနေပါကလည်း ပြည်ထောင်စုမျက်နှာစာအလှသည်လည်း အကျည်းတန်အရုပ်ဆိုးအားနည်းစေမည်ဖြစ်ပါသည်။ နိုင်ငံသွေးစည်းညီညွတ်မှု တစ်စုံတစ်ရာပျက်ယွင်းနေပါက နိုင်ငံ့အလှ၊ နိုင်ငံ့အမြင်မတင့်မတယ်ဖြစ်စေနိုင်ပါသည်။ တိုင်းရင်းသား လူမျိုးများ တစ်သွေးတစ်သားတည်း စုစည်းပေါင်းဆုံ အတူတကွနေထိုင်ကြသောအခါ၌ နိုင်ငံ့မျက်နှာသွင်ပြင်ကို အကြားအရာမထင်စေသည်သာမက ဥမကွဲသိုက်မပျက်သောစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်များဖြင့် အစဉ်နွေးထွေးခဲ့ကြပါသည်။

ယင်းစိတ်သန္ဓေသည် ပြည်ထောင်စုကြီးတွင် တည်ရှိဖြစ်ထွန်းခဲ့ပြီးဖြစ်သည်။ ထင်ရှားသော သမိုင်းအထောက်အထားအရ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့က ချုပ်ဆိုခဲ့သော ပင်လုံညီလာခံ၊ ပင်လုံစာချုပ်ကို သက်သေထူရမည်။ ထိုပင်လုံမှ သန္ဓေတည်မွေးဖွားသန့်စင်ပေးခဲ့သော ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုသားများ၏ နှလုံးသားရင်မှာ ကိန်းအောင်းခဲ့ကြသည်။ ပြည်ထောင်စုတိုင်းရင်းသားများသည် အရေးကြီးက သွေးစည်းခဲ့ကြသည်။ အရေးကြုံက သွေးဆုံခဲ့ကြသည်။ အရေးရှိက သွေးညီခဲ့ကြသည်။ နိုင်ငံရေးမျက်နှာစာ၊ လူမှုရေးမျက်နှာစာ၊ စီးပွားရေး မျက်နှာစာအသီးသီးတို့တွင် အေးအတူပူအမျှ အတူတကွ လက်တွဲညီနှိုင်း တည်ဆောက်ခဲ့ကြသည်။

ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်နိုင်ခဲ့သော အမိမြန်မာနိုင်ငံတော်သည် ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့တို့၏ကျွန်ပြုခံခဲ့ရသည်ကို သမိုင်းစာမျက်နှာများအရ သိခဲ့ရပြီးဖြစ်သည်။ နယ်ချဲ့လက်အောက်တွင် ကျွန်ပြုခံရမှုကို ခါးသီးစွာခံစားခဲ့ကြရသည်။ စာပေ၊ ဂီတ၊ အနုပညာ၊ ယဉ်ကျေးမှု၊ အတွေးအခေါ်အယူအဆတို့ကို အရောင်ဆိုး ဝါးမျိုသိမ်းသွင်းကျုံးသွင်းခံခဲ့ရသည်။

သို့ရာတွင် အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကိုထိလျှင် မခံအောင်နာတတ်သည့် တိုင်းရင်းသားပြည်သူတို့က စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် အမျိုးသားရေးလှုပ်ရှားမှုများ ဆင်နွှဲခဲ့သည်။ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုအားမာန်တို့ကို ပြသခဲ့သည်။ ရရာလက်နက်ကိုင်စွဲ၍ တွန်းလှန်တိုက်ခိုက်တော်လှန်မှုများ ဆင်နွှဲခဲ့ကြသည်။ အမျိုးဂုဏ်၊ အမျိုးသိက္ခာ၊ နိုင်ငံ့ဂုဏ်၊ နိုင်ငံ့သိက္ခာတို့ကို မရ အရယူကာ ကမ္ဘာ့အလယ်၌ထည်ဝါစွာနေပြခဲ့သည်။

သမိုင်းစာမျက်နှာများအရ နယ်ချဲ့လက်အောက်ကျရောက်ခဲ့စဉ်က ပြည်ထောင်စု၏နယ်မြေအသီးသီးတွင် ဝန်းသိုစော်ဘွားဦးအောင်မြတ်၊ ဗိုလ်ဖိုးစော၊ ဗိုလ်ထီ၊ ဆမားဒူဝါ၊ ကြွမ်ဘိ၊ ခိုင်ကမ်း၊ ဗိုလ်ရွှဲ၊ မင်းကြီးရွှေလရောင်၊ ဗိုလ်ဥတ္တမ၊ ဗိုလ်ချို၊ စောရန်နိုင်၊ ဗိုလ်နက်ကျော်၊ ဆရာစံ၊ ဖိုးလှကြီး စသည့် မျိုးချစ်သူရဲကောင်းများ၏ နယ်ချဲ့ဆန့်ကျင်ရေးအားမာန်များကို တွေ့မြင်ကြားသိခဲ့ရသည်။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားလူငယ်များ၊ သခင်များပါဝင်သည့် ဝံသာနုအသင်းအဖွဲ့များ၏ လှုပ်ရှားမှုများလည်း အထင်အရှားရှိခဲ့သည်။

ထိုထိုသော မြန်မာတို့၏ စွမ်းအားများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်များဖြင့် ပေါ်ပေါက်လာသော အင်အားများဖြစ်သည်။ ထိုသို့သော စုပေါင်းစွမ်းအားများကို အခြေတည်ပြီး တစ်တိုင်းတစ်ပြည်လုံးရှိ တိုင်းရင်းသားပြည်သူအားလုံး ပါဝင်လက်တွဲကာ နယ်ချဲ့တို့အား တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ခြင်း၊ လုံးဝလွတ်လပ်သော နိုင်ငံတော်အဖြစ်သို့ ရောက်ရှိခဲ့ခြင်းတို့မှာ ပြည်ထောင်စုစိတ်ဓာတ်အားကောင်းခြင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ပြင်းထန်ခြင်းကြောင့်သာဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးနောက် နှစ်ပေါင်း ၄၀ ကျော်ကြာအောင် အယူအဆအမျိုးမျိုး၊ အတွေးအခေါ်အဖုံဖုံ လောင်းရိပ်အမှောင်အောက်တွင် ရောက်ရှိခဲ့ပြီးနောက် နိုင်ငံတော်၏ စစ်မှန်သော မေတ္တာစေတနာ အလင်းရောင်အောက်သို့ ပြန်လည်ရောက်ရှိခဲ့သည်မှာလည်း သွေးစည်းညီညွတ်သော ပြည်ထောင်စု၏ ထူးခြားသော ဝိသေသလက္ခဏာများ၊ တိမ်မြုပ်နေသော ပြည်ထောင်စုစိတ်ဓာတ်များကို ပြန်လည်အသက်သွင်းဖော်ဆောင်ခြင်းလည်းဖြစ်သည်။ နောက်ဆုံးတွင် အယူအဆကွဲပြားခြားနားမှုအချို့ ကျန်ရှိနေသေးသော်လည်း နားလည်မှု၊ စိတ်ရှည်မှု၊ သည်းခံမှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ဆက်လက်ဖော်ဆောင်နေဆဲဖြစ်သည်။ အောင်မြင်မှုများလည်း ရရှိတော့မည်ဖြစ်သည်။ ထိုအခါ ပြည်ထောင်စုတိုင်းရင်းသားအားလုံးတို့၏ မျှော်လင့်ချက်များသည် အလှမ်းမဝေးသော အနာဂတ်တွင် ငြိမ်းချမ်းရေးအလင်းရောင်အောက်သို့ ထာဝရ ရောက်ရှိလာမည်မှာ အမှန်ဖြစ်သည်။

၁၉၄၇ ခုနှစ်က တည်ဆောက်ခဲ့သည့် ပင်လုံညီလာခံ၏ ရလဒ်၊ သွေးစည်းညီညွတ်မှု၏ အကျိုးတရားများကြောင့် ပေါ်ထွက်ခဲ့သော အချုပ်အခြာအာဏာပိုင်စိုးမှု၊ တစည်းတလုံးတည်း အေးချမ်းစွာ အတူနေထိုင်ရမှုများနှင့် ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရနှင့် ညီညီညွတ်ညွတ် မျှမျှတတနေထိုင်ရမှုများမှာ ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်နေပြီးဖြစ်သည်။ ရှမ်းရိုးမက အိုးစည်သံ၊ မနောမြေမှ ကချင်အက၊ ကရင်နယ်မှ ဖားစည်သံ၊ ချင်း၊ မွန်နှင့် ရခိုင်တို့၏ ရိုးရာအကနှင့် တေးသံသာများမှာ ပြည်သူတစ်ရပ်လုံး၏ရင်တွင် ဝေစည်နေပြီဖြစ်သည်။ ထိုထိုသော တိုင်းရင်းသားပြည်သူအပေါင်းတို့၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်၊ ကိုယ့်မြေ၊ ကိုယ့်ရေ ဖွံ့ဖြိုးနိုင်ခွင့်များလည်း ရှိလာကြပြီ၊ ရလာကြပြီဖြစ်သည်။

အထူးလိုအပ်သည်မှာ “နွားကွဲလျှင် ကျားဆွဲမည်”စကားပုံအတိုင်း နွားမကွဲအောင်၊ ကျားမဆွဲအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ထားကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအပေါင်းတို့ အတူတကွ ညီညီညွတ်ညွတ်၊ အေးအေးချမ်းချမ်း ပေါင်းဆုံနေထိုင်ရသည့် အခွင့်အရေးကို မဆုံးရှုံးအောင် အားထုတ်ရမည်ဖြစ်သည်။ ပန်းပေါင်းစုံလင်သည့် ပြည်ထောင်စုဥယျာဉ်ကြီး ထာဝရငွားငွားစွင့်စွင့် တင့်တယ်နေအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်သည် ပြည်သူပြည်သားအပေါင်းတို့အပေါ်တွင် အမိသဖွယ်၊ အဖသဖွယ် စိတ်ရင်းစေတနာမှန်ဖြင့် လိုအပ်ချက်မှန်သမျှကို ဖန်တီးဖြည့်ဆည်းပေးနေသည်။ သားသမီးအလိုကျ ဖြည့်ဆည်းစီမံပေးသည်။ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိသကဲ့သို့ ပြည်ထောင်စုအိမ်ကြီးမှ ဖယ်ခွာခဲ့သူ သားသမီးများကိုလည်း နွေးထွေးပျူငှာစွာဖြင့် ပြန်လည်လက်ခံပေးနေသည်၊ အတူတကွလက်တွဲပြီး ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ပေးသည်၊ အမည်းအစွန်းများကို ချေးချွတ်ပေးသည်၊ လမ်းမှန်ညွှန်ပြပေးသည်၊ မတူကွဲပြားတတ်မှုများကို တူညီမျှတအောင် ညှိနှိုင်းပေါင်းစပ်ပေးသည် စသည် စသည့် ပြည်ထောင်စုဖွား သားသမီးများအပေါ် မကုန်နိုင်ဖွယ်သောဖြည့်ဆည်းပေးမှုများသည် ပြည်ထောင်စုဖခင်ကြီး၏ စစ်မှန်သော စိတ်ရင်းစေတနာဖြစ်သည်။ ပြည်ထောင်စုမိခင်ကြီး၏ နွေးထွေးသော မေတ္တာစေတနာများဖြစ်သည်။ တစ်နည်းဆိုသော် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်လည်းဖြစ်သည်။

မျက်မှောက်ကာလတွင် ပြည်ထောင်စုတိုင်းရင်းသားပြည်သူအပေါင်းတို့၏ လိုအင်ဆန္ဒဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသည်။ ထိုသို့တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအပေါင်းတို့၏ လိုအပ်ချက်အတိုင်း ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရသည်။ မတူကွဲပြားမှုများကို တူရာစုပေါင်း၍ ညှိနှိုင်းအဖြေရှာပေးရသည်။ ၎င်းတို့မှာ တိုင်းရင်းသားပြည်သူအပေါင်းတို့၏ဆန္ဒကို ဖြည့်ဆည်းပေးလိုသောကြောင့် ဖြစ်သည်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲလိုသောကြောင့်ဖြစ်သည်။ ပြည်ထောင်စုကြီးတိုးတက်စေလိုသောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလ ပြည်ထောင်စု တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရေးအတွက် ပြည်ထောင်စုနေ့တွင် သန္ဓေတည်ပေးခဲ့သော ပြည်ထောင်စုစိတ်ဓာတ် အမွေခံကောင်းကို ဆက်လက်လက်ဆင့်ကမ်းသယ်ဆောင်ခြင်းဖြင့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို ချစ်ခင်မြတ်နိုး တန်ဖိုးထားလေးစားကြရန် ဆန္ဒပြုမိပါသည်။ ။

မျက်မှောက်ကာလ ပြည်ထောင်စုတိုင်းရင်းသား ပြည်သူအပေါင်းတို့အနေဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရေးအတွက် ပြည်ထောင်စုနေ့တွင် သန္ဓေတည်ပေးခဲ့သော ပြည်ထောင်စုစိတ်ဓာတ် အမွေခံကောင်းကို ဆက်လက်လက်ဆင့်ကမ်းသယ်ဆောင်ခြင်းဖြင့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို ချစ်ခင်မြတ်နိုး တန်ဖိုးထား လေးစားကြရန်ဆန္ဒပြု။

ပြည်သူ့လွှတ်တော်အစည်းအဝေး

သယ်ယူပို့ဆောင်ရေးစီမံကိန်း (၁၄၂)ခုကို နှစ်အလိုက် အကောင်အထည်ဖော်ရန် သုံးသပ်ရေးဆွဲထား

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်(၉)ခုဖြင့် ကျင်းပပြီး စိုက်ပျိုးစရိတ်ချေးငွေ ဒဏ်တိုးပယ်ဖျက်ပေးရေး၊ ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးဆောက်လုပ်ပေးရေးနှင့် အမျိုးသားသယ်ယူပို့ဆောင်ရေး မဟာစီမံကိန်းနှင့်ပတ်သက်သည့် မေးခွန်းများ မေးမြန်းဖြေကြားခဲ့သည်။

အစည်းအဝေးတွင် လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း၏ **"လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရာတွင် သတ်မှတ်ကာလထက်ကျော်လွန်ပါက ပေးဆောင်ရသော ဒဏ်တိုး ကျသင့်ငွေကို ပယ်ဖျက်ပေးရန် သို့မဟုတ် နှုန်းထားပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက တောင်သူလယ်သမားများသို့ ငွေချေးရန်အတွက် လိုအပ်သောရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူရပြီး တောင်သူ လယ်သမားများထံမှ ကောက်ခံချိန်မဟုတ်၍ ပြန်လည်မရသေးလျှင်ဖြစ်စေ၊ ကောက်ခံချိန်ဖြစ်သော်လည်း ၎င်းတို့က ပြန်လည်ပေးဆပ်ခြင်း မပြုသေးသည်ဖြစ်စေ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က မြန်မာ့စီးပွားရေးဘဏ်သို့ (၃)လတစ်ကြိမ် ပုံမှန်အတိုးပေးဆောင်နေရပါကြောင်း။

ထိုသို့(၃)လတစ်ကြိမ် အတိုးပေးဆောင် နိုင်ခြင်းမရှိပါက ပေးဆောင်ခြင်းမပြုနိုင်သည့် အတိုးငွေ ပမာဏအပေါ် မူတည်၍ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က မြန်မာ့စီးပွားရေးဘဏ်သို့ တစ်နှစ်လျှင် (၁၃)ရာခိုင်နှုန်းဖြင့် ပေးသွင်းနေရသော်လည်း

လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း။

တောင်သူလယ်သမားများ၏ ချေးငွေအပေါ် အတိုးကို တစ်နှစ်လျှင် (၅)ရာခိုင်နှုန်းသာကောက်ခံပြီး ပေးဆပ်ရန် သတ်မှတ်ကာလကျော်လွန်မှသာ ဒဏ်တိုးအဖြစ် တစ်နှစ် (၁၂)ရာခိုင်နှုန်းသာ ကောက်ခံခြင်းဖြစ်ပါကြောင်း။

သတ်မှတ်ကာလကျော်လွန်ပေးဆပ်မှုအတွက် တောင်သူလယ်သမားများအပေါ် ဒဏ်တိုးကောက်ခံခြင်းကို လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ပယ်ဖျက်ပေးရန် သို့မဟုတ် နှုန်းထားပြင်ဆင်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ လက်ရှိဥပဒေအား ပြင်ဆင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြင်ဆင်သည့်ဥပဒေအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **"နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားသယ်ယူပို့ဆောင်ရေးမဟာစီမံကိန်းကို မည်သို့ရေးဆွဲ၍ မည်သို့အကောင်အထည်ဖော်မည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးနည်းလမ်းအားလုံးပါဝင်သည့် အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းတစ်ရပ် ရေးဆွဲရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ ပင်မစီမံကိန်းတွင် လေကြောင်းပို့ဆောင်ရေးစီမံကိန်း(၃၂)ခု၊ ရေကြောင်းပို့ဆောင်ရေးစီမံကိန်း(၁၅)ခု၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးစီမံကိန်း(၃၃)ခု၊ ရထားပို့ဆောင်ရေးစီမံကိန်း(၁၄)ခု၊ ကုန်းလမ်းပို့ဆောင်ရေးစီမံကိန်း(၄၈)ခု စုစုပေါင်း (၁၄၂)ခုကို နှစ်အလိုက် အကောင်အထည်ဖော်ရန် သုံးသပ်ရေးဆွဲထားပါကြောင်း၊ အဆိုပါ ပင်မစီမံကိန်း၏ အပြီးသတ်မူကြမ်းအား ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပါက Master Plan ပါ စီမံကိန်းများကို ဦးစားပေး အဆင့်အလိုက် သုံးသပ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပင်မစီမံကိန်းပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုနှင့် ကြီးကြပ်မှုအတွက် ပို့ဆောင်ရေး

ဒုတိယဝန်ကြီး ဦးအုန်းသန်း။

ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အပါအဝင် အခြားပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်သည့် အမျိုးသားအဆင့်ဗဟိုကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းက **"မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ စတင်ဖြစ်တည်ရာ ဒေသများ ရေရှည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သဘာဝဂေဟစနစ်နှင့် မြေမျက်နှာသွင်ပြင်အပေါ် အခြေခံသည့် မြေစီမံခန့်ခွဲမှု မူဝါဒ ရေးဆွဲချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က မြေအသုံးချမှု မူဝါဒများတွင် တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေအသုံးချမှုလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သဘာဝနယ်မြေများနှင့် ရေဝေရေလဲဒေသများ ရေရှည်တည်တံ့စေရန်၊ ပတ်ဝန်းကျင်ရေရှည် တည်တံ့စေမည့် မြေသယံဇာတစီမံခန့်ခွဲရန်၊ ကဏ္ဍအလိုက် မြေအသုံးချမှုဆိုင်ရာဇုန်များ စနစ်တကျဖွဲ့စည်းသတ်မှတ်ရန်စသည့် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ဂေဟစနစ်များအား ရေရှည်တည်တံ့စေရန် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံတော် ဧရိယာ၏ (၃၀)ရာခိုင်နှုန်း ဖွဲ့စည်းရန်လျာထားခဲ့ပြီး (၂၄ ဒသမ ၈၁)ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ သဘာဝနယ်မြေများကို ရေတိုတွင် (၅)ရာခိုင်နှုန်း၊ ရေရှည်တွင် (၁၀)ရာခိုင်နှုန်း ဖွဲ့စည်းသတ်မှန်ရန် လျာထားရာ (၆ ဒသမ ၈၄)ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝနယ်မြေများတွင် မြန်မာနိုင်ငံ၌သာ တွေ့ရှိနိုင်သည့် မျက်ခုံးဖြူငှက်၊ ပြာခြောက်၊ မြန်မာ့မျိုးရင်း ရွှေသမင်များ၊ မျိုးသုဉ်းရန် နီးကပ်နေပြီးဖြစ်သော ကျား၊ မိကျောင်း၊ အာရှဆင်၊ ဝက်ဝံတို့ကို ထိန်းသိမ်းကာကွယ်ထားပါကြောင်း။

မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ စတင်ဖြစ်တည်ရာ ဒေသများရေရှည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သဘာဝဂေဟစနစ်နှင့် မြေမျက်နှာသွင်ပြင်အပေါ် အခြေခံသည့် မြေစီမံခန့်ခွဲမှု မူဝါဒရေးဆွဲချမှတ်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို အစိုးရအဖွဲ့အစည်းသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများကပါ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ နောင်ကိုလည်း သားစဉ်မြေးဆက်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုရှင်က အဆိုအား လွှတ်တော်တွင် မှတ်တမ်းတင်ထား၍ စောင့်ကြည့်သင့်ကြောင်း ၎င်း၏ သဘောထားကို လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ယင်းအဆိုကို မှတ်တမ်းတင်ထားရှိ စောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ အသင်းအဖွဲ့ (၇၆၉)ဖွဲ့ ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **"ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များထုတ်ပေးသော ဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့ထုတ်ပေးသည့် ကုမ္ပဏီလုပ်ငန်း မှတ်ပုံတင်များ၊ လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များနှင့် စပ်လျဉ်းသည့် အသိပညာများကို ပြည်သူများ လွယ်လွယ်ကူကူ သိရှိနိုင်ရန် သတင်းအချက်အလက်များနှင့် လုပ်ထုံးများပေါင်းချုပ်ကို ပြုစုထုတ်ဝေပေးရန် အစီအစဉ်ရှိ၊ မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာခွင့်ပြုမိန့် လျှောက်ထားမှုနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လိုသူများ အလွယ်တကူသိရှိစေနိုင်ရန် အတွက် ၎င်းဦးစီးဌာန website ဖြစ်သည့် www.dica.gov.com နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဟောပြောပို့ချခြင်း၊ အသိပေးဖြန့်ဝေခြင်းများ ပြုလုပ်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် လုပ်ငန်းလုပ်ကိုင်သူများ လွယ်ကူအဆင်ပြေစေရန် လုပ်ထုံးလုပ်နည်းအဆင့်များကို လျော့နည်းအောင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုံးခွဲများဖွင့်လှစ်ကာ ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်မြို့တို့ရှိ ရုံးများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆက်သွယ်မေးမြန်း ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံသားများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်မည်ဆိုလျှင် လိုအပ်သည့် အထောက်အထား၊ အချက်အလက်များ ပြည့်စုံပါက(၃)ရက်အတွင်း ကုမ္ပဏီမှတ်ပုံတင်၊ လုပ်ငန်းလိုင်စင်နှင့် ခွင့်ပြု

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း။

ချက်တို့ကို ရရှိနိုင်ပြီဖြစ်ပါကြောင်း၊ သို့ပါ၍ ဝန်ကြီးဌာနအနေဖြင့် ကုမ္ပဏီလုပ်ငန်းမှတ်ပုံတင်များ၊ လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် လုပ်ထုံးလုပ်နည်းများပေါင်းချုပ်ကို ထုတ်ဝေပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး၏ **"မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGO, INGOs)နှင့် ပတ်သက်၍ သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၂ အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားရှိသော ပြည်တွင်းအသင်းအဖွဲ့(NGO) (၆၆၃)သင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ (INGOs) (၁၀၆)ဖွဲ့ စုစုပေါင်း (၇၆၉)ဖွဲ့သည် ယင်းဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အသင်းအဖွဲ့များအဖြစ် လှုပ်ရှားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းအသင်းအဖွဲ့(NGO)များသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ၎င်းတို့အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်အလိုက် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ (INGOs)များသည် ၎င်းတို့အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုး၍ စာချုပ်ပါမူဝါဒ

ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း။

များနှင့်အညီ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်တွင် NGO, UN, INGOs အသင်းအဖွဲ့စုစုပေါင်း (၇၆)ဖွဲ့သည် လှုပ်ရှားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါအသင်းအဖွဲ့များမှာ ပညာရေး၊ ကျန်းမာရေးဆောင်ရွက်နေသော အသင်း(၂၆)သင်း၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးအသင်း(၁၃)သင်း၊ ရေကောင်းရေသန့်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော အသင်း(၂၃)သင်း၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသော အသင်း(၈)သင်းနှင့် သာရေးနာရေး ဆောင်ရွက်နေသော အသင်း(၆)သင်းတို့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ အခန်း(၃) ပုဒ်မ ၆(စ)တွင် **"၎င်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ ၎င်းဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုလည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိရပါက မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းကို ငြင်းပယ်ခြင်း"** ဟူ၍ ပြဋ္ဌာန်းထားရှိသဖြင့် NGO/INGOs အသင်းအဖွဲ့များအား MoU လက်မှတ်ရေးထိုးထားသော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသအဖွဲ့အစည်းများ၏ ကြီးကြပ်မှု၊ အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များ၏ ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

(သတင်းစဉ်)

မြန်မာ-စင်ကာပူ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချူဂုလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်အား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုလွှတ်တော် "၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများ စိစစ်ရေးပူးပေါင်းကော်မတီ"နှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများ ဆက်လက် စိစစ်နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးအေးမောင်၊ ကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး စိစစ်ရေးပူးပေါင်းကော်မတီအဖွဲ့ဝင်များနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ပြည်ထောင်စုလွှတ်တော် စိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားပြီး အစည်းအဝေးကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ၏ ခရီးစဉ်ဆိုင်ရာ ပြောကြားချက်များကို လက်မခံ

သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီသည် မြန်မာနိုင်ငံသို့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှ ၁၆ ရက်နေ့အထိ လာရောက်သည့် ခရီးစဉ်အပြီး၊ ၁၆-၁-၂၀၁၅ ရက်နေ့တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် ၎င်း၏ ခရီးစဉ်နှင့်စပ်လျဉ်း၍ သဘောထားအမြင်များ ပြောကြားခဲ့ပါသည်။ ၎င်းပြောဆိုချက်များတွင် ပါရှိသည့် စိုးရိမ်မှုရှိသည်ဆိုသည့်အချက် အများအပြားသည် လက်ရှိဖြစ်ပေါ်နေသည့် အပြုသဘောဆောင်သော အခြေအနေများနှင့်ကိုက်ညီမှုမရှိပါ။ အချို့ကိစ္စများတွင် နိုင်ငံတစ်နိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပြည်တွင်းတရားစီရင်ပိုင်ခွင့်ကို စွက်ဖက်သည်မှာ ထင်ရှားပေါ်လွင်နေပါသည်။ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါအချက်များကို ထုတ်ပြန်အပ်ပါသည်-

- **မစ္စရန်ဟီလီ၏ ပြောကြားချက်တွင် သုံးစွဲထားသည့် "ရိုဟင်ဂျာ" စကားလုံးအသုံးအနှုန်းနှင့်ပတ်သက်၍** မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့အမည်နာမသုံးစွဲမှုကို အတိအလင်းပယ်ချပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဤအသုံးအနှုန်းကို မည်သည့်အချိန်အခါကမျှ အသိအမှတ်မပြုခဲ့ပါ။ ဤအသုံးအနှုန်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုး(၁၀၀)ကျော်တွင် မည်သည့်အခါကမျှ ပါဝင်ခြင်းမရှိခဲ့ပါ။ ဗြိတိသျှကိုလိုနီခေတ် သန်းခေါင်စာရင်းကောက်ခံမှုမှတ်တမ်းများတွင်ပင် ပါဝင်ခြင်းမရှိခဲ့ပါ။ ဤအငြင်းပွားဖွယ်ရှိသည့် အသုံးအနှုန်းကို ထပ်တလဲလဲအသုံးပြုနေခြင်းသည် အရေးကြီးသည့် ကိစ္စရပ်ကိုဖြေရှင်းရန် အဟန့်အတားသာဖြစ်စေပါမည်။ ကုလသမဂ္ဂမှ ဤအသုံးအနှုန်းအသုံးပြုမှုသည် မြန်မာပြည်သူများ၏ မကျေမချမ်းဖြစ်မှုကို မလွဲမသွေ ဖြစ်ပေါ်စေပြီး၊ အစိုးရမှကြိုးပမ်းဆောင်ရွက်နေခြင်းများကို ပိုမိုခက်ခဲစေမည် ဖြစ်ပါသည်။
- **ဥပဒေကြမ်း(၄)ခုကိစ္စနှင့်ပတ်သက်၍** ဤဥပဒေကြမ်းများကို မြန်မာပြည်သူတို့၏ဆန္ဒနှင့်အညီ ရေးဆွဲလျက်ရှိခြင်းဖြစ်ပါသည်။ ဤဥပဒေကြမ်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးခဲ့ပြီး ပြည်သူတို့၏ အမြင်နှင့်သဘောထားများကို ဆီလျော်သကဲ့သို့ မူကြမ်းများတွင် ထည့်သွင်းစဉ်းစားခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းများကို လွှတ်တော်များတွင် ဆွေးနွေး၊ စဉ်းစား၊ ဆုံးဖြတ်နိုင်ရန်အတွက် ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ လွှတ်တော်များ၌ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် သေသေချာချာ အပြန်အလှန် ဆွေးနွေးစိစစ်ဆောင်ရွက်သွားရန်ရှိမည်ဖြစ်ပါသည်။ မြန်မာပြည်သူများအတွက် အကောင်းဆုံးအကျိုးကို ရှေးရှု၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤဥပဒေကြမ်းများ အတည်ပြုရေးလုပ်ငန်းစဉ်ပြီးဆုံးရန် အချိန်ယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ပြည်တွင်းဥပဒေပြုရေးလုပ်ငန်းစဉ်၏ ရလဒ်များအပေါ် ကြိုတင်မှန်းဆပြောကြားခြင်း၊ ဝေဖန်ခြင်းများသည် ပြည်သူများ၏ သဘောထားအမြင်အပေါ် လွှမ်းမိုးသြဇာ သက်ရောက်မှုရှိစေရန်၊ ပြည်သူများအကြား လှုံ့ဆော်မှုရှိစေရန် ကြိုးစားမှုတစ်ခုဖြစ်ပါသည်။
- **မြေယာကိစ္စနှင့်စပ်လျဉ်းပြီး** မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။ ထို့ကြောင့် မြေယာနှင့် လယ်သမားများသည် နိုင်ငံ၏ပဓာနကျသည့် အရင်းအမြစ်ဖြစ်ပြီး၊ လွန်စွာမှတန်ဖိုးထားပါသည်။ မြေယာကိစ္စများကို ပွင့်လင်းမြင်သာမှု၊ ထိရောက်မှုရှိစွာကိုင်တွယ်ဖြေရှင်းနိုင်ရန်အလို့ငှာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြေယာပြဿနာဖြေရှင်းလျက်ရှိရာတွင် ခေတ်နှင့်ဆီလျော်မှုမရှိတော့သည့် ဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ခိုင်မာသော ပိုင်ဆိုင်မှု အထောက်အထားမရှိမှု စသည်တို့ အပါအဝင် အဟန့်အတားများ ရှိနေပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် မြေယာပြုပြင်ပြောင်းလဲမှုများကို ဦးစားပေး အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။ ဤမြေယာပြုပြင်ပြောင်းလဲမှုများသည် ပြဿနာကို ထိရောက်စွာဖြေရှင်းသွားမည်ဖြစ်ပြီး ပြည်သူတို့၏အကျိုးကို ကာကွယ်ပေးကာ မြေယာပိုင်ဆိုင်ခွင့်ရှိသူများထံ မြေယာများကို ပြန်လည်ပေးအပ်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံတွင်းတွင် ကျယ်ပြန့်များပြားသော မြေယာများရှိခြင်းကြောင့် ဤမြေယာပြဿနာ ဖြေရှင်းရေးလုပ်ငန်းသည် နေ့ချင်းညချင်း ပြီးဆုံးနိုင်မည် မဟုတ်ပါ။
- **နိုင်ငံရေးအကျဉ်းသားများကိစ္စ ပြောကြားမှုနှင့်စပ်လျဉ်း၍** နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးလုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးလုပ်ငန်းစဉ်၊ နိုင်ငံ၏တည်ငြိမ်မှု၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့တွင် ပါဝင်နိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးမှုကို ဆောင်ရွက်ပါသည်။ နိုင်ငံရေးအကျဉ်းသားများရေးရာကိစ္စ ရေရှည်ဆောင်ရွက်နိုင်ရန် ယခုအခါ အဖွဲ့ဝင်တိုးချဲ့ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- သတင်းဆင်ဆာတည်းဖြတ်မှုကိုဖျက်သိမ်းခြင်း၊ ပုဂ္ဂလိကနေ့စဉ်သတင်းစာများ ထုတ်ဝေခွင့်ပြုခြင်း၊ သတင်းမီဒီယာဥပဒေသစ်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ အတည်ပြုပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်၍ နိုင်ငံအတွင်းမီဒီယာလွတ်လပ်ခွင့် ပိုမိုရရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။ အချို့ကဏ္ဍတွင် နောက်ပြန်လှည့်မှုများ ရှိနေသည်ဟု စွပ်စွဲမှုများ ပြုလုပ်ခဲ့ပါသည်။ သတင်းထောက်အချို့အား ဖမ်းဆီးမှုများကို ကိုးကားပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။ မည်သည့် သတင်းထောက်ကိုမျှ သတင်းစာလွတ်လပ်ခွင့်နှင့်အညီ ဆောင်ရွက်မှုများအတွက် ဖမ်းဆီးခြင်းမဟုတ်ဘဲ တားမြစ်နယ်မြေအတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်းကဲ့သို့သော ဥပဒေကျူးလွန်မှုများကြောင့် အရေးယူခြင်း ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ချိုးဖောက်သည့် မည်သူ့ကိုမဆို မည်သည့်နိုင်ငံကမျှ သည်းခံလိမ့်မည်မဟုတ်ပါ။ လက်ရှိမီဒီယာလွတ်လပ်ခွင့် အခြေအနေကို ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံများတွင်ပါ နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

အထူးအစီရင်ခံစာ တင်သွင်းသူအနေဖြင့် ၎င်း၏တာဝန်အား ထမ်းဆောင်ရာတွင် ချင့်ချင့်ချိန်ချိန်နှင့် ပညာရှင်ပီသစွာ ဆောင်ရွက်သင့်ပါသည်။ ၎င်း၏ခရီးစဉ်သည် မြန်မာနိုင်ငံ ပြည်သူများနှင့် မြန်မာနိုင်ငံအတွက် သဘောထားကွဲလွဲမှု၊ မယုံကြည်မှု၊ သွေးထိုးလှုံ့ဆော်မှုများအဖြစ်သို့ မရောက်ရှိစေသင့်ပါ။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ မစ္စရန်ဟီလီခရီးစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ဘာသာရေး၊ လူမျိုးရေး၊ တစ်ခုနှင့်တစ်ခုအကြား အမုန်းပွားစေမည့် မည်သည့်လုပ်ဆောင်ချက်၊ ပြောကြားချက်များကိုမျှ လက်ခံအားပေးခြင်းကို ပြုလုပ်မည်မဟုတ်ပါကြောင်း ခိုင်မာစွာ ထပ်လောင်းပြောကြားအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန။
နေပြည်တော်
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃ - မြန်မာ့ဘော်လီဘောအားကစားသမားကောင်းများ ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်၍ ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် ပန်းခြံကျောင်းလမ်းအားကစားကွင်း၌ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖိတ်ခေါ်(အမျိုးသားနေ့)ဘော်လီဘောပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းက စတင်ကျင်းပသည်။

ဖွင့်ပွဲကျင်းပရာတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဘော်လီဘောမိသားစု လူမှုရေးအသင်းဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြန်မာ့လက်ရွေးစင်ဘော်လီဘောအားကစားသမားဟောင်း ဦးတင်လွင်တို့က အဖွင့်အမှာစကားပြောကြားပြီး Dragon One Co.,Ltd. မှ အကြံပေးပုဂ္ဂိုလ် ဦးတင်မောင်လွင်နှင့် လှိုင်မြို့နယ်(၁၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းတို့က ဘော်လီဘောပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလာအသင်းနှင့် ရာမညတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြသည်။ ယင်းပြိုင်ပွဲတွင် အသင်း(၁၂)ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများမှာ ရာမည၊ မန္တလာ၊ စိန်ပန်းပြာ၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ၊ ရွှေအိုးစည်၊ ဇင်ယော်၊ တိမ်ပြာ၊ ပျံလွှား၊ ငုဝါ၊ (၁၃)ရပ်ကွက်(လှိုင်)၊ ပြည်ထဲရေးတို့ဖြစ်ကာ ယင်းပြိုင်ပွဲဖြစ်မြောက်ရေးအတွက် DRAGON ONE Co.,Ltd. က ပံ့ပိုးကူညီကြောင်း သိရသည်။ **(ကြေးမုံ)**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(အောက်ပုံ)**

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးဝင်း၊ ဒေါက်တာမြင့်အောင်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်၍ မဖြစ်မနေဆက်လက်အကောင်အထည်ဖော်ရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်မှ အကြံပြုထားပါကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် ခြံစည်းရိုးကာရံပြီးဖြစ်သော်လည်း စီမံကိန်းထုတ်လုပ်မှုလုပ်ငန်းများ စတင်နိုင်ရန် ကျန်ရှိနေသေးသော လုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် စီမံကိန်းလုပ်ငန်း စတင်နိုင်ရန်အတွက် လိုအပ်မည့် အဆောက်အအုံများ SX-EW Plant များ၊ Heap Leaching Pad Cell လိုင်းများစသည့် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဟန်ချက်ညီညီ တည်ဆောက်သွားရန် လိုကြောင်း။

JMC ကော်မတီအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းလက်တွေ့နယ်ပယ်၌ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များကို JMC ၏ ကြီးကြပ်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုတို့ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ခြံစည်းရိုးဧရိယာအတွင်း သီးနှံဝင်ရောက်စိုက်ပျိုးခဲ့သည့် တောင်သူများအား သီးနှံအမျိုးအစားအလိုက် ဒေသထွက်နှုန်းကိုအခြေခံ၍ ဒေသပေါက်ဈေးဖြင့် တွက်ချက်၍ ထောက်ပံ့ကြေး ငွေပေးအပ်ခဲ့သည့်အပြင် ရိတ်သိမ်းရန်ကျန်သီးနှံများကိုလည်း လုပ်အားခကျခံရိတ်သိမ်း၍ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးခဲ့ခြင်းကြောင့် ဒေသခံတောင်သူများ နစ်နာမှုမရှိစေရေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြေယာနစ်နာကြေးနှင့် ထောက်ပံ့ကြေးထုတ်ယူရန်ကျန်ရှိသော တောင်သူများလာရောက်ထုတ်ယူပါက ယခင်စတင်ခံစားခွင့်ပေးခဲ့သည့်လမှစ၍ နောက်ကြောင်းပြန် တွက်ချက်ထုတ်ပေးသွားရန်ဖြစ်ကြောင်း၊ ESIA အစီရင်ခံစာကို အစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့၏ အကြံပြုချက်များနှင့်အညီ ထည့်သွင်းရေးဆွဲပြီးဖြစ်၍ အတည်ပြုနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကုန်ဆုံးတော့မည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ဆောင်ရွက်မည့်လုပ်ငန်းများအတွက်လည်း ကြိုတင်လျာထား လုပ်ဆောင်ကြရန်လိုအပ်ပါကြောင်း၊ Vocational Training သင်တန်းများ အရှိန်အဟုန်မပျက်ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းထုတ်လုပ်မှုကာလ စတင်သည်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ရာ စီမံကိန်းတည်ဆောက်ရေးကာလအတွင်း အလုပ်မရသေး၍ အလုပ်စောင့်ဆိုင်းဆဲကာလအတွင်း Contribution Plan အရ ဆက်လက်ထောက်ပံ့ပေးထားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုများကို ဒေသခံပြည်သူများ၏ လိုအပ်ချက် စိတ်ဆန္ဒများနှင့်အညီ ဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ သီးနှံလျော်ကြေးနှင့် မြေယာနစ်နာကြေးများပေးလျော်ခဲ့မှု၊ စီမံကိန်းနယ်မြေနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက စီမံကိန်းနယ်မြေနှင့် စီမံကိန်းလုပ်ငန်းများလုံခြုံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စီမံကိန်းနယ်မြေအတွင်းရှိ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်သည့်ကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စတုတ္ထအကြိမ် အစိမ်းရောင်စီးပွားရေးအစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ မြန်မာ[GEGG (not for profit) Myanmar]တို့ ပူးပေါင်း၍ စတုတ္ထအကြိမ်အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက နေပြည်တော် MICC II ၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

စတုတ္ထအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပခဲ့သည်။ ဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် ထာဝစဉ်တည်တံ့စေသော သဘာဝသယံဇာတများ၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ပြန့်သော ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် နက်ရှိုင်းသောပေါင်းစပ်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်ကို အခြေခံ၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အပိုင်းသုံးပိုင်းခွဲ၍ သက်ဆိုင်ရာ ပညာရှင်အသီးသီး၏ အမြင်ရှုထောင့်များကို ဆွေးနွေးကြသည်။

ပထမပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးပွဲကို ဂျပန်နိုင်ငံ Institute for Global Environmental Steragies IGES မှ ညွှန်ကြားရေးမှူးချုပ်ဟောင်း Hon Toshiyuki Iwado၊ Cornell University မှ Professor Alexander Travis၊ ELTEK Norway မှ Sven Skaug၊ GEGG အဖွဲ့ဝင် ဒါရိုက်တာတို့က ထာဝစဉ်တည်တံ့စေသော သဘာဝသယံဇာတများ၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ပြန့်သော ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် နက်ရှိုင်းသော ပေါင်းစပ်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ပတ်သက်၍ မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းပညာများ၊ အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများစသည့် အကြောင်းအရာများအပေါ် ပညာရှင်အသီးသီးမှ ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များမှ မေးမြန်းလာသည့် မေးခွန်းများ၊ အကြံပြုချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ဒုတိယပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးပွဲကို World Wildlife Fund(WWF-USA)မှ Vice President Mr.Kate Newman၊ ဆွီဒင်နိုင်ငံ Stockhalm Environment Institute-SEI မှ ဒါရိုက်တာ Dr.Eric Kemp၊ National Commission on Social and Economic Affairs ဥက္ကဋ္ဌ၊ GEGG အဖွဲ့ဝင် ဦးတင်ထွဋ်ဦး၊ အိန္ဒိယသံအမတ်ကြီး Mr.Gautam Mukhopadhaya တို့မှ ရေသယံဇာတစီမံခန့်ခွဲမှု၊ တန်းတူညီမျှမှုအခွင့်အရေးနှင့် နည်းပညာဆိုင်ရာများအပေါ် ပညာရှင်အသီးသီးမှ ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက မေးမြန်းလာသည့် မေးခွန်းများ၊ အကြံပြုချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

တတိယပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။ ဆွေးနွေးပွဲကို ပြင်သစ်နိုင်ငံ GREEN LOTTUS အဖွဲ့မှ ပြင်သစ်လွှတ်တော်အဖွဲ့ဝင် Hon Jean-Marc၊ ဩစတြေးလျနိုင်ငံ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးမှုဆိုင်ရာ အဖွဲ့အစည်းမှ Dr.Rene VAN BERKEL၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ အင်ဒိုနီးရှားနိုင်ငံ Bogor စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ Rizald Boer၊ အမေရိကန်နိုင်ငံ Smithsonian Institution မှ Dr.Melisa Songer တို့မှ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းပညာများ၊ ဂေဟစနစ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များမှ မေးမြန်းလာသည့် မေးခွန်းများ၊ အကြံပြုချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ဖိုရမ်အား ဖေဖော်ဝါရီ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပူးတွဲသတင်းထုတ်ပြန်ချက်

စီးပွားဆက်ဆံမှု ပိုမိုခိုင်မာစေရေးအတွက် စင်ကာပူ-မြန်မာ ဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီလုပ်ငန်းများ ပြန်လည်စတင်မည်

၁။ စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် နှစ်နိုင်ငံ ဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီ၏ လုပ်ငန်းများကို ယခုနှစ်တွင် ပြန်လည်စတင်မည်ဖြစ်ပါသည်။

၂။ နှစ်နိုင်ငံ ဝန်ကြီးအဆင့် ပူးပေါင်းကော်မတီကို နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် စီးပွားရေး အခွင့်အလမ်းသစ်များ ပိုမိုဖြစ်ထွန်းစေရေးအတွက် ၁၉၉၅ ခုနှစ်တွင် ထူထောင်ခဲ့ပါသည်။ ပြန်လည်ဆောင်ရွက်မည့် ပူးပေါင်းကော်မတီသည် (က) ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ (ခ) ဘဏ္ဍာရေးနှင့် (ဂ) ဥပဒေဆိုင်ရာ စသည့်ကဏ္ဍသုံးရပ်တွင် အဓိကထား၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စင်ကာပူနိုင်ငံမှ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr.Lim Hng Kiang နှင့် မြန်မာနိုင်ငံမှ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်တို့က ဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီ၏ သဘာပတိများအဖြစ် တွဲဖက်ဆောင်ရွက်ကြမည်။ ဤသို့ ဆောင်ရွက်မည့်အစီအစဉ်ကို စင်ကာပူနိုင်ငံ၏ ဝါရင့်ဝန်ကြီးဂိုချောက်တောင်၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်သည့် နေပြည်တော်ခရီးစဉ်အတွင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ နှစ်နိုင်ငံအရာရှိများသည် အစည်းအဝေးများ ကျင်းပရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် စီးပွားရေးချိတ်ဆက်မှုအားကောင်းပြီး နှစ်နိုင်ငံကုန်သွယ်မှုမှာလည်း လွန်ခဲ့သည့်နှစ်များအတွင်း ပုံမှန်တိုးတက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်တွင် နှစ်နိုင်ငံနှစ်အလိုက်ကုန်သွယ်မှု တိုးတက်မှု မှာ ၆ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပြီး ကုန်သွယ်မှုပမာဏ စင်ကာပူ ဒေါ်လာ ၃ ဒသမ ၂၃ ဘီလီယံရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည် စင်ကာပူနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများတွင် အဆင့် ၈ နေရာတက်ခဲ့ပြီး စင်ကာပူနိုင်ငံ၏ အများဆုံး ကုန်သွယ်ဖက်နိုင်ငံ အဆင့် ၂၉ သို့ ရောက်ရှိခဲ့ပါသည်။ ထိုနည်းတူပင် စင်ကာပူနိုင်ငံသည် ၂၀၁၃ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံ၏ တတိယအများဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ စင်ကာပူနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်ခဲ့ပြီး စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းပမာဏမှာ အမေရိကန် ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံရှိပါသည်။ စင်ကာပူနိုင်ငံမှ ကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများနှင့် အိမ်ရာဆောက်လုပ်မှုလုပ်ငန်းများတွင် အများအပြားရင်းနှီးမြှုပ်နှံလျက်ရှိကြပါသည်။

စင်ကာပူ-မြန်မာဝန်ကြီးအဆင့်ပူးတွဲလုပ်ငန်းကော်မတီ။

အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

နေပြည်တော်   ဖေဖော်ဝါရီ ၃

၁။ နိုင်ငံတော်အစိုးရ လွှတ်တော်များအဖွဲ့၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာ ကွန်ရက်(NNER)တို့သည် ကျောင်းသားများ တောင်းဆိုသည့် အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်းသည့် လေးပွင့်ဆိုင်ဆွေးနွေးပွဲများ ကျင်းပရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က ရန်ကုန်မြို့ စိန်ရတုခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေး၏ သဘောတူညီချက်အရ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၃။ ဖေဖော်ဝါရီလ ၃ ရက်နေ့ ပညာရေးဝန်ကြီးဌာနတွင် ပြုလုပ်သည့် ဆွေးနွေးပွဲနေ့၌ ဆွေးနွေးပွဲကျင်းပရေး အသွင်သဏ္ဌာန်နှင့်ပုံစံများတွင် ကွဲလွဲမှုများရှိသည့်အတွက် အစည်းအဝေးစတင်ရန် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။

၄။ ဤအစည်းအဝေးကျင်းပနိုင်ရန် စီစဉ်ရသည့် သက်ဆိုင်ရာဝန်ကြီးဌာန အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်အဖွဲ့များသည် စိတ်ရှည်သည်းခံမှုရှိရှိဖြင့် စောင့်ဆိုင်းညှိနှိုင်းခဲ့ပါသည်။

၅။ နိုင်ငံတော်အစိုးရ တာဝန်ရှိသူများအနေနှင့် မလိုလားအပ်သော အကျပ်အတည်းများကို ရှောင်ရှားနိုင်ရေးအတွက် အချိန်ယူ၍ ပြင်ဆင်ရမည့်ကိစ္စရပ်များဖြစ်သည့် အစည်းအဝေးကျင်းပမည့်ပုံစံနှင့်အာဂျင်ဒါတို့ကို အကျေအလည် ညှိနှိုင်းသဘောတူညီချက်ရမှသာ အစည်းအဝေးများ ပြန်လည်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၆။ ဆွေးနွေးသည့် အဖွဲ့အစည်းများအကြား ကြိုတင်ညှိနှိုင်းသဘောတူညီချက်များရမှသာ အောင်မြင်သောဆွေးနွေးပွဲများ ကျင်းပနိုင်မည်ဖြစ်သည့်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်နေ့နောက်ပိုင်း၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အစိုးရအဖွဲ့အနေနှင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့နောက်ပိုင်း ကျောင်းသားများ ရွေးချယ်မည့်နေ့တွင် အစည်းအဝေးများ ပြန်လည်စတင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ နိုင်ငံတော်အစိုးရ၊ လွှတ်တော်များအဖွဲ့၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်(NNER)အဖွဲ့များ အားလုံးအနေနှင့်လည်း အောင်မြင်သည့် ဆွေးနွေးပွဲများ ကျင်းပနိုင်ရန်အတွက် လိုအပ်သောအကြိုညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားကြရန် သဘောတူညီခဲ့ကြပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

ကလေးများနေ့ အထိမ်းအမှတ် ဗိုလ်ချုပ်ကြေးရုပ်ရှေ့ ဂါရဝပြု

ရန်ကုန်   ဖေဖော်ဝါရီ ၃

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ကလေးများနေ့နှင့် ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် လေ့လာရေးခရီးအဖြစ် လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင် ကလေးပြုစုရေးမှ တာဝန်ခံဆရာ ဆရာမများနှင့် ကလေးငယ် ၁၂ ဦးတို့သည် ဖေဖော်ဝါရီ ၃ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်တုသို့ သွားရောက် ဂါရဝပြု အလေးပြုကြပြီး နတ်မောက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ သွားရောက် လေ့လာကြရာ တာဝန်ခံဆရာများက ဗိုလ်ချုပ်အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားခဲ့ကြောင်းသိရှိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့အထိမ်းအမှတ်ပွဲတော် ညောင်တုန်းမြို့၌ စည်ကားစွာကျင်းပမည်

ညောင်တုန်း   ဖေဖော်ဝါရီ ၃

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်ကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲတော်တွင် ဗိုလ်ချုပ်နှင့်ပတ်သက်သည့် စာစီစာကုံးပြိုင်ပွဲ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ပြိုင်ပွဲများ၊ ဗိုလ်ချုပ်ပုံတူပန်းချီ၊ ကာတွန်းပြိုင်ပွဲ များ၊ ကလေးများ သိမှတ်စရာ ဖတ်/ မှတ် စွမ်းရည်ပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ စာပေဟောပြောပွဲနှင့် သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းနှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် အမြင့် ကိုးပေရှိ ဗိုလ်ချုပ်ကြေးရုပ်တုကို သွန်းလောင်းစိုက်ထူသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲတော် ကျင်းပရေး ၁၀ ပေ × ၈ ပေမြေစိုက် ပိုစတာကြီးများကို အချက်အချာကျသော ဆားမလောက်လမ်းဆုံနှင့် မြို့မ(၈)လမ်း၊ ဈေးရှေ့နှင့် မြို့မ(၂)၁ လမ်းမတော်တွင် စိုက်ထူထားသည်။ ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့်ပွဲတော်အခမ်းအနားကို မြို့မ(၂)၁ လမ်းမတော် စုဝေးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် ပျော်ပွဲရွှင်ပွဲ အခမ်းအနားများနှင့် စာပေဟောပြောပွဲ၊ အားကစားပြိုင်ပွဲ များကို လည်း သွန်းဘုရားကြီးကွင်းအတွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ထွန်းကျော်(ညောင်တုန်း)

အလိမ္မာ စာမှာရှိ

ကိုးထပ်ကြီးဘုရား၌ နှမ်းမနဲဝေငှ

ရန်ကုန်   ဖေဖော်ဝါရီ ၃

စမ်းချောင်းမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားသက်တမ်းတော် (၁၁၀)ပြည့်နှစ် (၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၃ ရက်က စတင်ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်က အဖွဲ့လိုက် ထမနဲ(နှမ်းမနဲ) ဒယ် ၃၀ (ကောက်ညှင်းဆန်ပြည် ၁၂၀)ထိုး၍ ဘုရားဖူးလာရောက်သည့်ပရိသတ်များသို့ ပေးလှူခဲ့သည်။

ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ဗားကရာကျောင်းတိုက်အတွင်းမှ ပင့်သံဃာအပါး ၉၀ တို့အား ဘုရားဂေါပကအဖွဲ့ ဦးဆောင်၍ ဆွမ်းဆန်စိမ်းလောင်းလှူပြီး ညနေ ၄ နာရီတွင် ဆိုင်ပေါင်း ၁၀၀ ခန့်ဖြင့် နိဗ္ဗာန်ဈေးဖွင့်လှစ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

✻ မြန်မာမှ

GDP ၇ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ နှစ်စဉ်ပျမ်းမျှ ၆ ရာခိုင်နှုန်းတိုးတက်လာပြီး ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံ၏ GDP မှာ နှစ်ဆဖြစ်လာနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့်ထိစပ်လျက်ရှိပြီး ဈေးကွက်အားဖြင့် အရှေ့တောင်အာရှအတွင်း လူဦးရေ သန်း ၅၀၀ အတွက် ဝယ်လိုအားရှိနေကြောင်း၊ မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်းအရှည် ၂၈၃၂ ကီလိုမီတာရှိပြီး ငါးရှာနိုင်သည့် ဧရိယာ ၄၈၆၀၀၀ ကီလိုမီတာစကွဲရှိကာ ငါးလုပ်ငန်းအတွက် အရင်းအမြစ်ကြွယ်ဝကြောင်း၊ နှစ်စဉ်ငါးတန်ချိန် ၁ ဒသမ ၀၅ သန်းအထိ ထုတ်လုပ်နိုင်သည့် အလားအလာရှိပြီး မြန်မာနိုင်ငံ၏ ရေလုပ်ငန်းများတွင် ဂေဟစနစ်များ ပျက်သုဉ်းခြင်းကို ကာကွယ်နိုင်ရန် အရင်းအနှီး၊ နည်းပညာ၊ စီမံမှုပိုင်းများအားနည်းနေမှုများက စိန်ခေါ်မှု တစ်ရပ်ဖြစ်နေကြောင်း တင်ပြဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် လုပ်သားအင်အားများပြားပြီး စီးပွားရေးရင်းနှီးမြှုပ်နှံရန်များစွာ အလားအလာရှိနေကြောင်း၊ မြန်မာအစိုးရအနေဖြင့်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှု အမျိုးမျိုးကို လက်ခံ လျက်ရှိပြီး နိုင်ငံတကာနှင့် ခိုင်မာတောင့်တင်းသော စီးပွားရေးအဆက်အသွယ်များ ရှိနေကြောင်း၊ ရေမြေ၊ အဖိုးတန်ကျောက်၊ စိုက်ပျိုးရေး၊ လယ်ယာထွက်ကုန်၊ သယံဇာတ ကြွယ်ဝပြီး ထိုအရာများက ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများမှ ဖက်စပ်လုပ်ငန်းများအဖြစ် ပြောင်းလဲလာခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ၁၀၀ ရာနှုန်းအထိ ခွင့်ပြုလာဖွယ်ရှိခြင်းတို့ကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၄ ရက်တွင် ထပ်မံဆွေးနွေးကြမည်ဖြစ်သည်။

နယ်သာလန်နိုင်ငံမှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မစ်ရှင်အဖွဲ့သည် မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းအခြေအနေကို လာရောက်လေ့လာရာတွင် ရွှေပီတောက် ငါးပွဲရုံများကို သွားရောက် လေ့လာခဲ့သည်။

လှိုင်မြို့နယ် ရွှေပီတောက် ငါးဈေးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ အရောင်းမြှင့်တင်ခြင်းအခမ်းအနားကို ပြီးခဲ့သည့် အောက်တိုဘာလက ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ယင်းဈေးမှာ အကျယ် ရှစ်ဧကရှိပြီး ပွဲရုံပေါင်း ၄၃၀ ကျော်ရှိသည်။ ရေချိုငါးပွဲရုံ နှစ်ရုံအပါအဝင် ရေငန်ငါးများ အများဆုံး ၂၄ နာရီဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း စည်ပင်သာယာရေးမှ တာဝန်ခံ ဦးအောင်ကျော်ဆန်းက ပြောကြားသည်။

(ဖိုးသန့်)

❍ ကျောဖုံးမှ

စင်ကာပူလိဂ်၏ ထိပ်တန်းအသင်းဖြစ်ပြီး စင်ကာပူလက်ရွေးစင်ဟောင်းများဖြစ်သည့် ဘန်းနက်၊ ရှီကျားယီတို့ ပါဝင်ကစားလျက်ရှိသည်။ ဝါရီယာအသင်းမှာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို တတိယအကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

ရတနာပုံအသင်း နည်းပြချုပ် ဦးခင်မောင်တင့်က "ယခုပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်သောကြောင့် ကစားသမားများကို ပိုမိုကြိုးစားရန်မှာကြားထားကြောင်း၊ ဒါ့အပြင် အိမ်ကွင်း၌ ကစားရမည်ဖြစ်သောကြောင့် ပရိသတ်များအတွက် နိုင်ပွဲရယူပေးနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ပရိသတ်များအနေဖြင့်လည်း အသင်းအနိုင်ရရှိရေး တစ်ခဲနက်အားပေးစေလိုသော်လည်း စည်းကမ်းတကျ အားပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ဝါရီယာအသင်းမှာ တောင့်တင်းသည့်အသင်းဖြစ်၍ ခက်ခဲမည်ဖြစ်သော်လည်း ဒုတိယအဆင့်တက်ရောက်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဝါရီယာအသင်းနည်းပြ ဝီဗာက "ရတနာပုံအသင်းမှာ ကစားသမားကောင်းများ ပိုင်ဆိုင်ထားသည့် အသင်းကောင်းတစ်သင်းဟု မိမိတို့သိရှိ ထားကြောင်း၊ ယခုပွဲမှာ လွန်စွာခက်ခဲမည်ဖြစ်ကြောင်း မိမိတို့အသင်းအနေဖြင့်လည်း ရတနာပုံအသင်းကို ကျော်ဖြတ်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

(ဖိုးသော်ဇင်)

❖ သပြေတန်းခံတပ်မှ

ခံတပ်သုံးခုကို ဧရာဝတီမြစ်ကြောင်း၏ ဝဲယာညှပ်လျက် တြိဂံအနေအထားဖြင့် တည်ဆောက်ခဲ့သည်။ လက်ရှိကာလတွင် သပြေတန်းခံတပ်မြောက်ဘက်ခြမ်းတွင် စစ်ကိုင်းတံတား ချဉ်းကပ်လမ်းဖို့မြေအောက်အနေအထားတွင် ရှိနေသော်လည်း ခံတပ်မှာ အရှေ့အနောက်ပေ ၄၀၀ ကျော်၊ တောင်မြောက်ပေ ၃၅၀ ကျော် ကျယ်ဝန်းသည့်အနေအထားကို တွေ့မြင်နိုင်သည်။

ခံတပ်ကိုလေ့လာခြင်းဖြင့် ရှေးခေတ်မှ စစ်ရေးအမြင်များ၊ ခံတပ်တည်ဆောက်ပုံနည်းစနစ်များ၊ ခံတပ်အတွင်းဖွဲ့စည်းထားသော အခန်းများ၊ ခံတပ်တွင် တပ်ဆင်ထားသည့် အမြောက်များအား လေ့လာသိရှိနိုင်သည်။ ခံတပ်တွင် ဆင်ခြေလျှောအုတ်လမ်းများ၊ ဥမင်လိုဏ်များ၊ စစ်သည်ရဲမက်ခန်းများ၊ လက်နက်တိုက်၊ ယမ်းတိုက်များနှင့်အတူ ရေတွင်းတို့ပါရှိသည်ကို တွေ့နိုင်သည်။ သပြေတန်းခံတပ်သည် ခံတပ်သုံးခုတွင် အရွယ်အစားအကြီးဆုံးနှင့် ထုထည်အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သော တတိယမြန်မာ-အင်္ဂလိပ်စစ်ပွဲတွင် မတိုက်ခိုက်လိုက်ရဘဲ အင်္ဂလိပ်တို့အလွယ်တကူ သိမ်းပိုက်ရရှိသွားသော ခံတပ်ပင်ဖြစ်သည်။ သပြေတန်းခံတပ်တွင် ၁၉၇၉ ခုနှစ်က စစ်ကိုင်းမြို့နယ် နန်းတော်ကျွန်းရွာမှ တူးဖော်ရရှိထားသော ကျွန်းလုံးလှေကြီးကိုလည်း လေ့လာနိုင်သည်။ ကျွန်းလုံးလှေကြီးသည် အလျား ၇၈ ပေ၊ လှေဝမ်းအကျယ် ၅ ပေ ၆ လက်မရှိသည်။ မူလက နန်းတော်ကျွန်းရွာသစ်ဖောင်လုပ်သားများ ရွှံ့ညွန်အတွင်းနစ်မြုပ်နေသည်ကို တွေ့ရှိရာမှ တူးဖော်ဆယ်ယူခဲ့သည်။ နှစ်ပေါင်းများစွာ မြုပ်နေသည့်အတွက် မူလအစိတ်အပိုင်းအချို့ လျော့နည်းပျက်စီးမှုအနည်းငယ်ရှိသည်။

ထိုလျော့နည်းပျက်စီးမှုများကို သစ်အစားထိုး ပြုပြင်ပြီး ၂၀၀၅ ခုနှစ်တွင် ခံတပ်အတွင်းထိန်းသိမ်းထားရှိခဲ့သည်။ ယခုအခါ သမိုင်းဝင်သပြေတန်းခံတပ်အတွင်း ကျွန်းလုံးလှေကြီးကို လေ့လာနိုင်ကြောင်း သိရသည်။

(တိမ်တမန်)

ဖားကန့်မြို့နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်စစ်ကြောင်းများနှင့် KIA (ကချင်)အဖွဲ့ ထိတွေ့တိုက်ခိုက်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၃

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း KIA (ကချင်)အဖွဲ့မှ ဒေသခံပြည်သူများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ အဓမ္မဖမ်းဆီး ခေါ်ဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား နှောင့်ယှက်ပစ်ခတ်ခြင်းများကို စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိသည်။

ထိုသို့ KIA (ကချင်)အဖွဲ့မှ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေခြင်းကြောင့် တပ်မတော်စစ်ကြောင်းများက ဖားကန့်မြို့နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် ဖားကန့်မြို့နယ်၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်သို့ ရောက်ရှိစဉ် KIA (ကချင်)အဖွဲ့မှ အင်အား ၄၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများက ပြန်လည်ခုခံ တိုက်ခိုက်ကာ အဆိုပါနေရာအား ထိန်းချုပ်သိမ်းဆည်းခဲ့သည်။

ထိတွေ့တိုက်ပွဲဖြစ်ပွားမှုတွင် KIA (ကချင်)အဖွဲ့ထံမှ ပွိုင့်-၂၂ သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ဂျင်းကျည်တောင့် ၃၀၊ လက်ပစ်ဗုံး နှစ်လုံး၊ ကေအိုကျည်တောင့် ၅၀၊ အမ်-၂၂ ကျည်အိမ်တစ်ခု၊ ဒီတိုနေတာ ၁၆၅ ချောင်း၊ ၄၀ မမဗုံးသီး နှစ်လုံး၊ KIA (ကချင်)ယူနီဖောင်း ၁၅ ထည်တို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ စစ်သည်လေးဦးကျဆုံးကာ ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရစစ်သည်များအား ခေါ်ဆောင်ရန်အတွက် ဆိပ်မူကျေးရွာမှ တပ်မတော်စစ်ကြောင်းများက လာရောက်ပူးပေါင်းဆောင်ရွက်စဉ် ဖားကန့်မြို့၏တောင်ဘက် တစ်မိုင်ခွဲခန့်နေရာသို့ရောက်ရှိစဉ် KIA (ကချင်)အဖွဲ့အချို့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စောင့်ကြိုပစ်ခတ်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ KIA (ကချင်)အဖွဲ့မှ အလောင်းတစ်လောင်း၊ သံသယဖြစ်ဖွယ် ငါးဦး၊ လူနေတဲ ငါးလုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးနှင့် ဆိုင်ကယ်သုံးစီးတို့အား သိမ်းဆည်းရမိခဲ့ပြီး ပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဖားကန့်ဒေသအတွင်း တပ်မတော်စစ်ကြောင်းနှင့် KIA (ကချင်)အဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ။

ဒေသခံပြည်သူများအား ဖမ်းဆီး၊ ဆက်ကြေးကောက်ခံလျက်ရှိသည့် TNLA အဖွဲ့များနှင့် တပ်မတော်စစ်ကြောင်းများ ထိတွေ့တိုက်ခိုက်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၃

မိုးကုတ်-မိုးမိတ် ကားလမ်းအရှေ့ခြမ်း ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်းနှင့် ရိက္ခာစုဆောင်းခြင်းများ ပြုလုပ်နေကြောင်း ဒေသခံများ၏ သတင်းပေးပို့မှုများအရ တပ်မတော်စစ်ကြောင်းများက ဇန်နဝါရီ ၃၀ ရက်တွင် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်စဉ် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် မိုးမိတ်မြို့နယ် မန်ပတ်ရွာသို့ ရောက်ရှိခဲ့ရာ ဂျင်းရွာနေ ဦးအိုက်ညဲ (၄၆)နှစ်နှင့် ပြောင်းပြန်ရွာနေ ဦးထွန်းကြည်(၄၈)နှစ်တို့အား TNLA အဖွဲ့မှ တစ်ဦးလျှင် ငွေကျပ် သိန်း ၇၀ ပေးဆောင်ရန် တောင်းဆိုခဲ့ပြီး မပေးဆောင်နိုင်သဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသဖြင့် တပ်မတော်စစ်ကြောင်းများက ဖမ်းဆီးခေါ်ဆောင်ရာသို့ လိုက်လံရှင်းလင်းကြသည်။ ယင်းသို့ ရှင်းလင်းဆောင်ရွက်ရာတွင် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် မိုးမိတ်မြို့နယ် ရွှေညောင်ပင်ကျေးရွာသို့ ရောက်ရှိစဉ် TNLA အဖွဲ့ထံမှ အင်အား ၂၀ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး TNLA ယူနီဖောင်းဝတ်အလောင်း သုံးလောင်း၊ အမ်-၂၂ သေနတ်တစ်လက်၊ ကျည်အိမ် သုံးခု၊ အမ်-၂၂ ကျည်အတောင့် ၁၅၀၊ လမ်းလျှောက်စကားပြောစက်တစ်လုံး၊ ကျောပိုးအိတ် နှစ်လုံး၊ TNLA ယူနီဖောင်းတစ်စုံ၊ CDMA ဖုန်းတစ်လုံးတို့ သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းနှင့် TNLA အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ညနေပိုင်းတွင် TNLA အဖွဲ့မှ မိုးကုတ်-မိုးမိတ် ကားလမ်းပေါ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော လွယ်ဆာစခန်းအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ခြင်းကြောင့် တပ်မတော်မှ စစ်သည်တစ်ဦး ကျဆုံးခဲ့သည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ ရွှေညောင်ပင်ကျေးရွာ၏ အနောက်ဘက်တစ်ဝိုက်တွင် TNLA အဖွဲ့ဖြင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်မှ စစ်သည်လေးဦး ကျဆုံးခဲ့၍ သုံးဦး ဒဏ်ရာရရှိခဲ့သည်။ TNLA အဖွဲ့ထံမှ အလောင်း ခုနစ်လောင်း၊ လက်နက်ငယ်မျိုးစုံ လေးလက်တို့အား သိမ်းဆည်းရမိသည်။

ဖေဖော်ဝါရီ ၂ ရက် တိုက်ပွဲစတင်ဖြစ်ပွားချိန်မှ ယနေ့အထိ တပ်မတော်သား ငါးဦး ကျဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိကာ TNLA အဖွဲ့ထံမှ အလောင်း ၁၀ လောင်း၊ လက်နက်မျိုးစုံ ငါးလက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

TNLA အဖွဲ့အနေဖြင့် ဒေသခံပြည်သူများအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုပျက်ပြားခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြဝတီ)

မိုးမိတ်ဒေသအတွင်း တပ်မတော်စစ်ကြောင်းနှင့် TNLA အဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ။

KIA (ကချင်)အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခြင်းကြောင့် ဒေသခံပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကချင်ပြည်နယ် တနိုင်းမြို့တွင် နေထိုင်သော ဦးဇင်ဝင်း(ခေါ်)ဇင်ဝိုင်း (၂၇)နှစ်နှင့် မောင်ဖိုးချို (၁၈)နှစ်တို့နှစ်ဦးသည် ဖေဖော်ဝါရီ ၁ ရက် ညနေပိုင်းတွင် တနိုင်းချောင်းအတွင်း ငါးရှာရန်အတွက် စက်လှေဖြင့် ထွက်ခွာခဲ့ပြီး ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် တနိုင်းမြို့အနောက်ဘက် တစ်မိုင်ခန့်အကွာသို့ ရောက်ရှိစဉ် KIA (ကချင်)အဖွဲ့က လိုက်လံဖမ်းဆီးခြင်းကြောင့် စက်လှေကို မောင်းနှင်ထွက်ပြေးခဲ့ရာ KIA (ကချင်)အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သဖြင့် မောင်ဖိုးချိုအား ဖမ်းမိကာ ဦးဇင်ဝင်း(ခေါ်) ဇင်ဝိုင်းမှာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

ထွက်ပြေးလွတ်မြောက်ခဲ့သော ဦးဇင်ဝင်း(ခေါ်) ဇင်ဝိုင်းမှာ KIA (ကချင်)အဖွဲ့၏ ပစ်ခတ်မှုကြောင့် ညာဘက်ခါးတွင် ဒဏ်ရာရရှိခဲ့ပြီး တနိုင်းမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသလျက်ရှိရာ တပ်မတော်မှ တာဝန်ရှိသူများက သွားရောက်၍ အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဖားကန့်မြို့ရှိ ကျောက်စိမ်းတောင်ကုမ္ပဏီ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၃

ကချင်ပြည်နယ် ဖားကန့်မြို့ရှိ ကျောက်စိမ်းတောင်ကုမ္ပဏီ၏ ရုံးခန်းနှင့် စားချက်ဆောင်တို့၌ ဇန်နဝါရီ ၃၁ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်စစ်ကြောင်းများက သွားရောက်၍ လုံးခင်းကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ မီးငြိမ်းသတ်ပေးခဲ့ခြင်းကြောင့် ည ၁၀ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကို စုံစမ်းစစ်ဆေးရာ ရေမဆေးကျောက်ရှာဖွေသူ အင်အား ၃၀ ခန့်က မီးလောင်စေသော အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့ခြင်းကြောင့် မီးလောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မီးလောင်မှုတွင် ကုမ္ပဏီဝန်ထမ်း မောင်အောင်ကျော်ထွန်းနှင့် မောင်ရဲမင်းနိုင်တို့နှစ်ဦးမှာ ဒဏ်ရာအနည်းငယ်စီ ရရှိခဲ့သဖြင့် ဖားကန့်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

Miss Universe ပြိုင်ပွဲကြီး မြန်မာနိုင်ငံမှာလုပ်ရင် လှပတဲ့ပွဲတစ်ခုဖြစ်လာမယ်လို့ ၎င်းတို့က ယူဆတာကြောင့် ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်

အမေရိကန်နိုင်ငံ မီယာမီ ကမ်းခြေတွင် ကျင်းပခဲ့သည့် (၆၃)ကြိမ်မြောက် Miss Universe ပြိုင်ပွဲကြီးအပြီးတွင် မြန်မာနိုင်ငံအတွက် သတင်းကောင်းတစ်ခုထွက်ပေါ်လာခဲ့သည်။ Miss Universe အဖွဲ့ကြီးမှ တာဝန်ရှိသူများနှင့် Miss Universe Myanmar အဖွဲ့မှ တာဝန်ရှိသူများ မြန်မာနိုင်ငံတွင် (၆၄)ကြိမ်မြောက် Miss Universe ပြိုင်ပွဲကြီးလက်ခံကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြသည်ဆိုသည့်သတင်းဖြစ်သည်။ အဆိုပါအကြောင်းအရာနှင့် ပတ်သက်ပြီး Miss Universe Myanmar Organization မှ National Director ဒေါ်စိုးယုဝေနှင့် ယခုလို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ Miss Universe ပြိုင်ပွဲကြီး မြန်မာနိုင်ငံမှာ လက်ခံကျင်းပဖို့ ကမ်းလှမ်းဖြစ်ပုံကရော။

ဖြေ။ (၆၃) ကြိမ်မြောက် Miss Universe ပြိုင်ပွဲမသွားခင်ကတည်းက Miss Universe Organization ရဲ့ ဥက္ကဋ္ဌ Ms.Paula M Shugard က အီးမေးလ်နဲ့ ကမ်းလှမ်းထားတာပါ။ ပြိုင်ပွဲကို ကျွန်မကိုယ်တိုင် လာရောက်ခြင်းရှိ၊ မရှိ မေးမြန်းခဲ့ပြီး တက်ရောက်လာခဲ့လို့ရှိရင် ပွဲပြီးတဲ့အခါ အစည်းအဝေးပြုလုပ်လိုကြောင်း ကမ်းလှမ်းခဲ့ပါတယ်။ နောက်ပြီး ၂၀၁၃ Miss Universe Myanmar ပြိုင်ပွဲတုန်းက ဥက္ကဋ္ဌ Ms.Paula နဲ့ ဥက္ကဋ္ဌ Mr. Larry Parra တို့ ကိုယ်တိုင်လာကြည့်ကြတဲ့အပြင် ၂၀၁၄ အခွေပို့ပေးတာကိုကြည့်ပြီး မြန်မာနိုင်ငံမှာလုပ်ရင် လှပတဲ့ပွဲတစ်ခုဖြစ်လာမယ်လို့ သူတို့က ယူဆတာကြောင့် ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ခရီးသွားဧည့်သည်တွေ သဘောကျစေနိုင်တဲ့ မြန်မာနိုင်ငံရဲ့ အနေအထားတွေ ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းတွေကြောင့်လည်း ပါပါတယ်။ ဒါ့အပြင် ကျွန်မတို့အဖွဲ့အစည်းကို လုပ်နိုင်မယ်လို့ ထင်တာလည်းပါမှာပေါ့။

မေး။ ဘာတွေ အဓိကထားဆွေးနွေးဖြစ်ခဲ့ပါလဲ။

ဖြေ။ အဓိကကတော့ ပွဲလုပ်မယ့်နေရာ၊ လာတဲ့ပြိုင်ပွဲဝင်တွေနဲ့ Miss Universe Organization အဖွဲ့ဝင်တွေအတွက် နေရေးထိုင်ရေး၊ ပြိုင်ပွဲလုပ်တဲ့အခါ Lighting နဲ့ Audio ပိုင်းဆိုင်ရာတွေအတွက် လိုအပ်မယ့် ပစ္စည်းတွေရရှိနိုင်မယ့် အခြေအနေ၊ ပြိုင်ပွဲကို ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၀၀ ကျော်ကို တိုက်ရိုက်ထုတ်လွှင့်နေချိန်မှာ ကိုယ့်နိုင်ငံရဲ့ အကြောင်းအရာကို ဖော်ပြတင်ဆက်ခွင့်ရမယ့် Air Time အချိန်နဲ့ ကုန်ကျနိုင်မယ့် ငွေရေးကြေးရေး အတိုင်းအတာတို့ကို ဆွေးနွေးခဲ့ပါတယ်။

မေး။ အစ်မရဲ့ သဘောဆန္ဒကရော။

ဖြေ။ ကျွန်မအနေနဲ့တော့ ဒီအခွင့်အရေးကို လက်မလွှတ်ဘဲ အမိအရ အသုံးချချင်ပါတယ်။ ဒါပေမယ့် ထည့်သွင်းစဉ်းစားရမယ့် အခြေအနေတွေ အများကြီးရှိတဲ့အပြင် တာဝန်ယူမှုတွေလည်း အများကြီးလုပ်ရမှာပါ။ အများသဘောကိုလည်း စဉ်းစားရမှာပါ။

မေး။ မြန်မာနိုင်ငံအနေနဲ့ လက်ခံကျင်းပဖို့ အဆင်သင့်ဖြစ်နိုင်လား။ ဘာတွေ ပြင်ဆင်ရမလဲ။

ဖြေ။ ဖြစ်အောင်လုပ်မယ်ဆိုရင်တော့ ဖြစ်မှာပါ။ သူ့နေရာနဲ့သူပေါ့။ ကုန်ကျစရိတ်တွေတော့ ရှိနိုင်ပါတယ်။ ဒါပေမယ့် တချို့နေရာတွေမှာ ရေရှည်အတွက် ထိန်းသိမ်းတာတို့၊ ကိုယ့်ရဲ့ ကောင်းသတင်းပုံရိပ်တွေကို မြှင့်တင်တာ၊ ကိုယ်သိစေ၊ မြင်စေ၊ ကြားစေချင်တာတွေကို ထုတ်ဖော်ပြသနိုင်ဖို့ အတွက်တို့လို နေရာမျိုးတွေမှာ ပြန်ပြီးအသုံးပြုရတာတွေလည်း လုပ်သင့်ပါတယ်။

မေး။ လက်ခံကျင်းပဖို့အတွက် ဘယ်လို စိတ်ကူးထားလဲ အိမ်ရှင်အနေနဲ့ပေါ့။

ဖြေ။ အသေးစိတ်တော့ မစဉ်းစားရသေးပါဘူး။ အများကြီးညှိနှိုင်းရဦးမှာပါ။

မေး။ ရုရှားနဲ့ အမေရိကန် နှစ်နိုင်ငံမှာ လုပ်သွားတဲ့ ပြိုင်ပွဲတွေရဲ့ မတူညီတဲ့ အတွေ့အကြုံတွေ ပြောပြပါဦး။

ဖြေ။ ရုရှားနဲ့အမေရိကန်ပြိုင်ပွဲ နှစ်ခုမှာ အားပေးတဲ့ပရိသတ် အခြေအနေ မတူညီပါဘူး။ အမေရိကန်က လူမျိုးပေါင်းစုံရှိတဲ့အတွက် မိမိတို့ရဲ့ ပင်မနိုင်ငံတွေက ပြိုင်ပွဲဝင်တွေကို အားပေးကြသလို အနီးနားနိုင်ငံတွေကလည်း တစ်ခဲနက် အားပေးကြတာတွေ့ရပါတယ်။ ရာသီဥတုလည်း ကောင်းတယ်။ ဒါပေမယ့် ရုရှားမှာက ပိုပြီးကျယ်ဝန်းခမ်းနားတာ တွေ့ရပါတယ်။

မေး။ တခြားနိုင်ငံတွေလို အလှမယ်တွေကို ရေရှည်လေ့ကျင့်ပေးဖို့ရှိပါလား။

ဖြေ။ ဒါဟာ ကျွန်မတို့အဖွဲ့ အရေးကြီးစဉ်းစားနေတဲ့ အချက်ဖြစ်ပါတယ်။ နှစ်စဉ်ပြိုင်ပွဲဖြစ်မြောက်ရေးကို အချိန်လုပြီး ကြိုးစားရပါတယ်။ ပြီးတော့ ဒီနှစ်က မြို့ကြီးတွေမှာလည်း လုပ်ဦးမှာဆိုတော့ သူတို့တွေအတွက်လည်း အချိန်ပေးရမှာပါ။ အလှမယ်တွေ ကြိုတင်ရွေးချယ်ပြီး ရေရှည်လေ့ကျင့်ပေးဖို့ကြိုးစားနေပါတယ်။

မေး။ မြန်မာနိုင်ငံမှာသာ လက်ခံကျင်းပဖြစ်ရင် ကမ္ဘာကျော်ပြိုင်ပွဲကြီးတစ်ခုရဲ့ အိမ်ရှင်ဖြစ်လာမယ့် အပေါ် အစ်မရဲ့ အမြင်ကရော။

ဖြေ။ ကျင်းပဖြစ်ခဲ့မယ်ဆိုရင် အကျိုးရလဒ်တွေရှိသလို ဝေဖန်မှုတွေလည်း ရှိနိုင်ပါတယ်။ အကျိုးဖြစ်စေနိုင်တာတွေကို အမိအရအသုံးချနိုင်မယ် စိတ်အားထက်သန်ပြီး ကူညီမယ်ဆိုရင်တော့ ကောင်းတာပေါ့။ အများစုက ဖြစ်စေချင်ကြတာ တွေ့ရပါတယ်။ နိုင်ငံတကာ အတွေ့အကြုံရှိသူတွေကတော့ အိုလံပစ်ပွဲမျိုး၊ အခုလို ကမ္ဘာ့အဆင့်ပွဲမျိုးလုပ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ဒီပွဲတွေလုပ်ပြီးသွားတဲ့အခါ စီးပွားရေး၊ ခရီးသွားလုပ်ငန်းနဲ့အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာတာတွေ့ရတယ်လို့ သုံးသပ်ပြောဆိုတာတွေလည်းရှိပါတယ်။

မေး။ အစ်မတို့ Miss Universe Myanmar Organization ရဲ့ အနာဂတ်ရည်မှန်းချက်နဲ့ အစီအစဉ်ကရော။

ဖြေ။ ကျွန်မတို့ Organization အနေနဲ့ အလုပ်တွေကို အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်သွားပါမယ်။ ဖြစ်စေချင် ကြတာတွေ၊ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေကို ချိန်ဆပြီး ဆက်လက်ဆောင်ရွက်သွားပါမယ်။

(မင်းလှသား)

"Spring Breakers" စုံတွဲနှစ်ဦး ဇာတ်ကားအသစ်မှာ ပြန်လည်ဆုံတွေ့ပြီ

လွန်ခဲ့သော သုံးနှစ်ခန့်က "Spring Breaker" ဇာတ်ကားတွင် ဇာတ်ဆောင်များအဖြစ် ပါဝင်ခဲ့သော ဂျိမ်းစ်ဖရန်ကိုနှင့် ဆယ်လီနာဂိုမက်ဇ်တို့နှစ်ဦးသည် ယင်းဇာတ်ကားပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဇာတ်ကားသစ် "In Dubious Battle" တွင် ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

ယင်းဇာတ်ကားသည် ဂျွန်စတိုင်းန်ဘိခ်၏ ဝတ္ထုကို အခြေတည်၍ ဇာတ်အိမ်ဖွဲ့ထားသော ဒရမ်မာဇာတ်ကားတစ်ကားဖြစ်ပြီး ၁၉၃၀ ပြည့်နှစ်များက ကယ်လီဖိုးနီးယားပြည်နယ်၏ ပျက်စီးနေသော စီးပွားရေး အခြေအနေ အလေ့အထများကို တွန်းလှန် တိုက်ခိုက်ခဲ့သောသူတစ်ဦး အကြောင်း ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ဖရန်ကို ကိုယ်တိုင်ပင် ယင်းဇာတ်ကား၏ ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးပြီး ဘရိုင်ယန် ကရန်တွန်၊ ဒန်နီ မက်ဘရိုက်၊ အက်မာယ်ရစ်၊ ရောဘတ် ဒူဗောလ်နှင့် ဗင်းဆန့် ဒီအိုနိုဖရီအိုတို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

ယခုဇာတ်ကားသည် ဆယ်လီနာ နောက်ဆုံးရိုက်ကူးနေသော ဇာတ်ကားလည်းဖြစ်သည်။

(ခင်ခင်သက်)

ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၄-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၁း၀၅ ဟင်းချက်ရအောင်
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ပန်းနုသွေး” (အပိုင်း-၂၁)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိခင်နှစ်ဦးရဲ့ မေတ္တာ” (အပိုင်း-၁၃)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိခင်နှစ်ဦးရဲ့ မေတ္တာ” (အပိုင်း-၁၄)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ပန်းနုသွေး” (အပိုင်း-၂၂)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ကျွန်တော်ရဲ့ နှလုံးသား” (အပိုင်း-၁၀၁)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နတ်ဆေးသမားတော်” (အပိုင်း-၇၂)
- ၄း၀၅ World of Knowledge (WORLD CYBER GAMES)

မြဝတီ

- ၆း၀၃ တရားတော်
- ၈း၀၆ မွေးမြူသုတ
- ၈း၃၅ ဇာတ်လမ်းတို
- ၉း၀၀ စာပေအလင်းစာပေသတင်း
- ၄း၀၂ နိုင်ငံတော်သီချင်း
- ၄း၀၈ မျိုးချစ်တပ်မတော်
- ၄း၂၅ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အတိတ်ရဲ့ချစ်ခြင်း” (အပိုင်း-၉)
- ၆း၃၅ Meeting With The Celebrities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ရာဇဝင်ထဲကတော်ဝင်သမားတော်” (အပိုင်း-၁၁)
  - -ရယ်စရာပျော်စရာ ဟာသကမ္ဘာ
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဟိုတယ်ဘုရင်” (အပိုင်း-၁၁)
  - -တရားတော်

New Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၃၅ “အပျိုစင်တောင်ထိပ်ဆီသို့”
- ၈း၃၅ “ပန်းလှိုင်မြစ်ကြောင်းပြန်လည်တူးဖော်ခြင်း”
- ၉း၃၅ Colour Of ASEAN (5) (Singapore & Laos)
- ၁၀း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၂း၀၅ “ဂီတမဟာပျော်စရာ”
- ၂း၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၄း၅၀ (၆၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
- ၇း၅၀ “ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့ဂုဏ်ပြုအစီအစဉ်”
  - -သုခုမရင်ခွင်အငြိမ့်သဘင် “အလင်္ကာဟားအငြိမ့်” မင်းသမီး-အိဇင်မိုး၊ လူရွှင်တော်-စိန်ပန်းသီး၊ ပေါ်ဦး၊ အောင်ချစ်၊ ပိုင်ကျော်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

Entertainment Channel

- ၆း၀၀ အဖွင့်
  - -ဝတ်မှုံတေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၃)
- ၆း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ဒဏ္ဍာရီထဲကတေးကဗျာ” (အပိုင်း-၂၅)
- ၇း၀၅ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်” (အပိုင်း-၄၉)
- ၈း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်” (အပိုင်း-၅၀)
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၁၅ ပြည်သူ့နီတိ “ဒူလာချစ်ဖေ”
- ၉း၃၅ (60th) Myanmar-Japan Symphony Orchestra-2014
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၁း၁၅ မြန်မာရုပ်ရှင်(ဖြူ/မဲ) “သဘင်သည်မဝင်ရ” (ကောလိပ်ဂျင် နေဝင်း၊ စိန်မြင့်၊ ထွန်းထွန်းနိုင်၊ အေးအေးသင်း၊ မေဝင်းမောင်) (ဒါရိုက်တာ-မောင်မောင်သက်ခိုင်)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။

MYANMAR INTERNATIONAL

Programme in Brief

(4-2-2015) (Wednesday)

- Mosaic Painting (Precious Stones & Gems)
- A Day In Bagan
- Cultural Shows: Theatrical Art
- Inspiration
- A Simple and Peaceful Life
- Craft Blacksmithing
- Moving Meditation: Aikido
- We'll Leave After 12 Passengers Are On Board...
- Insight Myanmar "Responsible Tourism and Economy"
- Made in Myanmar "Mixxo"
- Products Of Myanmar - Seashells Products
- Beautiful Mon Choral Dance
- Crocodile Keeper
- Food Trip (EP-4)(Part-1)

စပိန်လာလီဂါ ရင်ခုန်သံ (၂၂)

ရှိုင်းမင်းမင်း

စပိန်လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ်(၂၂)ကို လာမယ့်ဖေဖော်ဝါရီ ၇၊ ၈၊ ၉၊ ၁၀ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်မှာ မက်ဒရစ်ဒါဘီဖြစ်တဲ့ အက်သလက်တီကိုနဲ့ရီးယဲလ်တို့ ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲစဉ်တစ်ပွဲဖြစ်လာမှာပါ။

ဒီပို့တီဗို - အီဘား　　　နံနက် ၂း၁၅ နာရီ ၇-၂-၂၀၁၅

ဒီပို့တီဗိုဟာ အိမ်ကွင်းကစားပုံ မဆိုးပါဘူး။ အီဘားကလည်း လက်ရှိအချိန်မှာခြေစွမ်းပိုင်းမဆိုးတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပို့တီဗိုအနေနဲ့အီဘားကို အသာရဖို့ ရုန်းကန်ရနိုင်ပြီး သရေလောက်သာရမှာပါ။

အက်သလက် - ရီးယဲလ်　　　ည ၉း၃၀ နာရီ ၇-၂-၂၀၁၅

ဒီရာသီမှာရီးယဲလ်ဟာ အက်သလက်တီကိုနဲ့ဆုံတိုင်း အနိုင်ရယူနိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့် ဒီပွဲစဉ်မှာခြေကုန်ထုတ်လာမှာ ဖြစ်ပေမယ့်လည်း ဆီမီးလ်နဲ့ ပွဲကျန်ကစားခဲ့ရမှုကြောင့် ပွဲပန်းလာခြေရှိပါသေးတယ်။ အက်သလက်တီကိုကလည်း ချန်ပီယံမျှော်လင့်ချက်အတွက်အားစိုက်လာမှာပါ။ သရေကျသွားဖို့များတယ်။

ဗီလာရီးယဲလ် - ဂရန်နာဒါ　　　ည ၁၁း၃၀ နာရီ ၇-၂-၂၀၁၅

ဗီလာရီးယဲလ်ရဲ့ ခြေစွမ်းပိုင်းကောင်းမွန်မှုကို ဟန့်တားနိုင်တဲ့အား ဂရန်နာဒါမှာ မရှိပါဘူး။ အထူးသဖြင့် ဗီလာရီးယဲလ်ဟာ အိမ်ကွင်းမှာဆိုရင် ကစားပုံပိုကောင်းတတ်တာကြောင့် ဒီပွဲမှာ ဗီလာရီးယဲလ်ကပဲ နိုင်ပွဲရသွားမှာပါ။

လီဗန်တေး - မာလာဂါ　　　ည ၁း၃၀ နာရီ ၈-၂-၂၀၁၅

လီဗန်တေးခြေသာမန်သာရှိပေမယ့် မာလာဂါကလည်း တိုက်စစ်ပိုင်း အားနည်းသလိုအဝေးကွင်းမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် လီဗန်တေးတို့ ဒီပွဲမှာတော့ အနိမ့်ဆုံးသရေလောက် ကစားသွားနိုင်မှာပါ။

ဆိုစီဒက် - ဆယ်တာဗီဂို　　　နံနက် ၃း၃၀ နာရီ ၈-၂-၂၀၁၅

ဆိုစီဒက်ဟာအိမ်ကွင်းကစားပုံကောင်းမွန်တာကြောင့် ဆယ်တာဗီဂိုကို ထိန်းချုပ်သွားနိုင်မှာပါ။ အဝေးကွင်းခြေမတည်ငြိမ်တဲ့ ဆယ်တာဗီဂိုတို့ ဒီပွဲမှာဆိုစီဒက်ဆီကအမှတ်ခွဲယူနိုင်ဖို့တောင်မလွယ်ပါဘူး။

ကော်ဒိုဘာ - အယ်မာရီယာ　　　နံနက် ၅း၃၀ နာရီ ၈-၂-၂၀၁၅

အယ်မာရီယာဟာ တန်းမဆင်းရဖို့ ရုန်းကန်နေပေမယ့် ခြေစွမ်းပိုင်းတည်ငြိမ်မှုအားနည်းနေပါတယ်။ ကော်ဒိုဘာရဲ့ခြေစွမ်းပိုင်းကလည်း သာမန်သာရှိပေမယ့် အိမ်ကွင်းမှာ ခံစစ်ကစားပုံမဆိုးပါဘူး။ တန်းမဆင်းရဖို့ ရုန်းကန်ကြမယ့် နှစ်သင်းဆုံတွေ့မှုမှာ ကော်ဒိုဘာကပ်နိုင်သွားခြေရှိတယ်။

MFF ယူ-၂၀ ဖိတ်ခေါ်ပြိုင်ပွဲ ပွဲစဉ်များထွက်ပေါ်

ရန်ကုန်　ဖေဖော်ဝါရီ　၃

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိထားသည့် မြန်မာယူ-၂၀ အသင်း၏ အကြိုပြင်ဆင်မှုအဖြစ်ကျင်းပမည့် MFF ယူ-၂၀ သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ပွဲစဉ်များထွက်ပေါ်လာပြီဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ သမုဒ္ဒရာပိုင်းဇုန်မှ ဖီဂျီအသင်း၊ အာရှယူ-၁၉ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ရောက်ရှိခဲ့သည့် ဥဇဘက်ကစ္စတန်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မူလက အသင်းလေးသင်းဖြင့် ကျင်းပရန်စီစဉ်ခဲ့သော်လည်း ဥရောပထိပ်သီးအသင်းများကို ဖိတ်ကြားမှုအဆင်မပြေခဲ့သောကြောင့် သုံးသင်းဖြင့်သာ ကျင်းပရခြင်းဖြစ်သည်။ ယခုပြိုင်ပွဲဝင်မည့် သုံးသင်းစလုံးမှာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်းများဖြစ်သည်။

ပွဲစဉ်ရေးဆွဲထားမှုအရ ဖေဖော်ဝါရီ ၁၇ ရက်တွင် မြန်မာယူ-၂၀ အသင်းနှင့် ဖီဂျီ ယူ-၂၀ အသင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် ဖီဂျီ ယူ-၂၀ အသင်းနှင့် ဥဇဘက်ကစ္စတန် ယူ-၂၀ အသင်း၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် မြန်မာ ယူ-၂၀ အသင်းနှင့် ဥဇဘက်ကစ္စတန် ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုပြိုင်ပွဲမှာ မြန်မာယူ-၂၀ အသင်း၏ ဒုတိယမြောက်ပြင်ဆင်မှုဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက်မှ ၃၁ ရက်အထိ တူရကီနိုင်ငံတွင် ခြေစမ်းပွဲများ သွားရောက်ကစားခဲ့ရာ ရလဒ်ကောင်းများရရှိခဲ့သည်။

မြန်မာယူ-၂၀ အသင်းသည် ယင်းပြိုင်ပွဲအတွက် ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ပြင်ဆင်သွားမည်ဖြစ်ပြီး တူရကီခြေစမ်းခရီးစဉ်သွားရောက်ခဲ့သည့် ကစားသမားများဖြင့် လေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် နိုဝင်ဘာ ၁၇ ရက်ကတည်းက လေ့ကျင့်နေခြင်းဖြစ်ပြီး ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိထားသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိသည်။

(ရှိုင်းထက်ဇော်)

မလေးရှား၌ကျင်းပမည့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ယှဉ်ပြိုင်မည်

ရန်ကုန်　ဖေဖော်ဝါရီ　၃

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိနိုင်စေရန်အတွက် မလေးရှားနိုင်ငံ မလက္ကာမြို့၌ ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ ထိပ်သီးအသင်းများ (ISTAF Super Series 2015) ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ နည်းပြအဖွဲ့ဝင်များနှင့် အားကစားသမား ၁၀ ဦးတို့သည် ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ TG လေကြောင်းခရီးစဉ်ဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအသင်းအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်သည် ဖေဖော်ဝါရီ ၅ ရက်တွင် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အာရှထိပ်သီးအသင်းများဖြစ်သည့် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် အိမ်ရှင်မလေးရှားအသင်းတို့သည် အမျိုးသား(Regue)နှင့် အမျိုးသမီး(Regue) နှစ်မျိုးသာ ကျင်းပမည်ဖြစ်ပြီး အမျိုးသား (Regue)ပြိုင်ပွဲတွင် အသင်းရှစ်သင်းနှင့် အမျိုးသမီး (Regue)ပြိုင်ပွဲတွင် အသင်းခြောက်သင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန်　ဖေဖော်ဝါရီ　၃

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လက်ရွေးစင်အသင်း၌ အခြေခံနိုင်မည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်လျက် the 7th Horizon Open Table Tennis Championship 2015 စားပွဲတင်တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်း အမှတ်(၂၃၅) သန်လျင်တံတားအနီးရှိ Horizon International School(Shukhinthar Campus)၌ ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ Horizon International School မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စားပွဲတင်တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသမီး(၁၂)နှစ်အောက်ပြိုင်ပွဲတွင် ယဉ်ဝေခိုင်(အထက-၁၊ ဒဂုံ)နှင့် လူမော်ဦး(ILBC)၊ အမျိုးသမီး(၁၅)နှစ်အောက်ပြိုင်ပွဲတွင် မှူးသိမ့်သိမ့် (ရန်ကုန်အကယ်ဒမီ)၊ အမျိုးသား (၁၅)နှစ်အောက်ပြိုင်ပွဲတွင် စွမ်းပြည့်ထွန်း(အထက-၁၊ ဒဂုံ)၊ အမျိုးသား (၁၈)နှစ်အောက်ပြိုင်ပွဲတွင် စိုးမင်းဦး(အထက-၁၊ ဒဂုံ)၊ အမျိုးသမီးအလွတ်တန်း(Open)ပြိုင်ပွဲတွင် မာမာစိုး (MICB)၊ အမျိုးသား 3rd Class Open ပြိုင်ပွဲတွင် အောင်ဝင်း၊ 2nd Class Open ပြိုင်ပွဲတွင် မင်းနိုင်ဦး၊ 1st Class Open ပြိုင်ပွဲတွင် သက်ကိုကိုလတ်၊ အမျိုးသား(၄၅)နှစ် Open ပြိုင်ပွဲတွင် လှမျိုးခိုင်၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် စိုးမင်းဦးနှင့် ကြည်မြင့်အတွဲတို့က အသီးသီး ဗိုလ်စွဲသွားကြပြီး တာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ကြေးမုံ)

ဆေးတက္ကသိုလ်(၁) ကျောင်းသားကျောင်းသူဟောင်းများအသင်းမှ ကြီးမှူးကျင်းပသော...

ဗီဝကာရဲ့ဂီတညာ

"ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုငွေပဒေသာပင်ရန်ပုံငွေ"

နိုင်ထူး၊ စည်သူလွင်၊ ဖော်ပိုင်၊ L လွန်းဝါ၊ ဖြိုးပြည့်စုံ၊ မေဆွိ၊ မေမလာ၊ ဇမ်နူး၊ ရှင်ဖုန်း၊ ချစ်သုဝေ
ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ အိမ့်ချစ်၊ နေနေ၊ နီနီခင်ဇော်၊ နန်းမြတ်ဖြိုးသင်း၊ ဆုထက်လှိုင်

ဥက္ကာဦးသော **PLUS THREE** Music Band



ဖေဖော်ဝါရီလ(၆)ရက်၊ ၂၀၁၅(သောကြာနေ့) ညနေ(၆း၃၀)နာရီ အမျိုးသားဇာတ်ရုံ

50000 Ks. 30000 Ks. 20000Ks. 10000Ks.

လက်မှတ်အရောင်းဌာန
မန်းသီရိဝေးသံသွင်း - ဖုန်း - 01-392931၊ **Call Center 1876** (1886)
KOKO Beauty Salon - ဒဂုံစင်တာ(၁) ဖုန်း - 01-526961(Ext:106)

ဗီဝကာရဲ့ဂီတည Sponsored by:

Lactacyd

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ သမိုင်းဘာသာ

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေ ညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့ နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီးတစ်သင်းထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀ မှာ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများရဲ့ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အားပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်အစိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး"ရဲ့ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေး၊ တွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေး၊ တွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် (ခရစ်နှစ် ၁၉၃၈) ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေး ဆင်နွှဲတဲ့အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး(၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီးလေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေး အရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်း အက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ်ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကိုလေ့လာရာမှာ ကိုလိုနီခေတ် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေးပေါ်လာတယ်။ ဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေး အတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှုဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နဲ့ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

ဒ့ါအပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင်စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက-

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီအင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာမှ ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့်အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေး လုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒ့ါအပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေးဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက်လေ့လာသင့်တယ်။

အိန္ဒိယမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်ရဲ့ ဆွာရက်ျခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်းဂန္ဒီနဲ့ ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၀ နောက်ပိုင်း ဂန္ဒီရဲ့ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှ အမျိုးသားလှုပ်ရှားမှုလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေ့ရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ -

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း

စာမျက်နှာ ၁၆ သို့ »»

»» စာမျက်နှာ ၁၅ မှ

- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ သြစတြီးယားကို သိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ဖြစ်တယ်။ ဒါတွေကိုတစ်ခုချင်း လေ့လာရမှာဖြစ်တယ်။ အဆိုပါကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများ ဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအားစုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေးအကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီစတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေးခံယူချက် တူညီမှုမရှိသကဲ့သို့ အမြင်ချင်း တူညီမှုလည်း မရှိတာကိုတွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များ ဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ်အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော(Warsaw)စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ ဖြစ်တယ်၊ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်းခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော် တည်ဆောက်ရေးကြိုးပမ်းမှုများကို လေ့လာသိရှိရမှာ ဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ်၊ စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင်ရေးပါ' ဟူ၍ဖြစ်ပြီး 'မှား' သို့မဟုတ် 'မှန်' ကိုရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂) ပုဒ်နဲ့ ကမ္ဘာ့ သမိုင်း (၃) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ)မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄)ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို (၄)ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ်ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ) မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅)ပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်း (၅)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂)ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ)မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ်ပါရှိမှာဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ်ဖြစ်တယ်

ကျောင်းသူ၊ ကျောင်းသားများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ်ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်
၄။ မေးခွန်းကို သေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာ ဖြေဆိုရန်

ဖြစ်ကြောင်း တင်ပြရင်း ပို့ချချက်ကိုရပ်နားလိုက်ပါတယ်။

ဒေါက်တာမာဂရက်ဝေါင်း
ပါမောက္ခ၊ (ဌာနမှူး)
သမိုင်းဌာန
ရန်ကုန်တက္ကသိုလ်

သထုံမြို့နယ်အတွင်း ကျေးရွာများသောက်သုံးရေနှင့် မီးအလင်းရရှိ

သထုံ ဖေဖော်ဝါရီ ၃

မွန်ပြည်နယ်...

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိအမကကျောင်းများအခြေစိုက်တည်ရှိသော ကျေးရွာရှစ်ရွာတွင် မီးစက်မီးမောင်းစနစ်ဖြင့် ဖေဖော်ဝါရီ ၁ရက်မှစတင်၍ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိခဲ့ကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်အတွင်း ရှမ်းစု-ဂေါ်ဒူကျေးရွာ၊ ရွာသာညွန့်ကျေးရွာ၊ ငွေသောင်ယံကျေးရွာ၊ သောင်စုကျေးရွာ၊ မြစိမ်းကျွန်းကျေးရွာ၊ အင်းမရွာလေးကျေးရွာ၊ ကုလားကုပ်ကျေးရွာနှင့် ကျောက်တိုင်-စာဖြူစု ကျေးရွာများတွင် HARMONIOUS UNITY INTERNATIONAL Co.,Ltd ကုမ္ပဏီမှ ဂျပန်နိုင်ငံသား အလှူရှင်များ၏ မတည်လှူဒါန်းမှုဖြင့် ယခုကဲ့သို့သောက်သုံးရေနှင့် မီးအလင်းရရှိသုံးစွဲနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီရွာလေးတွေက မြို့ပြနဲ့ဝေးပြီး ဖွံ့ဖြိုးမှုနောက်ကျတဲ့ ကျေးရွာငယ်လေးတွေဖြစ်ပါတယ်။ ဒီလိုဖွံ့ဖြိုးမှုနောက်ကျတဲ့ ကျွန်တော်တို့ရွာလေးတွေ အခုတော့ ရေရောမီးပါ လိုသလောက် သုံးစွဲနိုင်ကြပါပြီ။ ရွာတစ်ရွာ ဒေသတစ်ခု ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်ရတာမလွယ်ကူပါဘူး။ အပြုသဘောဆောင်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်နေပေမယ့်လည်း တစ်ခါတလေမှာ စိတ်အနှောက်အယှက် ဖြစ်ရတာတွေလည်း ကြုံရပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ရပ် ကိုယ့်ရွာတိုးတက်ဖို့အတွက် စေတနာမှန်နဲ့ တတ်နိုင်သလောက် ကြိုးစားပေးသွားဦးမှာပါ။ အခုလို ရေရောမီးပါ အလွယ်တကူသုံးစွဲလို့ရအောင် ပူးပေါင်းဆောင်ရွက်ပေးခဲ့တဲ့ ဂျပန်နိုင်ငံသားအလှူရှင်များနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ရွာသူ ရွာသားတွေအားလုံးက အလွန်ကျေးဇူးတင်နေကြပါတယ်"ဟု ဂေါ်ဒူကျေးရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်သူ ဦးသောင်းငြိမ်းက ပြောသည်။

ယင်းအလှူရှင်များအဖွဲ့သည် ဂေါ်ဒူကျေးရွာသို့ နံနက် ၉ နာရီတွင် ရောက်ရှိ၍ ရေစက်၊ မီးစက်များအား စမ်းသပ်မောင်းနှင်ခြင်း၊ စစ်ဆေးခြင်း၊ မီးစက်နှင့် မီးချောင်းများသွယ်တန်းထားရှိမှုများကို လိုက်လံကြည့်ရှုခြင်း၊ ကျေးလက်မှ ဧည့်ခံဖျော်ဖြေသည့် ကရင်ဒုံးယိမ်းအကများအား ကြည့်ရှုအားပေးခြင်းနှင့် ပါဝင်ဓာတ်ပုံရိုက်ကူးခြင်း၊ ကျောင်းသား ကျောင်းသူများအား အဝတ်အထည်နှင့် ကျောင်းသုံးဗလာစာအုပ်များဝေငှခြင်း၊ ကျေးလက်မှပြန်လည်ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းများနှင့် ရိုးရာလက်ဆောင်များအားလက်ခံရယူခြင်း၊ ရိုးရာအစားအသောက်များ စားသောက်သုံးဆောင်ခြင်းစသည်ဖြင့် အစီအစဉ်လိုက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အလှူရှင်များအဖွဲ့သည် ယခုကဲ့သို့ကျေးရွာများ ရေနှင့်မီးအလင်းရရှိရေးအတွက် လှူဒါန်းခဲ့သည်မှာ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းအထိ မီးစက်အလုံးရေ ၄၀ ကျော်ခန့်ရှိပြီ ဖြစ်ကြောင်းနှင့် ယင်းမီးစက်တစ်လုံး(ဆက်စပ်ပစ္စည်းများအပါ)၏ ကာလတန်ဖိုးမှာ ငွေကျပ်သိန်း ၄၀ ခန့် ရှိကြောင်းသိရသည်။ (ဝ၈၆)

■

ခရိုင်အဆင့် ပထမအကြိမ် မိုးပွင့်အထူးစီမံချက် အသိပညာပေးဟောပြောပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ဇန်နဝါရီ ၃၀ ရက်က ခရိုင်အဆင့် ပထအကြိမ် မိုးပွင့်အထူးစီမံချက် အသိပညာပေးဟောပြောပွဲနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲ ကျင်းပရာ အခမ်းအနားသို့ ခရိုင်နိုင်ငံသားစိစစ်ရေး ကတ်ထုတ်ပေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၊ ခရိုင်နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးထိန်ဝင်း၊ ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရွာသူ ရွာသားများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် မိုးပွင့်အထူးစီမံချက် အသိပညာပေးဟောပြောခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ် ၆၅၁ ကတ်အား တာဝန်ရှိသူများမှ ရွာသူ ရွာသားများ ကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဝ၇၅)

Green House နည်းစနစ်အား မကွေးမြို့တွင် တောင်သူများကို ဖြန့်ဝေပေး

မကွေး ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဆီထွက်သီးနှံဗဟိုစိုက်ပျိုးရေးသုတေသနခြံတွင် စားသုံးသူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် Green House နည်းပညာဖြင့်စိုက်ပျိုးထားသည့် အော်ဂဲနစ် ဟင်းသီးဟင်းရွက်များ ဖြစ်ထွန်းအောင်မြင်ပြီး ဈေးကွက်အတွင်းဝင်ရောက်ဖြန့်ဖြူးပေးနိုင်မည့်အပြင် ယင်းနည်းပညာများကိုလည်း တောင်သူများအား ပြန်လည်ဖြန့်ဝေနေကြောင်း သိရသည်။

အဆိုပါအော်ဂဲနစ်နည်းပညာစိုက်ခင်းတွင် နေ့စဉ်စားသုံးနေသည့် ထိုင်ဝမ်မုန်ညင်း၊ မုန်ညင်းစိမ်း၊ မုန်ညင်းဖြူ ဟင်းနုနယ်၊ ကိုက်လန်၊ ချဉ်ပေါင်၊ ပဲသီး၊ ဆလတ်၊ မုန်ညင်းတို့အပြင် ပူဒီနာ၊ ငရုတ် စသည်တို့ကို Green House နည်းစနစ်ဖြင့် စိုက်ပျိုးကာ ဓာတုပိုးသတ်ဆေး ၇၀ ရာခိုင်နှုန်းကင်းလွတ်သည်အထိ စိုက်ပျိုးထားကြောင်း သိရသည်။

Green House နည်းပညာဖြင့် အပင်များကို အပြင်မှာရိုးရိုးမစိုက်ခြင်းက ပိုးမွှားနှင့် ရောင်ခြည်ကင်းလွတ်အောင် ဆန်ခါပိုက်အစိမ်းများဖြင့် အိမ်ဖွဲ့စိုက်ပျိုးခြင်းနည်းစနစ်ဖြစ်ပြီး သဘာဝတမာဆေးဖြင့် ဟင်းသီးဟင်းရွက်များအား ပိုးသတ်ပေး၍ စိုက်ခင်းများကို အော်ဂဲနစ်အရည်အသွေးပြည့်မီသည်အထိ စိုက်ပျိုးထားကြောင်း သိရသည်။

ဓာတုဗေဒနည်းသည့်အတွက် အဓိကစားသုံးသူများကို အန္တရာယ်ကင်းကင်း စိတ်ချယုံကြည်စွာ စားသုံးနိုင်မည့် ဟင်းသီးဟင်းရွက်များအဖြစ် ဈေးကွက်ဝင်ရောင်းချသွားနိုင်မည်ဖြစ်ပြီး လုံးဝအရည်အသွေးမပြည့်မီသည့်ပစ္စည်းများကို တင်သွင်းအသုံးပြုမည်မဟုတ်ကြောင်း ဆီထွက်သီးနှံဗဟိုစိုက်ပျိုးရေးသုတေသနခြံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဟင်းသီးဟင်းရွက်များ အပြင် Green House နည်းပညာများဖြင့် အသီးအနှံများကိုလည်း စိုက်ပျိုးရေးပညာရှင်များမှတစ်ဆင့် တောင်သူများအား ဈေးကွက်ဝင်ရောင်းချစိုက်ပျိုးနိုင်သည်အထိ ဖြန့်ဝေခြင်း၊ သင်တန်းပေးခြင်းဖြင့် စိုက်ပျိုးရေးနည်းပညာများ တိုးတက်မြင့်မားအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ **ခွဲထက်ရှင်**

ရမည်းသင်းအထက်တန်းကျောင်း အရိုဇ်ဆွမ်း သံဃာအပါး(၅၀၀) ဆွမ်းလောင်းလှူပွဲကျင်းပ

ရမည်းသင်း ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ (မြို့မ) အခြေခံပညာအထက်တန်းကျောင်း ၁၉၉၆ မှ ၂၀၀၀ ပညာသင်နှစ်အတွင်း ဒသမတန်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲနှင့် သံဃာအပါး ၅၀၀ အား အရိုဇ်ဆွမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၅ နာရီက အဆိုပါကျောင်းရှေ့တွင် လောင်းလှူကြသည်။

နံနက် ၆ နာရီတွင် အဆိုပါကျောင်းခန်းမတွင် ကွယ်လွန်ပြီးသော ဆရာကြီး၊ ဆရာမကြီးများအားရည်စူးပြီး သံဃာငါးပါးအား ဆွမ်းဘောဇဉ်များဆက်ကပ်ပြီး ဆရာတော်များက ပရိတ်တရားတော်များချီးမြှင့်ကြသည်။ ပင့်သံဃာများအား နဝကမ္မဝတ္ထုငွေများဆက်ကပ်ကာ ဆွမ်းအနုမောဒနာတရားကို ရန်အောင်မင်းကျောင်းဆရာတော် ဦးနန္ဒောဘာသက ချီးမြှင့်သည်။

နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမတွင် မြတ်ဆရာပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသားဟောင်း ကိုအောင်သူလွင်က အဖွင့်အမှာစကားပြောကြားပြီး ဆရာကြီး၊ ဆရာမကြီး ၁၀၉ ဦးအား ကျောင်းသားဟောင်းများက တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းပြင် ဆရာကြီး၊ ဆရာမကြီးကိုယ်စား ဆရာကြီးဦးသန်းညွန့်နှင့် ဆရာမကြီးဒေါ်ခင်နွဲ့တို့က ဆုံးမဩဝါဒစကားများပြောကြားပြီး ကြော်ငြာအလှူရှင်များနှင့် မေတ္တာဖြင့်ကူညီခဲ့ကြသူ အနုပညာရှင်များအပါအဝင် ၂၆ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများဖြင့် တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ကျောင်းသားဟောင်း ကိုဇေယျာစိုးက ကျေးဇူးတင်စကားပြောကြားပြီး ဆရာကြီး၊ ဆရာမကြီးများအား ကြက်ဆီထမင်း၊ ရေခဲမုန့်၊ ကိတ်မုန့်၊ လက်ဖက်သုပ်စသည်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။ **(၁၁၅)**

ကသာမြို့တွင် စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာကြည့်တိုက်မှူးနည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

ကသာ ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၊မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာကြည့်တိုက်မှူးနည်းပြသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီတွင် အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကသာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတများ၊ လူမှုရေး၊ စီးပွားရေး၊ အသိပညာဗဟုသုတများ တိုးတက်လာမှာဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ကေခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စာကြည့်တိုက်များဖောင်ဒေးရှင်း စာကြည့်တိုက်မှူးသင်တန်းအား ကျေးရွာ ၃၂ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၈၅ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ သင်ကြားခဲ့သည်။

အဆိုပါသင်တန်းတွင် တက်ရောက်ကြသော သင်တန်းသားများအား တည်းခိုစရာနေရာနှင့် စားစရိတ်များ ထောက်ပံ့ပေးထားသည့်အပြင် သင်တန်းသားများအား စားမေးပွဲပြုလုပ်မည်ဖြစ်ကြောင်းနှင့် ထူးချွန်သင်တန်းသား၊ သင်တန်းသင်သူများအား ပထမ၊ ဒုတိယ၊ တတိယဆုများ၊ သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်ကေခိုင်က ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သင်ကြားပို့ချကြသော သင်တန်းဆရာများက မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်ကေခိုင်၊ ပြန်/ဆက်ဦးစီးဌာနမှ ဒေါ်လှလှရီ၊ စာကြည့်တိုက်နည်းပြသင်တန်းဆင်း ဦးအောင်ဆန်းနှင့် ဒေါ်မြကေခိုင်တို့က သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အခြားဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုရဲ(ပြန်ဆက်)**

အရှည်ပေ ၄၀၀ ရှိ မြို့နယ်ချင်းဆက် ကြံတိုင်းအောင်တံတားဖွင့်လှစ်

ကျိုက်ထို ဖေဖော်ဝါရီ ၃

ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်အားပိုင်းခြားထားသည့် သဲဖြူချောင်းအား ပြည်သူများလွယ်ကူစွာဖြတ်သန်းသွားလာနိုင်ရန်ရွယ်ရည်၍ စိတ်အကြံအောင်အဓိဋ္ဌာန်တောင်ဆရာတော် ဘဒ္ဒန္တကဝိဓဇဦးစီး၍ ဒေသခံဆရာတော်များနှင့် အလှူရှင်များစုပေါင်းပြီး တည်ဆောက်ခဲ့သော အရှည်ပေ ၄၀၀ ရှိ(ကြံတိုင်းအောင်) တံတားဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

တံတားဖွင့်လှစ်ရာတွင် ကျိုက်ထိုမြို့နယ်ဘက်မှ ပျဉ်းမစခန်းဆရာတော် ဦးဝိသုဒ္ဓနှင့် မွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဦးဌေးလွင်တို့ကလည်းကောင်း၊ ဘီးလင်းမြို့နယ်ဘက်မှ စိတ်အကြံအောင်အဓိဋ္ဌာန်တောင်ဆရာတော် ဘဒ္ဒန္တကဝိဓဇနှင့် ဘီးလင်းမြို့နယ် ဝင်းသောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍မော်တော်ဆိုင်ကယ်နှင့် မိသားစုစီးယာဉ်ငယ်များကို ဖြတ်သန်းမောင်းနှင်စေပြီး ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုပြုလုပ်၍ အန္တရာယ်ကင်းပရိတ်တော်များကို ရွတ်ပွားပူဇော်ကာ လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါတံတားအား လွှတ်တော်ရန်ပုံငွေကျပ် ၄၉ သိန်းနှင့်အတူ ဆရာတော်ကြီးနှင့် အလှူရှင်များစုပေါင်း၍ တည်ဆောက်သောတံတားဖြစ်ပြီး အလျား ၄၀၀ ပေ၊ အနံ ၉ ပေ၊ အမြင့် ၁၅ ပေဖြစ်ပြီး သံကူကွန်ကရစ်ကြိုးထိန်းတံတားဖြစ်၍ ကုန်ကျငွေမှာ ကျပ်သိန်း ၃၈၀ ကျော်ဖြစ်သည်။

အဆိုပါတံတားဖွင့်လှစ်ခြင်းကြောင့် တံတားနှင့်နီးစပ်သည့်ကျေးရွာများဖြစ်သော ချမ်းမြေ့ရွာနှင့် ကရဝိတ်ဆိပ် ကျေးရွာသူ၊ ကျေးရွာသားများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်(ပြန်/ဆက်)**

ခင်ဦးမြို့၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ခင်ဦး ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ မြို့နယ်လ. ဝ. ကဦးစီးမှူး ဦးစောဦးတို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ဆန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။ အဆိုပါသင်တန်းကို ကျေးရွာအုပ်စု ၆၃ အုပ်စုမှ သင်တန်းသား၊ သင်တန်းသူ ၁၁၇ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ပို့ချကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

(၆၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို ဂန့်ဂေါတွင် ကတ္တရာလမ်းသစ်ဖွင့်

ဂန့်ဂေါ ဖေဖော်ဝါရီ ၃

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဂန့်ဂေါမြို့ မြို့မ အ. မ. ကလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်က အဆိုပါလမ်းထိပ်၌ကျင်းပရာ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းခဲ့သည်။

ယင်းနောက် မြို့မ အ. မ. ကလမ်းသစ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းမြို့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြပြီး လမ်းဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦးတို့နှင့် တက်ရောက်လာကြသူများသည် အဆိုပါလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

ဂန့်ဂေါမြို့ မြို့မ အ. မ. ကလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၆၃ သိန်း ၅ သောင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းလေးလမ်း၊ ကွန်ကရစ်တံတားခြောက်စင်း၊ ရေရရှိရေးလုပ်ငန်း (လျှပ်စစ်မြစ်ရေတင်) နှစ်ခုနှင့် အခြားလုပ်ငန်းလေးခုတို့ကို ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၉၂၈ သိန်း ၅ သောင်းလေးထောင်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၆၅)**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်

ချောင်းဦး ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကိုးတောင်ကန်ကျေးရွာ မိုးပွင့်အထူးစီမံချက်ဖြင့် ရွှေသံလွင်ကုမ္ပဏီမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်လှူဒါန်းပွဲကို ကိုးတောင်ကန်ကျေးရွာ မူလတန်းကျောင်း၌ ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က မိုးပွင့်အထူးစီမံချက် ဆောင်ရွက်သည့်အခြေအနေများအား ပြည်သူများ သိသင့်သိထိုက်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ချောင်းဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး လ. ဝ. က ဦးစီးမှူး ဦးဦးထွန်းခိုင်နှင့် လက်ထောက် လ. ဝ. ကမှူး ဦးကျော်မြင့်တို့က ရပ်မိရပ်ဖ ဦးဝင်းမောင်၊ ဦးဌေးမောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မင်းတို့ထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရာ ရပ်မိရပ်ဖဦးဖိုးထွေးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ အဆိုပါလှူဒါန်းပေးအပ်ပွဲတွင် ကိုးတောင်ကန်ကျေးရွာပြည်သူ ၁၁၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် မိတ္တူကူးခ၊ ဓာတ်ပုံရိုက်ကူးခများကို ရွှေသံလွင်ကုမ္ပဏီမှ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **အိအိစိုး(ပြန်/ဆက်)**

မူးယစ်တိုက်ဖျက်ရေးနှင့် ဘိန်းအစားထိုးသီးနှံ

à aeZmZmxe(alu;r)k

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီး၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ မူးယစ်ဆေးဟုဆိုရာတွင် ဘိန်း၊ ဘင်း၊ ကဇော်၊ လှော်စာ၊ အရက်မှသည် စိတ်ကြွဆေးအမျိုးမျိုးပါဝင်ပေရာ ၎င်းမူးယစ်ဆေးများကို ပုံစံအမျိုးမျိုးဖြင့် လူသားတို့နှစ်ခြိုက်စွာသုံးစွဲလျက်ရှိသည်။ သုံးစွဲမှုကြာလာသည်နှင့်အမျှ မူးယစ်ကျေးကျွန်ဘဝကျရောက်ကာ လူညွှန့်တုံးကြရသည်။ ကမ္ဘာ့လူဦးရေ၏ အရွယ်ရောက်ပြီးသူ ၂၇ သန်းခန့်မှာ မူးယစ်ဆေးစွဲလျက်ရှိပြီး နှစ်စဉ် ၀ ဒသမ ၂ သန်းခန့်မှာ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် သေဆုံးနေကြောင်း ၂၀၁၂ ခုနှစ်က ကမ္ဘာ့မူးယစ်ဆေးဝါးဆိုင်ရာအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နေသော်လည်း မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် နေရာပေါင်းစုံမှ ထိုးဖောက်ဝင်ရောက်ကာ လူသားများကို အန္တရာယ်ပြုခြိမ်းခြောက်နေဆဲဖြစ်သည်။ ကမ္ဘာတစ်ဝန်း မူးယစ်ဆေးဝါးသုံးစွဲသူများအနက် အများဆုံးမှာ လူငယ်လူရွယ်များဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါး၊ ဘိန်းတို့၏ ဇာတိချက်ကြွေမြေမဟုတ်သည့် မိမိတို့မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးဆိုးမွေကို ယနေ့တိုင် ကျားကုတ်ကျားခဲ ဖြို့ခွင်းဖယ်ရှားနေကြရသည်။ ယနေ့အချိန်အထိ အမြစ်ကျန်နေဆဲဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ရန် ၁၉၉၉ ခုနှစ်မှ စတင်၍ ၁၅ နှစ် စီမံကိန်းအဖြစ် ရေးဆွဲဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှ နောက်ထပ် ၅ နှစ်သက်တမ်းတိုးကာ ၂၀၁၉ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့တိုက်ဖျက်ရာတွင် ၁၉၉၆ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၁၆၃၀၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၂၁၅၀၀ ဟက်တာအထိ ကျဆင်းခဲ့သော်လည်း ၂၀၀၇ ခုနှစ်မှစတင်၍ ဘိန်းစိုက်ပျိုးမှုများ ပြန်လည်မြင့်တက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဟက်တာ ၅၇၈၀၀ အထိ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။ ယခုလက်ရှိတွင် နိုင်ငံတော်အစိုးရက UNODC၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့ပူးပေါင်း၍ ဘိန်းစိုက်ပျိုးရာဒေသများကို ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးမှုကို စီမံချက်များချမှတ်ပြီး မူးယစ်အန္တရာယ်ဆိုးကြီးကို ပူးပေါင်းတိုက်ဖျက်လျက်ရှိသည်။ ကြိုးပမ်းမှုရလဒ်အဖြစ် နိုင်ငံအတွက် အပေါင်းလက္ခဏာတစ်ရပ်ဖြစ်လာသည့် ၂၀၁၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီး ဟက်တာ ၅၇၈၀၀ မှ ဟက်တာ ၅၇၆၀၀ သို့ ဟက်တာ ၂၀၀ လျှော့ချနိုင်ခဲ့ကာ ရာခိုင်နှုန်းအားဖြင့် ၂၃ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခဲ့သည်။

သို့သော် ယခုလက်ရှိအချိန်အထိ မူးယစ်ဆေးဝါးဖမ်းဆီးရမှုများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများလာသည်ကို တွေ့ရသည်။ ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် အာဖဂန်နစ္စတန်ပြီးလျှင် ကမ္ဘာပေါ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး စိတ်ကြွရူးသွပ်ဆေး အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODC က ထုတ်ပြန်ခဲ့သည်။ UNODC ၏ စာရင်းများအရ မြန်မာနိုင်ငံတွင် ဘိန်းအသုံးပြုသူဦးရေမှာ ၆၇၀၀၀ ကျော်ရှိကာ ဘိန်းဖြူအသုံးပြုသူဦးရေမှာ ၆၆၀၀၀ ခန့်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှု၏ ၉၂ ရာခိုင်နှုန်းသည် ရှမ်းပြည်နယ်အတွင်းတည်ရှိပြီး ကချင်ပြည်နယ်တွင် ရှစ်ရာခိုင်နှုန်းရှိကြောင်းနှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ မူးယစ်ဆေးထိုးသူအရေအတွက်မှာ တစ်နိုင်ငံလုံးပျမ်းမျှအရေအတွက်ထက်များနေကြောင်း စာရင်းများအရ သိရသည်။

ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးကာ မူးယစ်အန္တရာယ်ဆိုးကြီးကို အမြစ်ဖြတ်ချေမှုန်းနိုင်ရန်မှာ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုအဆင့်အတန်းများပေါ်တွင် များစွာမူတည်နေပါသည်။ သို့ပါ၍ ဘိန်းစိုက်ပျိုးရာဒေသများတွင်နေထိုင်ကြသည့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို ရှေးရှု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အမျိုးသမီး အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် ပညာရေး၊ ကျန်းမာရေး စသည့်လူနေမှုအဆင့်အတန်းမြင့်မားရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ပေးခြင်းဖြင့်လည်းကောင်း၊ ပညာပေးနှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးခြင်းဖြင့်လည်းကောင်း ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုများ အောင်မြင်ကာ မူးယစ်အန္တရာယ်ဆိုးကြီးကို အမြစ်ဖြတ်ချေမှုန်းနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်းများကို လုပ်ဆောင်သကဲ့သို့ တစ်ဖက်ကလည်း ပြည်ပမှဝင်ရောက်လာသည့် မူးယစ်ဆေးဝါးကုန်သွယ်မှုများကို ထိထိရောက်ရောက် တွန်းလှန်ကာကွယ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်မှ မူးယစ်အန္တရာယ်ဆိုးကြီးကို အရှိန်အဟုန်မြှင့်၍ လူငယ်များ မူးယစ်ဆေးစွဲ၍ လမ်းမှားသို့ မရောက်စေရေး ကြိုးပမ်းနေချိန်တွင် လူငယ်လူရွယ်များကလည်း မိမိတို့၏ဘဝများကို အညွှန့်တုံးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီး၏ စက်ကွင်းအတွင်းသို့ မကျရောက်စေရေး သတိပြုရှောင်ရှားသွား ကြရမည်ဖြစ်သည်။ ဖြစ်မှကုသခြင်းထက် မဖြစ်ခင်ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

'တစ်ယောက်အားဖြင့်မရသော အများအားဖြင့် ယူသော်ရ' ဆိုသည့်စကားအတိုင်း လူငယ်များ ပူးပေါင်းပါဝင်မှသာ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီးကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့ဆိုလျှင် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးကောင်းမွန်မှု၊ မူးယစ်ဆေးဝါးကင်းစင်မှုတို့သည် အဓိကအခန်းမှပါဝင်လျက်ရှိပေရာ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီးကို လူမှုဝန်းကျင်သို့ မဝင်ရောက်စေရန် ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ တွန်းလှန်တိုက်ဖျက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်ရှိ ကဒူးကြီးကျေးရွာအုပ်စုမှ ကျေးရွာများသို့ မြေသားလမ်းများဖောက်လုပ်ဆောင်ရွက်

မောက်မယ် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း မြို့နှင့်မိုင် ၃၀ ကျော်ခန့် လူသွားလမ်းနှင့် မြင်းသွားလမ်းသာပေါက်သော ဝေးလံခေါင်ဖျားကျေးရွာများဖြစ်သည့် ကဒူးကြီးကျေးရွာအုပ်စုရှိ ကျေးရွာများသို့ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်းပေါင်း ၂၄၀ ဖြင့် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူမှုဘဝတိုးတက်မြင့်မားစေရေး၊ ငွေကြေးဆိုင်ရာ အထောက်အပံ့များ ရရှိစေရေးကိစ္စရပ်များအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန်ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကဒူးကြီး-ဝမ်စလောင်း မြေလမ်း ၂၀ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ခမ်းရွှေဝါထွန်းနှင့် ခမ်းရွှေမြတ်ကုမ္ပဏီတို့က တာဝန်ယူဖောက်လုပ်လျက်ရှိပြီး ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ဟိုနမ့်-ငိုရိန်-ဒုံရန်ကင်း-နမ့်ပါတက်-ဖာလွှမ့်-ကဒူးကြီး မြေသားလမ်း ၂၀ မိုင် ဖောက်လုပ်ခြင်းကို ငွေကျပ်သန်း ၁၂၀ ဖြင့်လည်းကောင်း ဖောက်လုပ်လျက်ရှိသည်။

မောက်မယ်-နမ့်လွတ်-ကဒူးလေး-ကဒူးကြီး ၄၂ မိုင်အနက် ကျန်ရှိသော ၃၃ မိုင်မှ ၁၀ ကျောက်ချောလမ်းကို ကျပ်သန်း ၄၄၀ ဖြင့်ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ ဖောက်လုပ်သွားမည်ဖြစ်သည်။

ဝမ်မတ်-နားဟီး-ကဒူးကြီး မြေလမ်း (၂၉/၄) မိုင် အနက် ၁၂ မိုင်ကျောက်ခင်းခြင်းကို ကျပ်သန်း ၅၂၈ ဖြင့် ယင်း(PNLO) မှဖောက်လုပ်မည်ဖြစ်ပြီး ကဒူးကြီးကျေးရွာအုပ်စုရှိ ကျေးလက်နေတိုင်းရင်းသားပြည်သူ များလမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည်ဖြစ်သည်။ **(၆၆၈)**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာစာမေးပွဲ ကျင်းပ

မတ္တရာ ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာစာမေးပွဲကြီးကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၂ နာရီက မတ္တရာမြို့ ဗိုလ်တေဇရပ်ကွက် သစ္စာရွှေပြည်မဟာစည်ကျောင်းတိုက်တွင်ကျင်းပရာ ဓမ္မစကူးလ် ၁၃ ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း လေးကျောင်းတို့မှ အခြေပြုအဆင့် ၂၀၉ ဦး ပထမအဆင့် ၂၆၄ ဦးနှင့် ဒုတိယအဆင့် ၆၈ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၅၄၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

အဆိုပါစာမေးပွဲကြီးကို ဆရာတော်ကြီးများနှင့် အမျိုးဘာသာသာသနာနှင့် စာရိတ္တပညာမြှင့်တင်ရေးအသင်း (သာကီသွေး) တို့မှ ဦးဆောင်ကျင်းပပြီး သံဃာတော်များ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းနှင့် ကုသိုလ်ရှင်များမှ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။

အထူးတရားပွဲများနှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ လေးညတိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါစာမေးပွဲကြီးတွင် ပါဝင်ဆောင်ရွက်သူများနှင့် စာဖြေကျောင်းသား၊ ကျောင်းသူများအား မတ္တရာမြို့ ရွှေပင်နို့ချက်မိသားစုမှအာဟာရများ ကုသိုလ်ပြုခဲ့သည်။ **စိုးကျော်သူထွေး(မတ္တရာ)**

စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသ

တောင်ကြီး ဖေဖော်ဝါရီ ၃

ပူပြင်းခြောက်သွေ့သော ရာသီရောက်လာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရှမ်း(တောင်)ကယားပြည်နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ကြီးမှူးကျင်းပသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပို့ချခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ရွှေနံ့သာအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရွှေညောင်မြို့ဌာနခွဲ မန်နေဂျာဦးစိုးတင့်က အမှာစကားပြောရာတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက မည်ကဲ့သို့ဆောင်ရွက်ရမည်ကို တိကျမှန်ကန်စွာနှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမီးသတ်ဦးစီးဌာနနှင့်ပူးပေါင်းပြီး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို ပြောကြားခဲ့သည်။

ထို့ပြင် မိမိဌာနသည် မီးလောင်လွယ်စေသည့် စက်သုံးဆီများကို ကိုင်တွယ်ဆောင်ရွက်နေရသည့် ဌာနဖြစ်သဖြင့် သိုလှောင်ရုံနှင့် ဖြန့်ဖြူးရာတွင် အပူချိန်လျှော့ချခြင်း၊ အောက်ဆီဂျင်ဖြတ်တောက်ခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ပတ်ဝန်းကျင်မှ မီးမကူးစက်နိုင်အောင် မီးတားနံရံ၊ မီးတားလမ်းများကို ရှင်းထားရန် လိုအပ်ကြောင်း၊ လုံခြုံရေး၊ ဖြန့်ဖြူးရေး၊ စီမံရေးနှင့် ဆီတင်ယာဉ်မောင်းသူများသည် မိမိတို့ကဏ္ဍအလိုက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည်များကို သတ်မှတ်ချက်နှင့်အညီ အပြည့်အစုံ ဆောင်ရွက်သွားကြရန်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်းကို ရွှေညောင်မြို့ဌာနခွဲမန်နေဂျာ ဦးစိုးတင့်က ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် တောင်ကြီးမြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကိုကိုက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးတို့ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ ကွပ်ကဲရေးယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ဘူးများနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ရေသယ်ယာဉ်နှစ်စီး၊ ဝန်ထမ်းများဖြင့် မီးငြိမ်းသတ်သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရွှေညောင်ဌာနခွဲမှ မန်နေဂျာ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့များ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ လွိုင်ကော်၊ လွိုင်လင်၊ ဟဲဟိုး၊ နမ့်စန်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ခဲ့သည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရေစကြိုတွင် ကျင်းပမည်

ရေစကြို ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကိုအမှတ် (၂) ရပ်ကွက်ပွဲတော်ကွင်းတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၁၃ ရက်ထိကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်ပွဲတော်တွင် စာစီစာကုံးပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲ၊ အသက် ၁၀ နှစ်အောက်ကလေးသူငယ်များ ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်သည့်အပြင် ဈေးရောင်းပွဲတော်လည်းပါဝင်ကြောင်း ကျင်းပရေးကော်မတီထံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

ရမည်းသင်းမြို့နယ် အ.ထ.က(၁) ကျောင်းဆောင်သစ် ၉၀ ရာခိုင်နှုန်း ပြီးစီး

ရမည်းသင်း ဖေဖော်ဝါရီ ၃

ပညာရေးဝန်ကြီးဌာန အမှတ် (၂) အခြေခံပညာဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေ ငွေလုံးငွေရင်း ခေါင်းစဉ်ဖြင့် ရမည်းသင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာများတွင် အခြေခံပညာ ထက်၊ လယ်၊ မူ (ခွဲ) ကျောင်းများအသစ် ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းများ ရမည်းသင်းမြို့နယ်မှ ကျောင်းပေါင်း ၂၂ ကျောင်းဆောက်လုပ်ရန် တစ်ဒါအောင်မြင်သော ကုမ္ပဏီအသီးသီးမှ ဆောက်လုပ်ခြင်းများ ရရှိခဲ့သည်။

ရမည်းသင်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်ရာတွင် အလျား ၁၄၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၂၄ ပေ အာစီနှစ်ထပ် ရှစ်ခန်းတွဲတိုးချဲ့ကျောင်းဆောင်အား ဆွယ်တော်ထွန်းကုမ္ပဏီ မှ တင်ဒါရရှိသဖြင့် ၂၀၁၄ ခုနှစ် မေလမှစ၍ ငွေသန်းပေါင်း ၁၅၁၀ ကျပ်ဖြင့် ဆောက်လုပ်ခဲ့ရာ ၂၀၁၅ ဇန်နဝါရီလကုန်အထိ တည်ဆောက်ရေးလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းကုမ္ပဏီမှ မြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ရှစ်ကျောင်း ဆောက်လုပ်ခွင့်ရရှိခဲ့ရာ ဘတ်ဂျက်အမီ ပြီးစီးအပ်နှံသွားရမည်ဖြစ်ကြောင်း သိရသည်။ **(၁၁၅)**

မော်လမြိုင်ကျွန်း၌ စည်းကမ်းမလိုက်နာ ဆိုင်ကယ်များအား ထိရောက်စွာ တရားစွဲဆို ဒဏ်ရိုက်အရေးယူနေ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၃

မော်လမြိုင်ကျွန်းမြို့နယ်ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နှင့်အညီ မောင်းနှင်သွားလာနိုင်ရေးအတွက် မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်ထိန်းသိမ်းရေးကော်မတီမှ မြို့နယ်အတွင်းမောင်းနှင်သွားလာလျက်ရှိသော မော်တော်ဆိုင်ကယ်များအား ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့အဝင် တပင်ရွှေထီးတံတားထိပ်မှနေ၍ မော်တော်ဆိုင်ကယ်များအား စစ်ဆေးအရေးယူဆောင်ရွက်ကြသည်။

ယင်းမော်တော်ဆိုင်ကယ်များအား စစ်ဆေးအရေးယူရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ဇင်၊ မြို့နယ်ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် အဖွဲ့အစည်းပေါင်းစုံတို့က မော်တော်ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးအရေးယူခဲ့ကြောင်းသိရသည်။

ထိုသို့ ရပ်တန့်စစ်ဆေးအရေးယူခဲ့ရာ မော်တော်ဆိုင်ကယ်ဦးထုပ်မဆောင်းသူ ၂၂ ဦးတို့အား တရားရုံးတင် တရားစွဲဒဏ်ရိုက်အရေးယူဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ယင်းပြင် ယခုဖေဖော်ဝါရီလတွင်း မော်လမြိုင်ကျွန်းမြို့ပေါ်တွင် စစ်ဆေးရေးဂိတ်များခွဲပြီး ဆိုင်ကယ်စည်းကမ်းမလိုက်နာသူများအား ထိရောက်စွာ ဆက်လက်စစ်ဆေးအရေးယူသွားမည်ဟု သိရသည်။

မော်ကျွန်းမြင့်အောင်

မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနား ကျင်းပရေးညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၃

လူမှုဝန်ထမ်း/ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် နှစ်စဉ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်နှင့် တွဲဖက်၍ ယခုနှစ်တွင် တစ်နိုင်ငံလုံး၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မူလတန်းကြိုကျောင်းများတွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ကောင်စီနယ်မြေ မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ ရင်သွေးရတနာမူလတန်းကြိုကျောင်း၌ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံရှိ ယနေ့ လူငယ်လူရွယ်များ၏စိတ်တွင် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအပေါ် ချစ်မြတ်နိုးစိတ်၊ အမြော်အမြင်ကြီးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ ကိန်းအောင်းစေရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် (၁၀၀) ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ကို ပေါင်းစပ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအထိမ်းအမှတ်ကျင်းပရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးဖွားကြီးပြင်းလာမှု၊ မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်မှုသမိုင်းနှင့် စပ်လျဉ်းသည့် ဟောပြောပွဲ၊ စကားရည်လုပွဲ၊ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲနှင့် အခြားပျော်ပွဲ ရွှင်ပွဲများ၊ လေ့လာရေးခရီးစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **သန်းနိုင်(ဇမ္ဗူသီရိ)**

လျှပ်စစ်မီးလင်းရေးခက်ခဲသည့် ဘုတလင်မြို့နယ်မှ ကျေးရွာများအား ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်

မုံရွာ ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် အောင်ဆန်းမြင့်ကျေးရွာသည် ဘုတလင်မြို့နှင့် ၁၀ မိုင်ခန့် ကွာဝေးပြီး လျှပ်စစ်မီးလင်းရေး အခက်အခဲဖြစ်လျက်ရှိရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကုမ္ပဏီနှင့် ကျေးရွာနေပြည်သူများ စုပေါင်းပြီး ငွေကြေးကုန်ကျမှုသက်သာစွာဖြင့် လျှပ်စစ်မီးလင်းမည့် သဘာဝနေစွမ်းအင်သုံး ဆိုလာဖြင့် လျှပ်စစ်မီးလင်းရေး (Centralization System) ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အရင်က ကျွန်တော်တို့ရွာမှာ မြင်းကောင်ရေ ၂၅ အားရှိတဲ့ မီးစက်နဲ့ ကျေးရွာကိုမီးပေးတာပါ။ ဆိုလာစနစ်က ဆိုလာပြားတွေကို တစ်နေရာတည်းမှာ စုစည်းပြီး ဘက်ထရီအိုးတွေမှာ အားဖြည့်ပါတယ်။ အဲဒီကမှ လျှပ်စစ်မီးကြိုးတွေနဲ့ သွယ်တန်းပို့လွှတ်ပြီး မီးလင်းစေတာပါ" ဟု ကျေးရွာ မီးလင်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၁၆၀ ရှိပြီး တစ်အိမ်ကို 5 W ဆိုလာမီးသီး နှစ်လုံးကိုမီးလင်းစေကာ တီဗွီအလုံး ၆၀ ကို တစ်ပြိုင်နက်တည်း ကြည့်ရှုနိုင်ရန်အတွက် ဆောင်ရွက်ထားကြောင်း သိရသည်။

"အခု ဘက်ထရီအိုးတွေကို အားဖြည့်ပြီး ကျေးရွာတွင်း 5 W ဆိုလာ မီးသီး ၂၅၀ လုံးကို စမ်းသပ်ပြီး ဓာတ်အားပို့လွှတ်မီးလင်းနေပါပြီ။ ဘက်ထရီအိုးတွေ ဆိုလာပြားတွေ ပုံမှန်အလုပ်လုပ်ပြီဆိုရင်တော့ ၁၀ ကီလိုအပြည့် လွှတ်နိုင်ပြီဆိုရင် တီဗွီတွေပါ ကြည့်ရှုနိုင်တော့မှာပါ။ ကျွန်တော်တို့ရွာက အိမ်ခြေကနည်းတယ်။ နောက်ပြီး လျှပ်စစ်မီးသွယ်တန်းတဲ့ ပင်မလမ်းကြောင်းနဲ့လည်း ဝေးတော့ လျှပ်စစ်မီး သွယ်တန်းမယ်ဆိုရင် ငွေကြေးအနေနဲ့ အများကြီး ကုန်ကျနိုင်တယ်။ အခုစနစ်ကျတော့ ငွေကြေးကုန်ကျမှုသက်သာတဲ့အပြင် လျှပ်စစ်မီးအသုံးပြုခလည်း ထပ်ပြီးပေးစရာမလိုတော့ဘူးဆိုတော့ ကျေးရွာအတွက်ပိုပြီးကောင်းတာပေါ့" ဟု ကျေးရွာဆိုလာမီးလင်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဘုတလင်မြို့နယ် အောင်ဆန်းမြင့်ကျေးရွာ ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးလင်းရေးလုပ်ငန်း၏ ကျေးရွာ တွင်းဓာတ်တိုင်နှင့် လျှပ်စစ်ကြိုးသွယ်တန်းခြင်း လုပ်ငန်းအား ၂၀၁၄ ခုနှစ်စက်တင်ဘာ လဆန်းပိုင်းတွင်စတင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ဆိုလာပြားများနှင့်ဆက်စပ်ပစ္စည်းများ စတင်တပ်ဆင်ခဲ့သည်။

ဓာတ်အား အစမ်းပို့လွှတ်ခြင်းကို ဇန်နဝါရီ ၂၉ ရက်မှစတင်စမ်းသပ်ပို့လွှတ်လျက်ရှိကြောင်းနှင့် ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၆၀ သို့ လျှပ်စစ်ဓာတ်အား ပေးပို့နိုင်ရေးအတွက် (200)W- 37V ဆိုလာပြား ၄၅ ချပ်မှ နေရောင်ခြည်စွမ်းအင်ကိုစုပ်ယူပြီး ဆိုလာ စနစ်သုံးဘက်ထရီအိုး ၃၆ လုံးဖြင့် ဓာတ်အား စုဆောင်းကာ ကျေးရွာအတွင်းသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

နှစ်ထပ်မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်းအတွက် သီးနှံပျက်စီးဆုံးရှုံးမှုများအား လျော်ကြေးငွေများ ပေးအပ်

ရေကြည် ဖေဖော်ဝါရီ ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားများ လုံလောက်စွာတိုးချဲ့သုံးစွဲနိုင်ရေးအတွက် လိုင်းတစ်လျှောက်နှင့် လယ်ယာမြေစိုက်ခင်းများပေါ်မှ ဖြတ်သန်းတည်ဆောက်ရာတွင် သီးနှံပျက်စီးဆုံးရှုံးမှုများ အပေါ် လျော်ကြေးငွေများပေးအပ်ခဲ့ကြောင်းသိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းမှ ရေကြည်မြို့နယ် ကိုင်းချောင်းကျေးရွာအုပ်စုအတွင်း တာဝါတိုင် ၁၁ တိုင် တည်ဆောက်လျက်ရှိပြီး တာဝါ တိုင်တည်ဆောက်ရာတွင် လယ်ယာမြေရာသီသီးနှံပျက်စီးသူ ၁၁ ဦးကို ဆုံးရှုံးမှုအလိုက် လျော်ကြေးငွေများအား ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီခွဲက အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အသုတ် ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံခန်းမတွင် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာမှူး ဦးသီဟန်ထွန်းက လျော်ကြေး ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းပေးအပ်ပွဲကို ရေစကြိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနိုင်နှင့် ရေကြည်မြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ကိုင်းချောင်း၊ ဆပ်ကွင်း အုပ်ချုပ်ရေးမှူးများ၊ လယ်ယာမြေပျက်စီးဆုံးရှုံးသည့် တောင်သူ ၁၁ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းဇော်ဦး(ရေကြည်)**

မြစိမ်းရောင်စီမံကိန်း ကျေးရွာနှင့် ဆိတ်မွေးမြူရေး

à xGvbfrdf

မြစိမ်းရောင်စီမံကိန်းသည် ကျေးရွာများတွင် ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အဓိက အကောင်အထည်ဖော်သော စီမံကိန်းဖြစ်သည်။ အဆိုပါ စီမံကိန်း၏ မွေးမြူရေးလုပ်ငန်း တွင် နွား၊ ဝက်၊ ဆိတ်၊ ကြက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများမှ ဆိတ်မွေးမြူရေးသည် အချိန်တိုအတွင်း အကျိုး အမြတ်ရရှိစေနိုင်သော မွေးမြူရေးလုပ်ငန်းဖြစ်သည့်အပြင် ကျေးလက်နေပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည့် မွေးမြူရေးလုပ်ငန်း တစ်ခုလည်းဖြစ်သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရသောဒေသများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် ခရိုင် ၆၇ ခု၊ မြို့နယ် ၁၃၀ နှင့် မြို့နယ်ခွဲ ရှစ်ခု၊ ကျေးရွာပေါင်း ၁၁၅၀ ကို ရွေးပြေးစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၃၀၀ ကို မတည်ပေးမည်ဖြစ်ပြီး ကျေးရွာပေါင်း ၁၁၅၀ အတွက် ငွေကျပ် ၃၄ ဒသမ ၅ ဘီလျံကို ၂၀၁၄-၂၀၁၅ နိုင်ငံတော်ဘတ်ဂျက်မှ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်မှ ဘဏ္ဍာငွေရရှိမှု၊ နိုင်ငံခြား အကူအညီနှင့် ချေးငွေများ ရရှိမှုအပေါ်မူတည်ပြီး ကျန်ကျေးရွာများကိုလည်း မြစိမ်းရောင်စီမံကိန်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် မွေးမြူရေးတိရစ္ဆာန်မျိုးစုံမွေးမြူနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသော စားမြုံ့ပြန်တိရစ္ဆာန်များအပြင် ကြက်၊ ဝက်၊ ဘဲကဲ့သို့သော အနုစားတိရစ္ဆာန်များလည်း မွေးမြူကြသည်။ ၎င်းမွေးမြူရေး လုပ်ငန်းများထဲမှ ဆိတ်မွေးမြူရေးသည် တိုတောင်းသော ကာလအတွင်း ကောင်ရေများ ပွားများမှု လျင်မြန်သည့် အားသာချက်များရှိသည်။

စီးပွားရေး

ဆိတ်မွေးမြူရန် ရင်းနှီးမြှုပ်နှံမှုသည် အခြားသော တိရစ္ဆာန်များထက် လျော့နည်းသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးရှုံးမှုအလားအလာလည်း နည်းပါးသည်။ ဆောလျင်စွာ အရွယ်ရောက်သော တိရစ္ဆာန်မျိုးဖြစ်၍ ငွေရင်းဖြစ်ပေါ်မှု (Turn Over) မြန်သည်။ လူအနည်းငယ်နှင့် ထိရောက်စွာ ထိန်းကျောင်းနိုင်သည်။ ဆိတ်များသည် အကောင်ငယ်များဖြစ်၍ ဆင်းရဲသော မိသားစုအတွက် အလွန်အသုံးဝင်သော တိရစ္ဆာန်ဖြစ်သည်။ ပိုလျှံသော တိရစ္ဆာန်များမှာ အရင်းနှီးတစ်ရပ်ဖြစ်ပြီး စိုက်ပျိုးရေးအတွက် ရာသီဥတု အခြေအနေမပေးသော နှစ်များတွင် ငွေအရင်းအနှီး တစ်ရပ်ဖြစ်သည်။ မွေးနိုင်သလောက် ရောင်းအားရှိသော တိရစ္ဆာန်ဖြစ်သည်။

စီမံခန့်ခွဲမှု

ဆိတ်များသည် အကောင်အငယ်သဖြင့် နေရာယူမှုနည်းပြီး ၎င်းတို့နေထိုင်ရန် အဆောက်အအုံ ကြီးကြီးမားမား မလိုအပ်ပေ။ ကျေးလက်ဒေသများတွင် မိသားစုလုပ်အားဖြင့် ထိန်းကျောင်းနိုင်သည်။ ဆိတ်သည် နာခံတတ်သော တိရစ္ဆာန် ဖြစ်၍ အမျိုးသမီးများနှင့် ကလေးများပင် ထိန်းကျောင်းနိုင်သည်။

ဇီဝဗေဒ

မြေလွတ်မြေရိုင်း တောတောင်များကို ဆိတ်မွေးမြူခြင်းဖြင့် အကျိုးရှိစွာ အသုံးချနိုင်သည်။ အစားမျိုးစုံ၊ အသီးအရွက်နှင့် ပေါင်းပင်၊ မြက်ပင်၊ ဆူးပင်များကို စားသုံးနိုင်သော တိရစ္ဆာန်ဖြစ်သည်။ ရောက်ရာပတ်ဝန်းကျင်နှင့် အဆင်ပြေညီညွတ်စွာ နေနိုင်စွမ်းရှိသည်။ ရောဂါဘယကိုလည်း ခံနိုင်စွမ်းရှိသည်။ ရေငတ်သည့်ဒဏ်ကိုလည်း အခြားတိရစ္ဆာန်ထက် ပိုမိုခံနိုင်သည်။ အစာချေဖျက်နိုင်စွမ်း မြင့်မားသဖြင့် အစာကြမ်းမှ အဖိုးတန်အသားနှင့် နို့အဖြစ် ပြောင်းနိုင်စွမ်းမြင့်မားသည်။

လူမှုရေး

နိုင်ငံအများစုတွင် ဆိတ်သားကို လူမျိုးမရွေး၊ ဘာသာမရွေး လက်ခံနိုင်စွမ်းရှိသည်။ မြန်မာနိုင်ငံအပါအဝင် အချို့နိုင်ငံများတွင် ဆိတ်သားသည် ချမ်းသာသော လူတန်းစားများ စားသုံးသည့် အသားဖြစ်သည်။

မျိုးပွားစွမ်းရည်

ဆိတ်သည် မျိုးအောင်မြင်မှု မြင့်မားသည်။ အချိန်တိုကာလအတွင်း ဆိတ်ကလေးမွေးဖွားနှုန်းသည် သိုးထက် မြင့်မားသည်။ ဆိတ်ကလေးမွေးနှုန်း (Kidding Percentage) မှာ ၁၄၀-၁၅၀ ရာခိုင်နှုန်းရှိပြီး သိုးမှာ ၈၀-၁၀၀ ရာခိုင်နှုန်း ရှိပါသည်။ ဆိတ်သည် တစ်နှစ်လျှင် နှစ်သားတစ်ဗိုက်ဖြစ်၍ ပုံမှန်အားဖြင့် နှစ်သားမွေးသည်။ ဒုတိယသားမှစ၍ ဆိတ်ကလေး မွေးဖွားနှုန်း တစ်ခါတစ်ရံ နှစ်ကောင်မှ သုံးကောင် မွေးနိုင်ခြင်းကြောင့်ဖြစ်သည်။

အားသာချက်များ

ဆိတ်ကျောင်းသား တစ်ဦးလျှင် ဆိတ် ၃၅-၄၅ ကောင်ခန့်သာ နိုင်နင်းသည်။ ဆိတ်တစ်အုပ်တွင် သားလိုက်ရန်အတွက် ဆိတ်ဖားကြီးတစ်ကောင်နှင့်လက်အောက်လိပ်ဖား တစ်နှစ်သားခန့် တစ်ကောင်သာ ထားရမည်။ ကျန်ဆိတ်ကြီးများ ခုနစ်လ၊ ရှစ်လတွင် သင်းကွင်းကွပ် (ကဇီထု)လေ့ရှိသည်။ ဆိတ်မဒါန်း ခုနစ်လ၊ ကိုးလတွင် စတင်မိတ်လိုက်သည်။ ဆိတ်ဖားငယ်မှာ ၁၀ လတွင် စတင်မိတ်လိုက်သည်။ ဆိတ်တစ်ကောင်တစ်နှစ်အတွင်း နှစ်သားကျလေ့ရှိသည်။ ဆိတ်မကြီး နှစ်လသားသုံးလသားတွင် အမွှာမွေး ၅၀ ရာခိုင်နှုန်းခန့်ရှိသည်။ ဆိတ်မကြီးတစ်ကောင် အသက်ခြောက်နှစ်ခန့်အတွင်း ၁၀-၁၅ ကောင် မွေးဖွားနိုင်သည်။ ဆိတ်တစ်ကောင်တစ်ရက်လျှင် ရေ တစ်ပုလင်း ၇၅၀ စီစီခန့် သောက်လေ့ရှိသည်။

မွေးဖက်စနစ်ဖြင့် မွေးမြူလျှင် မွေးတိုး ဆိတ်ငယ်များပိုင်ရှင်တစ်ဝက်၊ ကျောင်းသူ တစ်ဝက်ခွဲယူ စနစ်ဖြစ်၍ ကြာလျှင် ပိုင်ရှင်မှ နှစ်စု၊ ကျောင်းသူမှ သုံးစုဖြစ် . . .

မြန်မာနိုင်ငံတွင် ဆိတ်မွေးမြူရေးကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် မွေးမြူသူဦးရေနည်းပါးသည်။ ရောင်းနိုင်သလောက် ဝယ်လိုအားရှိနေသဖြင့် မြန်မြန်နှင့် များများ မွေးထုတ်ရန်သာ လိုအပ်ပါသည်။ ဆိတ်မွေးရာတွင် ကိုယ်တိုင်မွေး၍ ဆိတ်ကျောင်းသားငှားရမ်းအသုံးပြုခြင်း၊ မွေးဖက် (အကောင်ခွဲစနစ်) မွေးမြူခြင်း၊ အရင်းမပျောက် မွေးတိုးဆိတ်များ ရောင်းချ၍ ငွေတစ်ဝက်ခွဲစနစ်များဖြင့် မွေးမြူနိုင်သည်။ မွေးဖက်စနစ်ဖြင့် မွေးမြူလျှင် မွေးတိုးဆိတ်ငယ်များ ပိုင်ရှင်တစ်ဝက်၊ ကျောင်းသူတစ်ဝက်ခွဲယူစနစ်ဖြစ်၍ ကြာလျှင် ပိုရှင်မှ နှစ်စု၊ ကျောင်းသူမှ သုံးစုဖြစ်သွားနိုင်သည်။ အရင်းမပျောက် မွေးတိုးဆိတ်များ အရွယ်ရောက်၍ ရောင်းချရငွေကို ငွေတစ်ဝက်စီခွဲယူစနစ်သည် အကောင်းဆုံးဖြစ်သည်။ (မူလဆိတ်မကြီး တစ်ကောင်သေလျှင် မွေးတိုးမှ အမတစ်ကောင် အစားထိုးခြင်းဖြစ်သည်။ ကျန်ဆိတ်များကို ရောင်းချပြီး ငွေခွဲစနစ်ဖြစ်သည်။) စာရင်းငှားနှင့်ကျောင်းသည့်စနစ်လည်း အဆင်ပြေစေနိုင်သည်။

မည်သည့်နည်းဖြင့် မွေးသည်ဖြစ်စေ၊ အချိန်တိုအတွင်း အမြတ်အစွန်းသေချာရရှိနိုင်သော မွေးမြူရေးလုပ်ငန်းများတွင် ဆိတ်မွေးမြူရေးလုပ်ငန်းသည် စီးပွားရေးတွက်ခြေကိုက်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ သို့ဖြစ်၍ မြစိမ်းရောင်ကျေးရွာများတွင် အရင်းမပျောက် ဆိတ်မွေးဖက်စနစ်ဖြင့် မွေးမြူရေးဆောင်ရွက်နိုင်ရန် တင်ပြပါသည်။

ထန်းဇင်ကျေးရွာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်

နွားထိုးကြီး ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ထန်းဇင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲက မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆောက်လုပ်နေသော ထန်းဇင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျောင်းဆောင်သစ်သည် ၁၀၀ ×၃၀ ပေ အကျယ်၊ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ငွေကျပ်သိန်း ၃၆၀ ခန့် ကုန်ကျမည်ဖြစ်ပြီး အောင်ကြည်ဖြူကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်နေကြောင်း သိရသည်။

ယခုအခါတွင် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုသည် ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး မကြာမီကာလတွင် အလုံးစုံတည်ဆောက်ပြီးစီးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေးရာသို့ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ နွားထိုးကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ လိုက်ပါခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင် (မြင်းခြံ)

တောင်ဥက္ကလာပမြို့နယ်တွင် တီဘီရောဂါလူနာများရှာဖွေဖော်ထုတ်ကုသ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ တီဘီရောဂါလူနာများ ရှာဖွေဖော်ထုတ်ကုသ နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက် တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်မိုးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်က ၁၂ ရပ်ကွက် မာဃဓမ္မာရုံတွင် ဆေးဝါးကုသမှုများ ကို အခမဲ့ကုသဆောင်ရွက် လျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါအဖွဲ့သည် တောင်ဥက္ကလာမြို့နယ်အတွင်းရှိ ၁၀ ရပ်ကွက်၊ ၅ ရပ်ကွက်၊ ၁၃ ရပ်ကွက်၊ ၁၂ ရပ်ကွက်၊ ၇ ရပ်ကွက်များသို့ ကွင်းဆင်းကာ အခမဲ့ဓာတ်မှန်ရိုက်ပေးခြင်း၊ အခမဲ့သလိပ်စစ်ပေးခြင်းနှင့် အခမဲ့ အထွေထွေရောဂါ ဆေးဝါးကုသပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)

■

နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်

ဒီပဲယင်း ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၏ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီလ ၁ ရက် နံနက်ပိုင်းတွင် မကျီးစောက်ကျေးရွာ အုပ်စု ရောင်ခြည်ဦးစာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားကို ကျင်းပရခြင်းနှင့်ပတ်သတ်၍ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း (၆၆/၆)တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းများက ကျေးလက်နေပြည်သူများအား အချိန်နှင့်ငွေကြေးသက်သာ လွယ်ကူလျင်မြန်စေရန်အတွက် ကျေးရွာများအရောက်ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အောင်လင်း(ပြန်/ဆက်)

စာပေဟောပြောပွဲကျင်းပမည်

သုံးခွ ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး (တောင်ပိုင်းခရိုင်) သုံးခွမြို့ အမှတ်(၁၁) ရပ်ကွက်ရှိမဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး၌ ၂၀၁၅ ခုနှစ် သုံးခွမြို့ စာပေချစ်မြတ်နိုးသူများ စီစဉ်သော ဗိုလ်ချုပ်နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၄ရက်နှင့် ၅ ရက်တို့တွင် ညစဉ် ၇နာရီ၌ ဟောပြောမည်ဖြစ်ပါသည်။ ဟောပြောမည့်သူများမှာ စာရေးဆရာမ ဂျူး၊ ဆရာမောင်သာချို၊ ဆရာအော်ပီကျယ်၊ ဆရာချစ်ဦးညိုတို့က ဟောပြောမည်ဖြစ်ပြီး စာပေ ချစ်မြတ်နိုးသူ စာပေဝါသနာရှင်များ တက်ရောက်နိုင်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ထားဝယ်အ.ထ.က(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ထားဝယ် ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေး ၂၀၁၅ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းစုဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးထွန်းရီက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ဦးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဟိုပင်က ဆက်လက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မိဘဆရာအသင်းအတွင်းရေးမှူး ဒေါ်မေမေစိန်က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားရှင်းလင်းပြီး မိဘဆရာအသင်းအမှုဆောင်သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။

အခမ်းအနားကိုဆက်လက်ကျင်းပရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကဏ္ဍအလိုက် ထူးချွန်ဆုရရှိသူ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တိုင်းပညာရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးထွန်းရီ၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူအသီးသီးက ဆုများချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူကလေးများက အကပဒေသာဖြင့် ဖျော်ဖြေညှော့ခံခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးထွန်းရီ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ဦးနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ငှက်ပျောကျွန်းကျေးရွာ ကျောင်းအား အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်

ညောင်တုန်း၊ ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ငှက်ပျောကျွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အမှတ်(၁)အခြေခံပညာဦးစီးဌာန ငှက်ပျောကျွန်းကျေးရွာအထက်တန်းကျောင်း(ခွဲ)ဆိုင်းဘုတ်အား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်းမှ စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

ကိုရဲ(ညောင်တုန်း)

အာဟာရဖွံ့ဖြိုးရေးနှင့် ဉာဏ်ရည်ဉာဏ်သွေး မြင့်မားရေးအတွက် အာဟာရကျွေးမွေး

ဇင်းကျိုက် ဖေဖော်ဝါရီ ၃

ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ဖလပ်ရပ်ကွက် နယ်မြေ (၂) ဘူတာရပ် အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖွံ့ဖြိုးရေးနှင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားရေးအတွက် အာဟာရကျွေးမွေးခြင်းကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါကျောင်းတွင် ပညာသင်ကြားနေကြသော မူလတန်းကြိုကျောင်းသား၊ ကျောင်းသူ ၃၅ ဦး၊ မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၅၀ တို့အား ကျောင်းအုပ်ဆရာကြီးဦးမြင့်အောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ဖြည့်စွက်အာဟာရအဖြစ် ကြက်သားကြာဆံချက်တို့ကို ကျွေးမွေးခဲ့ကြသည်။

ယခုကဲ့သို့ ဇင်းကျိုက်မြို့ ဖလပ်ရပ်ကွက် နယ်မြေ (၂) ဘူတာရပ် အခြေခံပညာမူလတန်းကျောင်းတွင် ပညာသင်ကြားနေကြသော မူလတန်းကြိုကျောင်းသားများအား ကျောင်းဖွင့်ရာသီကာလတွင် (၄) ကြိမ်မြောက် အာဟာရကျွေးမွေးခြင်းဖြစ်ကြောင်း သိရသည်။

နေခြည်(ဇင်းကျိုက်)

တောင်သူပညာပေး ဆောင်းနေကြာ ကွင်းသရုပ်ပြပွဲ မလှိုင်မြို့၌ ကျင်းပ

မလှိုင် ဖေဖော်ဝါရီ ၃

မလှိုင်မြို့နယ် အတွင်းရှိREVEAL စီမံကိန်းဝင်ကျေးရွာများမှ ဒေသခံတောင်သူများ စိုက်ပျိုးရေးအသိပညာတိုးတက်လာစေရန်နှင့် လက်တွေ့စိုက်ပျိုးလုပ်ကိုင်ထားရှိမှုများကို တောင်သူများ ကိုယ်တိုင်သိရှိနားလည်စေရန်ရည်ရွယ်၍ တောင်သူပညာပေး ဆောင်းနေကြာ ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၃၁ ရက်က မလှိုင်မြို့ မြို့မရှေ့တန်းနယ်မြေ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါနေ့က မြို့မရှေ့တန်းနယ်မြေရှိ ထန်းတောကျေးရွာ တောင်သူဦးကျော်သောင်း၏ယာမြေတွင် စိုက်ပျိုးထားသော ဆင်းရွှေကြာ (၃) ဆောင်းနေကြာစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို တောင်သူများအား လက်တွေ့ပြသခဲ့သည်။

REVEAL စီမံကိန်း မိတ်ဖက်ညှိနှိုင်းရေးမှူး ဦးအောင်မြင့်က ဆင်းရွှေကြာ(၃) ဆောင်းနေကြာ စိုက်ပျိုးထားရှိမှုကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုက ဆင်းရွှေကြာ (၃) ၏ အရည်အချင်းနှင့် မျိုးကောင်းမျိုးသန့်များကို သိပ္ပံနည်းကျ (GAP) စိုက်စနစ်များဖြင့် စိုက်ပျိုးထားရှိမှုကို ရှင်းလင်းပြောကြား ပြသခဲ့သည်။

ဆက်လက်၍ တောင်သူများသည် မလှိုင်မြို့ ဗဟိုစိုက်ပျိုးရေးခြံသို့ သွားရောက်လေ့လာရာ ခြံတာဝန်ခံ ဦးစိုးနိုင်နှင့် ဒုတိယဦးစီးမှူး ဒေါ်စန်းလဲ့ဝင်းတို့က နေကြာမျိုးသစ်နှစ်မျိုးနှင့် ရေဆင်း(၁) စပ်မျိုးနေကြာမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှုနှင့် စားဖိုဆောင်သီးနှံ တစ်ပိုင်တစ်နိုင်စိုက်ခင်းများအကြောင်းကို ရှင်းလင်းပြောကြားသည် ။

ယင်းအပြင် REVEAL စီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တက်ရောက်လာသော တောင်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကိုလည်း တာဝန်ရှိသူများက ဖြေကြားပေးခဲ့သည်။ တောင်သူပညာပေးကွင်းသရုပ်ပြပွဲသို့ REVEAL စီမံကိန်းဝင်ကျေးရွာများမှ တောင်သူများနှင့် ဒေသခံတောင်သူ စုစုပေါင်း ၇၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

ဆိုလာမီးများရရှိခဲ့သည့် တောင်တွင်းကြီးမြို့နယ် တလုပ်ပင်ကျေးရွာ၌ လျှပ်စစ်မီးရရှိပြီ

တောင်တွင်းကြီး၊ ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တလုပ်ပင်ကျေးရွာ လျှပ်စစ်မီးလင်းရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်း ၂၀၇ စုံအား ပေးအပ်လှူဒါန်းခဲ့ပြီး ကျေးရွာလုံးကျွတ်မီးလင်းရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်က တလုပ်ပင်ကျေးရွာ၌ လျှပ်စစ်မီးများ ရရှိပြီဖြစ်ကြောင်း သိရသည်။

တလုပ်ပင်ကျေးရွာပြည်သူများက နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့အား ဒေသခံများကိုယ်စား ကျေးဇူးတင်ရှိကြောင်း ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြင့်က ပြောသည်။

ဒေသခံပြည်သူများအနေဖြင့် ယခင်က ဖယောင်းတိုင်မီးကိုသာ သုံးစွဲခဲ့ကြရာမှ ယခုအခါ လျှပ်စစ်မီးကိုအသုံးပြုရပြီဖြစ်၍ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံကျေးလက်ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေးများ တိုးတက်လာမည်ဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြင့်က ပြောခဲ့သည်။

နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့ကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ဝင်း

ပွင့်ဖြူမြို့နယ်တွင် စာပေချစ်သူများ၏ စာပေဟောပြောပွဲအခမ်းအနားကျင်းပ

ပွင့်ဖြူ ဖေဖော်ဝါရီ ၃

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် စာပေချစ်သူများ၏ စာပေဟောပြောပွဲအခမ်းအနားကို ပွင့်ဖြူမြို့ ပြည်လုံးချမ်းသာဘုရားကြီးကွင်း၌ ဇန်နဝါရီ ၃၁ ရက် ည ၇ နာရီခွဲမှ ၁၀ နာရီခွဲ ထိကျင်းပခဲ့သည်။

စာရေးဆရာကြီးများဖြစ်သော မနုဿကျော်ဝင်း၊ ကျော်ကျော်လှိုင်၊ ချစ်နိုင်(စိတ်ပညာ)တို့က ဟောပြောကြရာတွင် ဆရာမနုဿကျော်ဝင်းက အသုံးချတတ်ပါစေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကျော်ကျော်လှိုင်က နိုင်ငံကြီးသားစိတ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ) က ကံကောင်းခြင်းလက်ဆောင် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြပြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ စာပေချစ်သူများအား စာပေအမြိုက်ကို တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

မေသန္တာအောင်(ပြန်/ဆက်)

သုံးခွမြို့နယ်တွင် ကျေးလက်လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၁/၂၀၁၅) ဖွင့်လှစ်

သုံးခွ ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး (တောင်ပိုင်းခရိုင်) သုံးခွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၁ နာရီတွင် ရွာသစ်ကျေးရွာအုပ်စု မကျီးပေါက်ကန်ကျေးရွာ၌ ကျေးလက်လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၁၅) ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပေါ်ပေါက်လာပုံ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ လမ်း၊ တံတား၊ ရေနှင့် မီးလင်းရေး ဘာသာရပ်များကို သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချို၊ ဒုဦးစီးမှူး ဦးစိုးကျော်သူနှင့် ရုံးအဖွဲ့ဝန်ထမ်းများက သင်ကြားပို့ချခဲ့ကြောင်းသိရသည်။

ယင်းသင်တန်းကို ဇန်နဝါရီ ၂၅ မှ ၂၇ ထိ သုံးရက် ပို့ချခဲ့ကာ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

အတွေးအမြင်ဆောင်းပါး

ကျွန်တော်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ

à arnifd;fuEAwD

ပြီးခဲ့သည့်ဒီဇင်ဘာလကုန်ပိုင်းက ကျွန်တော်သည် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်း ဘိုးဘွား ရိပ်သာကြီးသို့ ဖျော်ဖြေရေးကိစ္စဖြင့် ရောက်ရှိခဲ့သည်။ ကျွန်တော်တို့တီးဝိုင်းအဖွဲ့က လိုအပ်သည့် အချိန်ထက် အတန်ငယ်စောနေသေးသဖြင့်ရောက်တုန်းရောက်ခိုက်ဘိုးဘွားများနေ့စဉ်မည်သို့မည်ပုံနေထိုင်စားသောက်ကြပုံကို တစေ့တစောင်း အနီးကပ်လေ့လာကြည့်မိသည်။ ကျွန်တော်ဘိုးဘွားရိပ်သာကို စိတ်ဝင်စားနေကြောင်း သိကြသည့်အတွက် အမှုဆောင်အဖွဲ့က ကျွန်တော့်အား အဘိုးအဘွားများနှင့်တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်းခွင့်ပြုသဖြင့် အတိုင်းထက်အလွန်ဖြစ်ခဲ့ရပါသည်။

မူလက ကျွန်တော်တို့ ထင်ထား၊ ကြားထားခဲ့သည်မှာ ဤရိပ်သာသို့ ခိုလှုံရောက်ရှိလာသူတိုင်းသည် သားသမီးအထောက်အခံလုံးဝမရှိသူ၊ ရှိပါသော်ငြားသားသမီးဆွေမျိုးများ၏ ပြုပြင်ပစ်ပယ်ထားမှုကိုခံကြရရှာသူ၊ အနေအစားချို့တဲ့၍ ခိုကိုးရာမဲ့သူများသာဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ အချို့ကဆိုလျှင် ဤရိပ်သာသည် လူတိုင်းခိုလှုံခွင့်မရ၊ ငွေကြေးအထုပ်အထည်ရှိမှ လက်ခံသည်ဟုပင် မကောင်းသတင်း လွင့်ကြသေးသည်။

တစ်ဦးတည်းသော သူကလည်း သွားလာမှု ခက်ခဲသော ဒေသများတွင် တာဝန်ကျ မိအိုဖအိုကိုလည်းအတူခေါ်ယူပြုစုစောင့်ရှောက်ထား၍မလွယ်ကူ။ ထို့ကြောင့်သင့်လျော်စိတ်ချရမည့်နေရာတွင် ထားခဲ့ရသူများက တချို့။

ကာယကံရှင် ကိုယ်တိုင်က နဂိုမူလပစ္စည်းဥစ္စာပြည့်စုံရာထူးဂုဏ်ရှိန်ဖြင့် အငြိမ်းစားယူပြီးနောက် ပင်စင်လစာပြည့်စုံစွာဖြင့် တိုက်တာအိမ်ရာတွင် နေထိုင်ရသော်လည်း

သို့သော် ဤရိပ်သာကြီးသည် လူမျိုးဘာသာမရွေး ခိုကိုးရာမဲ့သူ ဘိုးဘွားများအတွက် သိကြားနတ်များဖန်တီးပေးထားသည့် ဘုံဗိမာန်တစ်ခုအလား စားဝတ်နေရေး၊ ကျန်းမာရေးမှအစ ဘာတစ်ခုမှ ပူပန်ရန်မလို (ရိပ်သာအတွင်း ဆေးရုံကြီးကလည်း ဘိုးဘွားများအတွက် ခေတ်မီအဖိုးတန်ဆေးဝါးအပြည့်အစုံ အလှည့်ကျဝါရင့်ဆရာဝန်ကြီးများ အစုံအလင်။ ပြီးတော့ သုံးထပ်ဆေးရုံကြီးကသန့်ရှင်းသပ်ရပ်လှပါဘိ)။

ဤရိပ်သာသို့ ရောက်လာသူများမှာ အမျိုးမျိုးရှိ၏။ အများအားဖြင့် သားထောက်သမီးခံမရှိသူ တစ်ကိုယ်တည်းသမားများပါသည်။ သားဆိုးသမီးဆိုးများက မိဘအပေါ် အကြင်နာတရားနည်းပါးကင်းမဲ့ ရောက်လာရသူက တစ်မျိုး။

သားသမီးတစ်ဦးတစ်ယောက်တည်းသာရှိပြီး ယင်း

ခိုးကိုးရာမဲ့ကြရှာသော ဘဝနေဝင်ချိန် နီးကပ်နေသည့် ဘိုးဘွားများအနေဖြင့် ဤရိပ်သာတွင်ခိုလှုံလိုသူ များလာ . . . .

သားသမီးမြေးမြစ်သံယောဇဉ်ကိုဖြတ်တောက်ပယ်ဖျက်၍ ဘဝကူးကောင်းရန်အတွက်တရားဓမ္မရှာကြံလိုသူစသည်ဖြင့် အမျိုးမျိုး တွေ့ခဲ့ရပါသည်။

အမှုဆောင်အဖွဲ့အနေဖြင့် မည်သို့သော အခြေအနေမျိုးနှင့်ကြုံတွေ့နေကြရစေကာမူ အသက် (၇၀) ကျော် ခိုကိုးရာကင်းမဲ့သူ အကျင့်စာရိတ္တကောင်းမွန်ပြီး တရားဓမ္မကျင့်ကြံလိုသူ ဘိုးဘွားများအား အယုတ်အလတ်အမြတ်မရွေး လူမျိုးဘာသာ မခွဲခြား လက်ခံကျွေးမွေး စောင့်ရှောက်မည်သာဖြစ်ပါ၏။ သို့သော် ရိပ်သာစည်းကမ်း နှင့်အညီ လိုက်နာနေထိုင်ခြင်းမပြုနိုင်ပါက လုံးဝလက်ခံလိမ့်မည် မဟုတ်။

ဤရိပ်သာတွင် ခိုလှုံခွင့်ရကြသော ဘိုးဘွားများသည် နေ့စဉ်လေးကြိမ်အချိန်မှန်အစာ အာဟာရများ မှီဝဲရခြင်း၊ ကျန်းမာရေးဂရုပြုခံရခြင်း၊ သန့်ရှင်းသပ်ယပ်သော အိပ်ရာနေရာ၊ ရေချိုးခန်းအိမ်သာတို့ဖြင့် ပြည့်စုံသည့် အားလျော်စွာ အရပ်ရပ်စေတနာရှင်များ၏ ကူညီပံ့ပိုးမှုအလှူငွေကိုပါ တစ်ဦးချင်းမကြာခဏရတတ်ကြသည်ဖြစ်ရာ သူတို့လက်ဝယ်တွင်သုံးစွဲရန်၊ လှူဒါန်းရန်ငွေကြေးကလည်း ပြတ်လပ်လှသည်မရှိ။

တရားရှုမှတ်ချိန်၊ ဘုရားဝတ်တတ်ချိန်၊ ဆုတောင်းမေတ္တာပို့ အမျှပေးဝေခြင်းကို နေ့စဉ် ငါးကြိမ်သတ်မှတ်ထား၍ တရားဓမ္မဖြင့် မွေ့လျော်လိုသူတိုင်းအတွက်တန်ဖိုးမဖြတ်နိုင်သော ဂေဟာကြီးပင်။ ကျွန်တော်နှင့်အလုံစာရင်းစစ်ချုပ်ရုံးတွင် ရင်းရင်းနှီးနှီးလုပ်ဖော်ကိုင်ဖက်မိတ်ဆွေအဘိုး နှစ်ဦး၊ အဘွားတစ်ဦးကို ဤနေရာတွင် မမျှော်လင့်ဘဲ တွေ့ခဲ့ရ၍ ဝမ်းနည်းဝမ်းသာပင်ဖြစ်ခဲ့ရပါသည်။

ပြင်ပဘိုးဘွားများအဖို့ မိမိနှင့်သင့်လျော်ရာဓမ္မရိပ်သာအသီးသီးသို့ ဝင်လိုပါသော်ငြား ရိပ်သာဝင်ကြေးစားစရိတ်မှအစ ငွေကြေးနေရှိမှ ပြည့်စုံနိုင်ပါမည်။ ရိပ်သာစခန်းမှ ရက်စေ့၍နေအိမ်ရောက်လာပြန်လျှင်လည်း (ပုတီးကိုချ မြေးကိုမ မိုက်စအမယ်ကြီး)ဟူသော ဓမ္မကထိကတစ်ဦး ဟောကြားခဲ့သည့်အတိုင်း မြေးမြစ်တို့၏ ဝေယျာဝစ္စ ဈေးဝယ်၊ ထမင်းဟင်းချက်၊ မြေးကို ရေချိုးပုခက်လွှဲသိပ်၊ ကလေးကျောင်းပို့၊ ကျောင်းကြိုစသည့် ဗာဟီရအလုပ်များဖြင့် ရှုပ်ထွေးလှပါသည်။

ဤအခြေအနေမျိုးတွင် ခိုကိုးရာမဲ့ကြရှာသော ဘဝနေဝင်ချိန် နီးကပ်နေသည့် ဘိုးဘွားများအနေဖြင့် ဤရိပ်သာတွင် ခိုလှုံလိုသူက များလာပါသည်။ အချို့ဆိုလျှင် ဤရပ်သာကြီးတွင် ခိုလှုံပျော်မွေ့ကြပြီး ရိပ်သာဝန်ထမ်းများက တာဝန်ယူကိုယ်စားထုတ်ပေးသော သုံးလတစ်ကြိမ် ချွေးနဲစာပင်စင်လစာကလေးများ၊ စေတနာရှင်တို့ လှူဒါန်းထားသမျှသော ငွေကြေးကလေးများကို တစ်ဆင့်ပြန်လည်လှူဒါန်းကြပြီးကျေနပ်အားရနေကြပါသည်။

ထို့ပြင် ဘိုးဘွားများအနေဖြင့် သက်ဆိုင်ရာဆွေမျိုးသားချင်းများမှ တာဝန်ခံလာရောက်ခေါ်ဆောင်သူရှိပါက တစ်နှစ်လျှင် ၁၀ ရက် ဆွေမျိုးသားချင်းများထံသွားလာခွင့်ပေးထားသည့်အပြင် တွေ့လိုသူများကလည်း ဘိုးဘွားဆောင်ရှိ ဧည့်ခန်း၌လာရောက်တွေ့နိုင်ကြပါသည်။ နှစ်စဉ်ဒီဇင်ဘာလရောက်တိုင်း ရန်ကုန်မြို့တွင်းနှင့် သံလျင်-ကျောက်တန်း-ပဲခူးမြို့တို့ရှိတန်ဖိုးကြီးဘုရားများသို့ ငါးကြိမ်ဘုရားဖူးပို့ဆောင်ပေးသည့်အတွက် မပျော်သူတစ်ဦး တစ်ယောက်မှ မရှိသလောက်ပါ။

ဤရိပ်သာတွင် နှစ်ပေါင်း ၂၀ ကျော် ကြာနေထိုင်ခဲ့သူ အသက် (၁၀၀) ပြည့်တော့မည့် အဘိုးတစ်ဦး၊ အဘွားတစ်ဦးနှင့် အသက် (၉၀) ကျော် အဘွား ခြောက်ဦး၊ သူတို့အားလုံး သတိကောင်းကြပြီး သိလိုသမျှမေးသမျှကို မထစ်မငေ့ါဖြေနိုင်ကြပါသည်။

နိုင်ငံတော်အတွက်မရှိမဖြစ် လိုအပ်သောရိပ်သာကြီးအား ထိုထက်ပို၍ တိုးတက်လာစေရန် အရပ်ရပ်စေတနာရှင်များ၏ ပစ္စယာနုဂ္ဂဟဖြင့် ကူညီပံ့ပိုးမှုများလည်း လိုအပ်ပါပေဦးမည်။

သာစည်-မလှိုင်-တောင်သာ-မြင်းခြံ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်

မလှိုင် ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့ သာစည်-မြင်းခြံရထားလမ်းပိုင်းအင်ဂျင်နီယာမှူး (မြို့ပြ)တိုင်းအမှတ် (၁၁)ပုဂံ လက်အောက်ရှိ အငယ်တန်းအင်ဂျင်နီယာ (၂)သံလမ်းအဖွဲ့မှ မလှိုင်ဘူတာကြီးတွင် ဒေသခံပြင်ပ အလုပ်သမားများ သံလမ်းကျွမ်းကျင်အလုပ်သမားများနှင့် မလှိုင်ဘူတာရပ်ဝန်း အမှတ် (၁) လမ်း၊ အမှတ် (၂) လမ်းများကို သစ်သား ကွန်ဖာများအစား သံကူကွန်ကရစ် ဇလီဖားတုံးများ ၂၀၁၄-၂၀၁၅ ဘဏ္ဍာငွေ ဖြင့် အဆင့်မြှင့်တင် ကြံ့ခိုင်မှု လုပ်ငန်းများ အစားထိုးလဲလှယ်နေသည်ကို ဇန်နဝါရီ ၁၆ ရက်တွင် တွေ့မြင်ရသည်။

ယင်းကဲ့သို့ အလားတူ မိတ္ထီလာဘူတာ သံလမ်းအမှတ် (၁)လမ်း၊ အမှတ် (၂) လမ်း ရုံးစည်ဘူတာ အမှတ် (၁) လဘမ်း၊ အမှတ် (၂)လမ်း တောင်သာ ဘူတာ အမှတ် (၁)လမ်း၊ အမှတ်(၂) လမ်း၊ မြင်းခြံဘူတာ အမှတ် (၁) လမ်း၊ အမှတ် (၂) လမ်း၊ အမှတ် (၃)လမ်းကို၂၀၁၄-၂၀၁၅ ဘဏ္ဍာငွေများဖြင့် ရထားပို့ဆောင်ရေးဌာနမှ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု မြို့ပြဘူတာများဖြစ်သည့်အလျှောက် နှစ်စဉ်စီမံကိန်းများရေးဆွဲပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သက်တမ်းကုန်ဆုံးနေသော သစ်သားဇလီဖားတုံးများအစား သံကူကွန်ကရစ် ဇလီဖားတုံးများလဲလှယ်ဆောင်ရွက်ခြင်း၊ သံစပ်ညှိခြင်း၊ ပံရိုက်ခြင်း၊ ကျောက်သေးများ ညှပ်ထည့်ခြင်း၊ ရပ်ဝန်းဘူတာအဝင်အတွက် သံလမ်းပွိုင့်များ ပြင်ဆင်လဲလှယ်ခြင်း၊ ခရီးသွားပြည်သူများ ရထားမတော်တဆမှု မဖြစ်စေရေး၊ ရထားအချိန်မှန်စေရေးတို့အတွက် သာစည်-မြင်းခြံရထားလမ်းပိုင်းကြံ့ခိုင်မှု အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုအငယ်တန်းအင်ဂျင်နီယာ သံလမ်း(၂) ဦးတင်မောင်ဆွေအဖွဲ့ကဆောင်ရွက်ခဲ့သည်။

(မြထွန်း)

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကုသိုလ်လည်းရ ရာသီစာလည်းဖြစ်သော ထမနဲ(နှမ်းမနဲ)ထိုးပွဲများ အနယ်နယ်အရပ်ရပ်၌ ကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာသဒ္ဓမ္မသုခဓမ္မရိပ်သာဘုန်းတော်ကြီးကျောင်းတွင် အလှူရှင်များ တပျော်တပါးအားကျိုးမာန်တက် ထမင်းနဲထိုးကြစဉ်။(အဆိုပါကျောင်း၌ လမြတ်တပို့တွဲထမနဲပွဲနှင့်အတူ သတိပဋ္ဌာန်ဝိပဿနာ(၇)ရက်တရားစခန်းကိုလည်း ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းသိရသည်။) **(ကိုကိုနေ)**

မီးငြိမ်းသတ်နည်းသရုပ်ပြ

ပခုက္ကူ ဖေဖော်ဝါရီ ၃

ပခုက္ကူမြို့ အမှတ်(၁) မြို့မဈေးကြီးအတွင်း ဇန်နဝါရီ ၃၀ ရက် ညနေ၃ နာရီက ဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသားများ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ မီးငြိမ်းသတ်ယာဉ်လေးစီး၊ စည်ပင်ရေကားတစ်စီး၊ မိုဘိုင်းမီးသတ်စက်ယာဉ်ငယ်များ၊ မီးသတ်ဆေးဘူးများဖြင့်မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။

အောင်(မန်းတက္ကသိုလ်)

လျှပ်စစ်ဆိုလာမီးလင်းရေး ကွင်းဆင်းစစ်ဆေး

တွန်းဇံ ဖေဖော်ဝါရီ ၃

ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆိုလာမီးလင်းရေးလုပ်ငန်းကို ကြာအိုလင်ကျေးရွာ၊ ဒါလ်ခိုင်းကျေးရွာ၊ တွီးခိန်ဇန်ကျေးရွာ (က)+(ခ)နှင့် စိမ်းတူမ်း ကျေးရွာတို့တွင် ရာနှုန်းပြည့်တပ်ဆင်ပြီးစီးမှုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းက ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒါလ်ခိုင်းကျေးရွာမှဒေသခံတစ်ဦးက "ကျွန်တော်တို့ ကျေးလက်နေပြည်သူတွေကို နိုင်ငံတော်က အခုလို ကူညီပံ့ပိုးပေးတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေအပေါ် အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆိုလာမီး ၄၈၅ စုံကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်းနှင့် လူဦးရေ ၂၄၇၃ဦးအား အကျိုးပြုခဲ့ကြောင်း သိရသည်။ **ဇိုဟေဆာ**

သင့်သွေးဖြင့်
အသက်ကယ်ပါ

မီးဘေးသင့်အိမ်ထောင်စု ၃၃ စု အား အိမ်ဆောက် ပစ္စည်းများနှင့် မိသားစုသုံးပစ္စည်းများ လှူဒါန်း

ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မီးဘေးသင့် အိမ်ထောင်စုများသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှလှူဒါန်းသော မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများ၊ ဆောက်လုပ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် အလှူငွေများပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက် ဈေးဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဦးစီးမှူး ပထမတန်း ဦးမြင့်ငွေက ပစ္စည်းများလှူဒါန်းရခြင်းနှင့် အသုံးဝင်မှုတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မီးဘေးသင့်အိမ်ထောင်စု ၃၁ စုတို့ကို တန်ဖိုးရှိပစ္စည်းများ ပေးအပ်ခဲ့ရာ စုစုပေါင်းငွေကျပ် ၃၁သိန်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက် သုခကာရီလူမှုကူညီရေးအသင်းက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်၁၈၄၅၀ ဖြင့် အိမ်ထောင်စု ၃၁ စုအတွက် စုစုပေါင်းငွေကျပ် ၅၇၁၉၅၀ တို့ကိုလည်းကောင်း၊ ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက် ဦးတေဇာအောင် (အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် သွပ်အချပ် ၂၀ ဖြင့် သွပ် အချပ် ၆၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ ဒေသခံများကလည်း ဝါးအစရှိသော အိမ်ဆောက်ပစ္စည်းများအား ဝိုင်းဝန်းလှူဒါန်းခဲ့ကြသည်။

မင်းဇော်ဦး(ရေကြည်)

■

ကန့်ဘလူတွင်မြစိမ်းရောင်ကျေးရွာရန်ပုံငွေပေးအပ်

ကန့်ဘလူ ဖေဖော်ဝါရီ ၃

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေးနှင့် ဆင်းရဲမှုလျှော့ချစေရန်ရည်ရွယ်၍ မြစိမ်းရောင်စီမံကိန်းကို တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာရန်ပုံငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်တို့က မြစိမ်းရောင်ကျေးရွာရန်ပုံငွေဆိုသည်မှာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြစ်ကြောင်း၊ ကော်မတီအဆင့်ဆင့်ဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် တစ်ဦးချင်းဝင်ငွေတိုးတက်၍ တစ်ရွာလုံးဖွံ့ဖြိုးရေးကိုဆောင်ရွက်နိုင်ပြီး ဆင်းရဲမှုရာခိုင်နှုန်းကို လျှော့ချနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက်မြို့နယ်ဦးစီးဌာနမှူး မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ကိုပေးအပ်ရာ လက်ခုပ်ပင်ကျေးရွာ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိန်နိုင်က လက်ခံရယူပြီး ရန်ပုံငွေ ကြီးကြပ်မှုကော်မတီနာယက ဦးလှထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၆၄၀၀ ကျော်ရှိရာ အတိုးနှုန်းသက်သာစွာဖြင့် အရင်းမပျောက်လည်ပတ်နိုင်ရေး ကျေးလက်နေပြည်သူများကို ဦးတည်ဆောင်ရွက်သောစီမံကိန်းဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

■

စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲ ပြုလုပ်

ပဲခူး ဖေဖော်ဝါရီ ၃

ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝမ်းဘဲအင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ စိုက်ပျိုးရေး ပညာပေးဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်ငူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်စန်းစန်းမာနှင့် ဒေသခံတောင်သူများ၊ ကျေးရွာအုပ်ချုပ် ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များ တက်ရောက်ခဲ့ကြ ကြောင်းသိရသည်။

စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တောင်ငူ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်စန်းစန်းမာက စိုက်ပျိုးနည်း၊ ဓာတ်မြေဩဇာသုံးစွဲနည်း၊ ပိုးမွှားနှိမ်နင်းခြင်း၊ သဘာဝပိုးသတ်ဆေး၊ မြေဩဇာအား ဓာတ်ခွဲတွေ့ရှိချက်၊ မြေချဉ်ငန်ဓာတ်လွန်ကဲမှုများ၊ မြေပြုပြင်နည်းများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယပါမောက္ခချုပ်က ပြန်လည်ရှင်းလင်းဖြေကြားပြီး ပေါင်းနှိုးကိရိယာကို ပေးအပ်လှူဒါန်းရာ တောင်သူများကိုယ်စား ဒေသခံတစ်ဦးက လက်ခံခဲ့သည်။

တင်စိုး(ပဲခူး)

တာချီလိတ်ခရိုင်၌ အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံး ဖွင့်လှစ်

တာချီလိတ် ဇန်နဝါရီ ၃

တာချီလိတ်ခရိုင်အတွင်းရှိ အာခါတိုင်းရင်းသားလူမျိုးစုတို့၏ ဖွံ့ဖြိုးရေးကို ပိုမိုဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တာချီလိတ်မြို့ ဝိန်းကျောက်ရပ် အာခါဈေးလမ်းတွင် အာခါစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက ဦးအာဇီနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တာချီလိတ်အာခါစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးလောတာက ကျေးဇူးတင်စကားပြောကြားပြီး ပြခန်းကိုလှည့်လည်ကြည့်ရှုခဲ့သည်။

အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံး အလျား ၆၃ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၂၇ ပေရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံသစ်ဆောက်လုပ်ရန် ၂၀၁၂ ခုနှစ်မတ်၁၇ ရက်တွင်စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့သည်။

ယင်းသို့ဆောက်လုပ်ရာတွင် တာချီလိတ်ခရိုင်အတွင်းရှိ အာခါတိုင်းရင်းသားမိသားစုများမှ တစ်အိမ်ထောင်လျှင် ထိုင်းနိုင်ငံသုံးဘတ်ငွေ ၁၀၀ ပါဝင်လှူဒါန်းခဲ့ရာ စုစုပေါင်းကုန်ကျငွေဘတ် ၂၆ သိန်းကုန်ကျခံဆောက်လုပ်ခဲ့ကြောင်း သိရသည်။

တာချီလိတ်ခရိုင်တွင် အာခါတိုင်းရင်းသားများနေထိုင်ကြသော တောင်ပေါ်၊ မြေပြန့် ရွာကြီး၊ ရွာငယ်ပေါင်း ၁၃၅ ရွာနှင့် လူဦးရေ ၃၀၀၀၀ ခန့်နေထိုင်ပြီး အဆိုပါတာချီလိတ် အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က ကျိုင်းတုံမြို့ အာခါစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီအဖွဲ့က လာရောက်ဖွဲ့စည်းခဲ့ပြီး အာခါဈေးပိုင်ရှင် ဦးအာဇီးမိသားစုက တာချီလိတ်အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့သို့ မြေကွက်သုည ဒသမ ၀၈၇ ဧကကို ပေးလှူခဲ့သည်။

မော်ကြီး(တြိဂံနယ်မြေ)

မူလတန်းလွန်ကျောင်း ရေလောင်းအိမ်သာနှင့် စာသင်ခုံများ အုန်းဒုတ်ကျေးရွာ၌ ပြုလုပ်ပြီးစီး

မော်လူး ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုန်းဒုတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် လိုအပ်နေသည့် ရေလောင်းအိမ်သာနှင့် စာသင်ခုံများအတွက် နိုဝင်ဘာ ၂ ရက်က မွေးမြူရေးနှင့် ရေလုပ်ငန်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ငွေကျပ် ၁၇ သိန်းအား ပံ့ပိုးကူညီပေးမှုဖြင့် ဆောက်လုပ်ခဲ့သော ရေလောင်းအိမ်သာနှင့် စာသင်ခုံများ ပြုလုပ်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေလောင်းအိမ်သာနှင့် စာသင်ခုံများ ပြုလုပ်ပြီးစီးမှုကို အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးမင်းစိုးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်းတို့က ဇန်နဝါရီ ၃၀ ရက်က လာရောက် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်းသိရသည်။

(၆၈၅)

ဆူးရစ်တန်းနှင့် သဘွတ်ကုန်းကျေးရွာများ၏သောက်သုံးရေအတွက် ချောင်းအား ကန်အဖြစ် တူးဖော်ပေးစေလို

မိတ္ထီလာ ဖေဖော်ဝါရီ ၃

မိတ္ထီလာမြို့နယ် ဇရပ်ကုန်းအုပ်စုအတွင်းရှိ ဆူးရစ်တန်းနှင့် သဘွတ်ကုန်းကျေးရွာများမှ ဒေသခံပြည်သူများနှင့် တိရစ္ဆာန်များ သောက်သုံးရေအလွန်ရှားပါးခက်ခဲလျက်ရှိကြောင်း သိရသည်။

ဆူးရစ်တန်းကျေးရွာတွင် အိမ်ခြေ ၈၉ အိမ်၊ လူဦးရေ ၆၀၀ ကျော်၊ တိရစ္ဆာန် ၆၀၀၀ ခန့်နှင့် သဘွတ်ကုန်းကျေးရွာတွင် အိမ်ခြေ ၆၅ အိမ်၊ လူဦးရေ ၄၀၀ ကျော်၊ တိရစ္ဆာန် ၄၅၀၀ ကျော် နေထိုင်လျက်ရှိပြီး ကျေးရွာနှစ်ရွာကြားရှိ အနက်ပေ ၅၀၊ အကျယ်ပေ၁၀၀၊ ရေဆင်း ဧရိယာ နှစ်မိုင်ပတ်လည်၊ ရေဝပ်ဧရိယာ ဧက ၅၀ ခန့်ရှိချောင်းအား ကျေးရွာသောက်သုံးရေကန်၊ ဆည်အဖြစ် တူးဖော်တည်ဆောက်ပေးပါက ဒေသခံပြည်သူများနှင့် တိရစ္ဆာန်များ သောက်သုံးရေအတွက် အဆင်ပြေသွားမည်ဖြစ်သည့်အပြင် လယ်ဧက ၁၀၀ အတွက် စိုက်ပျိုးရေအတွက် အဆင်ပြေမည်ဖြစ်ကြောင်း ဒေသခံများကပြောသည်။

အဆိုပါ သောက်သုံးရေကန်တည်ဆောက်မည့် ကွင်းအမှတ် ၈၀၂၊ ၈၀၃၊ ၈၀၄ အတွင်းရှိ ဆည်၊ ကန်ဧရိယာနှင့် မလွတ်ကင်းသော လယ်မြေပိုင်ဆိုင်သည့် တောင်သူနှစ်ဦးကလည်း လှူဒါန်းရန် သဘောတူညီမှုရရှိထားပါသဖြင့် ဒေသခံပြည်သူများနှင့် တိရစ္ဆာန်များ သောက်သုံးရေအဆင်ပြေစေရန် သောက်သုံးရေကန်၊ ဆည်အဖြစ် တူးဖော်တည်ဆောက်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်

ကျေးလက်စာကြည့်တိုက်များအတွက် စာစောင်များ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) နှင့် နာယက ဒုရဲမှူးထိန်ဝင်း(ငြိမ်း)တို့ ဦးဆောင်သော သတင်းစာဆရာများလေ့လာရေးအဖွဲ့သည် ပုဂံညောင်ဦးမြို့နယ်သို့ ရောက်ရှိပြီး ညောင်ဦးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ(ဗိုလ်ချိုမြေး)နှင့် ညောင်ဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဇာဇာနွယ်တို့ထံ ကျေးလက်စာကြည့်တိုက်များတွင် အသုံးပြုရန်အတွက် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် တန်ဖိုးငွေကျပ် သုံးသိန်းဖိုးခန့်ကို ဖေဖော်ဝါရီ ၁ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဦးခေါင်းနှစ်ဖက်ပါသော မီးသတ်ကားကို တရုတ်နိုင်ငံ နန်ကျင်းမြို့တွင် အသုံးပြုနေကြောင်း China.com တွင် ဖော်ပြထားသည်။ ယင်းကားကို ဩစတြေးလျနိုင်ငံမှ တင်သွင်းထားပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ သန်းတန်ဖိုးရှိသည်။ ယင်းကားသည် နန်ကျင်းမြို့တွင်တစ်ခုတည်းသော ဦးခေါင်းနှစ်ဖက်ပါသည့် မီးသတ်ကားဖြစ်သည်။ ယင်းသို့ ဦးခေါင်း နှစ်ဖက်ပါသောကြောင့် မိမိသွားလိုသည့်အရပ်သို့ ကားကို ပြန်လှည့်စရာမလိုဘဲ ဦးတည်ရာသို့ လျင်လျင်မြန်မြန်သွားနိုင်သောကြောင့် မီးသတ်လုပ်ငန်းအတွက် များစွာ အကျိုးရှိသည်။

ယူဟန်သုတေသန အင်စတီကျူမှပေးအပ်သော အကောင်းဆုံးစမတ်စ်ဖုန်းဆု Huawei Mate 7 ရရှိ

Huawei ၏ စမတ်ဖုန်း Mate 7 သည်ရှန်ဟိုင်း၌ပြုလုပ်သော Huran သုတေသန အင်စတီကျူ၏ (၁၁) ကြိမ်မြောက် 'Best of the Best" ဆုပေးပွဲအခမ်းအနားတွင် အကောင်းဆုံး စမတ်ဖုန်းဆု (Smartphone Best New Arrival) ကိုရရှိခဲ့ကြောင်း huawei.com တွင် ဖော်ပြထားသည်။

ယင်း Huawei Mate 7 ဖုန်းများသည် ၎င်းဖုန်းများကို ဈေးကွက်တွင် စတင်ဖြန့်ချိခဲ့သော ၂၀၁၄ စက်တင်ဘာလအတွင်း၌ပင် အလုံးရေ နှစ်သန်းကျော်ရောင်းချခဲ့ရပြီး ကမ္ဘာတစ်ဝန်းက ၎င်းဖုန်းများ၏ အရည်အသွေးကို အသိအမှတ်ပြုခဲ့ကြကြောင်း Huawei စီးပွားရေးအုပ်စု၏ ဟန်းဆက်ထုတ်လုပ်မှုအပိုင်းမှ ဥက္ကဋ္ဌ မစ္စတာ ကင်ဗင်ဟိုက ပြောခဲ့သည်။

Huawei Mate 7 မျက်နှာပြင်သည် ခြောက်လက်မကျယ်ပြီး ၇ ဒသမ ၉ မီလီမီတာအထူရှိသည်။ ဓာတ်ပုံနှင့် ဗီဒီယိုများကို ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်ရန် FHDဒစ်ပလေးကို အသုံးပြုထားသည်။ ၎င်းသည် Huawei ၏ single-touch လက်ဗွေနည်းပညာကို အသုံးပြုထုတ်လုပ်ထားသည့် စမတ်ဖုန်းလည်းဖြစ်သည်။

၎င်းဖုန်းများသည် စတင်စမ်းသပ်ရောင်းချသည့် အချိန်မှစ၍ ယင်း၏ ထူးခြားသည့်ဒီဇိုင်းနှင့်လက္ခဏာရပ်များကြောင့် ပြည်တွင်းမီဒီယာများသာမက ပြည်ပမီဒီယာများ၏ စက်မှုပိုင်းဆိုင်ရာ အသိအမှတ်ပြုခြင်းခံရသည်။ ထို့ပြင် ခရစ္စတီရာနိုရော်နယ်ဒိုကဲ့သို့သော နိုင်ငံကျော်ပုဂ္ဂိုလ်များ၏ ထောက်ခံအားပေးမှုကိုလည်း ရရှိထားသည်။

ခင်ခင်သက် – စုစည်းသည်။

တရုတ်နိုင်ငံက ပုံနှိပ်လုပ်ငန်းတွင် 3D နည်းပညာ အသုံးပြု၍ ပြောင်းထုတ်လုပ်ရန် အဆင်သင့်ဖြစ်နေပြီဟုဆို

တရုတ်နိုင်ငံ၏ နည်းပညာတိုးတက်မှုတစ်ရပ်အနေဖြင့် ပထမဆုံး 3D နည်းပညာသုံး၍ ပုံနှိပ်ပေးနိုင်သော ပုံနှိပ်စက်အလုံး ၁၀၀ ကို တီထွင်ခဲ့ပြီး ယင်းစက်များကို တရုတ်နိုင်ငံတောင်ပိုင်း ချင်းရှန်မြို့တွင်ကျင်းပခဲ့သော စက်မှု ပြပွဲတွင် ပြသခဲ့ကြောင်း China Daily သတင်းစာတွင် ဖော်ပြခဲ့သည်။

၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံက ၎င်းစက်များ၏ သုံးဆဖြစ်သော အလုံး ၃၀၀ကို ထုတ်လုပ်သွားမည်ဖြစ်ပြီး ချင်းရှန်မြို့၏ ဦးဆောင်မှုဖြင့် ဝူဟန်နှင့် ဇုဟိုင်းမြို့များကလည်း အလားတူ 3Dနည်းပညာသုံးပုံနှိပ်စက်ရုံများ တည်ထောင်သွားရန် အစီအစဉ်ရှိကြောင်း ကြေညာခဲ့သည်။

အာရှပစိဖိတ်ဒေသတွင်းရှိ အခြားသော နိုင်ငံများကလည်း တရုတ်နိုင်ငံ၏ တစ်ဟုန်ထိုးတိုးတက်လာသော နည်းပညာများအပေါ် အာရုံစိုက်လျက်ရှိသည်။

နောင်လာမည့် ငါးနှစ်အတွင်း စင်ကာပူနိုင်ငံသည် 3D နည်းပညာသုံး ပုံနှိပ်လုပ်ငန်းကဲ့သို့သော နည်းပညာတိုးတက်မှုအတွက် အမေရိကန်ဒေါ်လာသန်း ၅၀၀ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်။

ဂျပန်ကုမ္ပဏီများကလည်း သူတို့၏ ဈေးနှုန်းသင့်တင့်သော 3D နည်းပညာသုံး ပုံနှိပ်စက်များအတွက် ဈေးကွက်များ ရှာဖွေလျက်ရှိပြီး တောင်ကိုရီးယားကုမ္ပဏီကြီးများကလည်း ယင်းနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသည်။

"3D နည်းပညာသုံး ပုံနှိပ်လုပ်ငန်းတွေကို ၁၉၈၀ ပြည့်နှစ်တွေကတည်းက စခဲ့တာလို့ ပြောရမယ်။ အဲဒီနောက် အများအပြားထုတ်လုပ်နိုင်တဲ့အထိ ပြောင်းလဲခဲ့ထွင်ထုတ်လုပ်လာခဲ့တာ ဒီနေ့အထိပဲ"ဟု ဟောင်ကောင်ရှိ Baker & Mckenzie's ကုမ္ပဏီ ဥက္ကဋ္ဌ မာရီရာ စမစ်သ်က ပြောသည်။ ဆက်လက်၍ သူက "ဒီလုပ်ငန်းက လျင်လျင်မြန်မြန်ကြီးတိုးတက်လာတာ၊ ၂၀၁၃ ခုနှစ်တုန်းက ဒီလုပ်ငန်းရဲ့ ဈေးကွက်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ လောက်ရှိတယ်လို့ ခန့်မှန်းခဲ့ကြတယ်။ ၂၀၁၈ ကျရင်တော့ ၁၆ ဒသမ ၂ ဘီလီယံ လောက်ရှိလာနိုင်တယ်" ဟု ပြောခဲ့သည်။

ထို့အပြင် 3D Printing ပညာရပ်များကို ကားများ၊အဆောက်အအုံများ၊ သေနတ်များနှင့် လူ၏ခန္ဓာကိုယ် အစိတ်အပိုင်းအတုများပြုလုပ်သော လုပ်ငန်းများတွင်လည်း အသုံးပြုလျက်ရှိကြောင်းလည်း စမစ်သ်က ပြောခဲ့သည်။

မွေးမိခင် သေဆုံးမှု လျှော့ချရေးအတွက် ပခုက္ကူသားဖွားဆရာမသင်တန်း ဖွင့်လှစ်

ပခုက္ကူ ဖေဖော်ဝါရီ ၃

ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အရန် သားဖွားဆရာမသင်တန်း (၁/၂၀၁၅) ကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးဇော်မိုးသိန်း မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးဒေါက်တာခင်မေသွင်နှင့် အရန်သားဖွားဆရာမ သင်တန်းသူ ၄၅ ဦးတို့တက်ရောက်ခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်ခိုင်က အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီးဒေါက်တာ ခင်မေသွင်က ငါးနှစ်အောက်ကလေးသေဆုံးမှုလျှော့ချရေး၊ မွေးမိခင်သေဆုံးမှု လျှော့ချရေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအဟာရပြည့်ဝစွာရရှိရေးကို ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အလားတူ ချင်းပြည်နယ်မှ အရန်သားဖွားဆရာမ ၇၀ ကို သင်တန်းပို့ချပေးရန်ရှိပါကြောင်း၊ လူတစ်ယောက်၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ ဇီဝကမ္မပိုင်း ဆိုင်ရာများ၊ ဆေးဝါးကုသခြင်း၊ မွေးဖွားခြင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းစသည်တို့ကိုသင်ကြားပို့ချမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အောင်(မန်းတက္ကသိုလ်)

သုံးခွမြို့၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း 160KVA ထရန်စဖော်မာ ခြောက်လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သီဟနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ နောက်ဆုံး ခြောက်လုံးမြောက် ထရန်စဖော်မာကို ဇန်နဝါရီ ၃၁ ရက်က သုံးခွမြို့အမှတ်(၉)ရပ်ကွက် ဗန္ဓုလလမ်းနှင့် ဗန္ဓုလလမ်းသွယ်ထောင့်၌ 160 KVA ထရမ်စဖော်မာကို တပ်ဆင်ပေးခဲ့ပြီး ဓာတ်အားပို့လွှတ်ပေးခဲ့ကြောင်း သိရသည်။

ကြည်စိုးလွင်(သုံးခွ)

အသက်(၁၀၀)နှင့်အထက်အဘိုးအဘွားများအားထောက်ပံ့ငွေပေးအပ်

မြင်းခြံ ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်တွင် အသက်(၁၀၀)နှင့်အထက် အဘိုးအဘွားများအား နိုင်ငံတော်သမ္မတ၏ထောက်ပံ့ငွေကျပ်နှစ်သိန်းပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ရက် နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် မြို့မိမြို့ဖများက အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့သည် ။

နိုင်ငံတော်သမ္မတမှ အသက်(၁၀၀)နှင့် အထက် အဘိုးအဘွားတစ်ဦးလျှင်ထောက်ပံ့ငွေကျပ်နှစ်သိန်းနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ခင်သန်းမြင့်တို့က ငွေကျပ်သုံးသောင်းစီ၊ မြို့မိမြို့ဖများက အဝတ်အစားများနှင့်အာဟာရဖြစ်စေသော အိုဗာတင်းဘူးများကို ပေးအပ်ခဲ့သည်။ မြင်းခြံမြို့နယ်တွင် အသက်(၁၀၀)နှင့်အထက် အဘိုးတစ်ဦးနှင့်အဘွားခြောက်ဦးတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည် ။

ဇော်မင်းနိုင်(မြင်းခြံ)

နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကျင်းပ

ကျွန်းလှ ဖေဖော်ဝါရီ ၃

ကျွန်းလှမြို့၌ မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက် ညနေ၄နာရီက အထက ကျွန်းလှခန်းမ၌ ကျင်းပကြောင်းသိရသည်။

